www.burmeseclassic.com

ရွှေပဒေသာစာပေ

# ဥက္ကာကျနေသော

# ဂိုဏ်းကြီးခွင့်လွှတ်ပါ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ◆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ◆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ◆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ◆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ◆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ◆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ◆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ◆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ◆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ◆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ◆ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ◆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဥတ္တရဓေမ



# ငရဲ မင်း ကြီး ခွင့် လွှတ် ပါ

www.burmeseclassic.com

www.burmeseclassic.com

ငရဲမင်းကြီးခွင့်လွှတ်ပါ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၂၅၀၂၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၈၉၀၆၀၈

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၈၊ ဩဂုတ်လ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၁/၃၃၊ ၅၃ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

တန်ဖိုး - ၁၂၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်



## ၁။ အိပ်မက်ပေး၍ နှုတ်ဆက်သူ

“ကလင် ကလင် ... ကလင် ကလင် ... ကလင်”

နာရီနှိုးစက်ကလေးမှ ထွက်လာသောအသံသည် နှင်းကေသရီ၏ မျက်လုံးများကို ဖျတ်ခနဲ ပွင့်လာစေသည်။

မနက် သုံးနာရီခွဲ ထပြီး စာကျက်ရန်အတွက် နှိုးစက်ပေးထားခြင်း ဖြစ်သည်။

တကယ်တမ်း နာရီနှိုးစက်ကလေးက အချိန်မှန် အော်မြည်၍ နှိုးပေးပြန်တော့လည်း အိပ်ရာက မထချင်သေး။

www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုကလည်း အရမ်းအေးချမ်းနေသည်ဆိုတော့ နှီးစက်ကလေးပိတ်ကာ နောက်ထပ် တစ်နာရီလောက် အိပ်ရာထဲ ကွေးနေလိုက်ဦးမည် စိတ်ကူးကာ အိပ်ရာက မထဖြစ်။

"ချလွင် ချလွင် ... ချလွင် ချလွင် ... ချလွင် ..."

နားထဲမှ တစ်စုံတစ်ရာ လှုပ်မြည်သောအသံ ကြား၏။

ဒါပေမဲ့ ...

ထ,မကြည့်ဖြစ်ပေ။

မျက်လုံးတွေ အရမ်းလေးနေသည်။

ကမ္ဘာပေါ်မှာ အလေးဆုံးသော အရာသည် မျက်ခွံပဲ ဖြစ်မည်ဟု ထင်မိ၏။

"ချလွင် ချလွင် ... ချလွင် ချလွင် ... ချလွင် ..."

ခြံစည်းရိုးတွင် မြည်သော ခေါင်းလောင်းလေးသည် တစ်စုံတစ်ရာ တိုးဝှေ့နေသောကြောင့် မြည်နေသည်ထင်၏။

ထင်သည့်အတိုင်းပင် ခြံဝင်းတံခါးဝတွင် ဖြူဖြူအရာတစ်ခု ပေါ်လာ၏။

ဖြူဖြူအရာသည် ခြံစည်းရိုးတံခါးကို လှုပ်နေ၏။

"ချလွင် ... ချလွင် ... ချလွင်"





မည်သူမှ တံခါးလာမဖွင့်သောအခါ သူ့ဘာသာ တံခါးကို တွန်းဖွင့်လိုက်သည်။

"ဟင် ... ဒေါ်လေး မမယ်စံပါလား"

ဘယ့်နှယ် မနေ့ညက အသည်းအသန်ဖြစ်လို့ ဆေးရုံတင်လိုက်သည်ဆိုပြီးတော့ အခု မနက်မိုးမလင်းခင် ဝတ်ကောင်းစားလှတွေ ဝတ်ပြီး အိမ်ကို ပြန်လာပါလား။

ဟုတ်မှ ဟုတ်ရဲ့လား။ ဒေါ်လေး မမယ်စံမှ ဟုတ်ရဲ့လား ...။

သူမ မျက်လုံးကို လက်နှင့်ပွတ်ကြည့်သည်။

ဒေါ်လေး မမယ်စံမှ မမယ်စံအစစ်။

ဟုတ်ကို ဟုတ်နေသည်။

မျက်နှာမှာ မိတ်ကပ်တွေ လိမ်းလို့။

ပါးနီတွေ နှုတ်ခမ်းနီတွေလည်း ဆိုးလို့။

ကြက်ဥနှစ်ရောင် ပါတိတ်ဝမ်းဆက်ဝတ်ပြီး၊ ဆံပင်ကိုလည်း ပြင်သစ်ပုံ ဆံထုံးလှလှလေးထုံးကာ သစ်ခွပန်းတွေ ပန်ထားသည်။

သူ့သားလေး ရှင်ပြုအလှူပွဲတုန်းက ဝတ်သည့် အဝတ်အစားတွေ ဝတ်ထားတာပင်။

"ဒေါ်လေး မမယ်စံ ..."



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရီ အော်ခေါ်နေတာ မကြားသလိုနှင့် ခပ်ပြုံးပြုံးလေး သူ့အိမ်ဆီ လျှောက်သွားသည်။

"ဒေါ်လေး မမယ်စံ နေကောင်းပြီလား ... မနေ့က ဆေးရုံ တက်တယ်ဆို ... "

အနားသို့ သွားရပ်ပြီး နှင်းကေသရီက ပြောသည်။

မမယ်စံက နှင်းကေသရီ ပြောတာကို မကြားသလိုလုပ်ပြီး ဆက်လျှောက်သွားသည်။

သူ့အိမ်နားရောက်တော့ ဘယ်ကရှိနေမှန်းမသိသည့် ခေါင်းတလားကြီးလို သေတ္တာကြီးတစ်လုံး တွေ့ရ၏။

မမယ်စံက သေတ္တာအဖုံးကို ဖွင့်သည်။

ပြီးတော့ သေတ္တာထဲ ဝင်အိပ်လိုက်ရာ သေတ္တာအဖုံးက သူ့အလိုလို ပိတ်သွား၏။

"ဒေါ်လေး မမယ်စံ ... ဒေါ်လေး မမယ်စံ ... "

နှင်းကေသရီ အလန့်တကြားနှင့် သေတ္တာအဖုံးကို ဆွဲဖွင့်၏။

အဖုံးက လုံးဝ ဆွဲဖွင့်လို့မရပါချေ။

"ဒုက္ခပါပဲ ... ဖွင့်လို့မရဘူး ... ဒေါ်လေး မမယ်စံ ... ဒေါ်လေး မမယ်စံ ... ဘယ်လိုလုပ်ရမလဲ ... သေတ္တာကြီးကို ဖွင့်ပေးကြပါဦး၊





ဖွင့်ပေးကြပါဦး ... "

သေတ္တာကြီးကို ထုရိုက်၍ နှင်းကေသရီ အော်ငိုနေသည်။

သူ့အနီးအနားမှာ မည်သူမျှလည်း မရှိ။

ဒီအတိုင်းဆိုရင် ဒေါ်လေးမမယ်စံ အသက်ရှူမရဘဲ မွန်းကျပ်ကာ သေဆုံးသွားနိုင်သည် မဟုတ်လား။

ကားဂိုထောင်ထဲမှာ သေတ္တာကြီးကို ဖွင့်နိုင်မည့် အရာတစ်ခုခု ရှိမှာပဲ ဟူသော အတွေးဖြင့် နှင်းကေသရီ ဝင်လိုက်၏။

သံတူရွင်းကို ယူလာပြီး သေတ္တာကြီး၏အဖုံးအား ခက်ခက်ခဲခဲ ကော်မ၍ ဖွင့်နေစဉ် ...

"ဟေ့ ... "

သူမနောက်ကျောကို ပုတ်၍ ခေါ်လိုက်သံကြောင့် လှည့်ကြည့်လိုက်သည်။

"ဟင် ... ဒေါ်လေး မမယ်စံ၊ အပြင်ရောက်နေပြီ ... ဘယ်လိုလုပ် အပြင်ရောက်နေတာလဲ ... သေတ္တာဖွင့်လို့မရလို့ ဒီမှာဖြင့် ခက်ခက်ခဲခဲ ဖွင့်နေရတာ"

သေတ္တာကြီးကိုတစ်လှည့် မမယ်စံအားတစ်လှည့် ကြည့်ကာ နှင်းကေသရီ နားမလည်နိုင်သလို ဖြစ်သွားသည်။

www.burmeseclassic.com



မမယ်စံကတော့ ပြုံးရွှင်နေ၏။

ထို့နောက် မမယ်စံသည် နှင်းကေသရီအား လက်မြှောက်ပြ၍ နှုတ်ဆက်ပြီး အိမ်ထဲသို့ ဝင်မည်အလုပ်၊ တစ်ကိုယ်လုံးဖုံးအောင် အနက်ရောင်ဝတ်စုံရှည်ကြီး ဝတ်ထားသော လူကြီးနှစ်ယောက်က မမယ်စံ လက်မောင်းရင်းဆီမှ ဆွဲ၍ အတင်းဆွဲခေါ်သွားကြလေသည်။

"ဟင် ... ဘာဖြစ်တာလဲ၊ ဒေါ်လေး မမယ်စံကို ခေါ်မသွားပါနဲ့ ... လွှတ်လိုက်ပါ၊ ဒေါ်လေးရေ လိုက်မသွားပါနဲ့ ... ကယ်ကြပါဦး၊ ဒေါ်လေး မမယ်စံကို ကယ်ကြပါဦး ... "

နှင်းကေသရီ သူတို့နောက်မှ လိုက်အော်နေ၏။

ဝတ်စုံနက် ဝတ်ထားသော လူကြီးနှစ်ယောက် ဆွဲခေါ်ရာသို့ လိုက်ပါသွားသော မမယ်စံမှာ နှင်းကေသရီအား တစ်ချက်လှည့်ကြည့်ကာ ပြုံးပြသွား၏။

"ဒေါ်လေး မမယ်စံ ... ဒေါ်လေး မမယ်စံ ... "

နှင်းကေသရီ ပြေးလိုက်ရင်းမှ ခလုတ်တိုက်၍ လဲသွား၏။

"ဒုန်း ... ကလင် ကလင် ကလင် ... "

ကြမ်းပြင်ပေါ် တစ်စုံတစ်ရာ ကျသွားသံနှင့်အတူ နာရီနှိုးစက် မြည်သံ ဆူညံစွာ ပေါ်လာ၏။





"ဘယ်လိုဖြစ်နေတာလဲ ... မိန်းတစ်ယောက်တည်းနဲ့ ဆူညံနေတာပဲ ... အိပ်လို့ကို မရဘူး"

တစ်ဘက်ခုတင်မှာ အိပ်နေသော ဆောင်းဟေမာန်က ပြောလိုက်သည်။

နှင်းကေသရီ ... ကြမ်းပြင်ပေါ်ကျ၍မြည်နေသော နာရီကို ကောက်ယူ၍ ခလုတ်ပိတ်လိုက်၏။

စိတ်မောလူမောဖြင့် ကြမ်းပြင်ပေါ်မှာ ထိုင်ကာစဉ်းစားနေ၏။

လှပစွာ ဝတ်စားထားသော မမယ်စံအား အိပ်မက်မက်နေတာ ဖြစ်ကြောင်း စဉ်းစားမိ၏။

ပြီးတော့ ကြံကြံဖန်ဖန် မမယ်စံက အခေါင်းလိုရှည်ရှည်မျော မျော သေတ္တာထဲဝင်အိပ်တယ်တဲ့။

မိမိက သေတ္တာကို ကြိုးစားပမ်းစား ဖွင့်နေစဉ်မှာပင် အပြင်သို့ မမယ်စံ ရောက်နေပြန်ပါရော။

နောက်တော့ ဝတ်စုံအမည်းနှင့် လူနှစ်ယောက်က မမယ်စံအား ဆွဲခေါ်သွားသည် မဟုတ်လား။

ထူးထူးဆန်းဆန်း မမယ်စံအကြောင်း အိပ်မက် မက်တာကိုက မကောင်းသောအိပ်မက် သို့မဟုတ် အတိတ်နိမိတ်လား။



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကပင် ... မမယ်စံ ဆေးရုံတင်လိုက်ရပြီလို့ ဒေါ်လေး ဒေါ်ကြည်ပြာက ပြောသည်။

နှင်းကေသရီ သွားတိုက်မျက်နှာသစ် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့၏။

ဒေါ်ကြည်ပြာက စောစောစီးစီး အိပ်ရာကထပြီး ဆွမ်းချက်နေသည်။

ဒီနေ့ တန်းဆွမ်းလောင်းရမည့်နေ့ ဖြစ်သည်။

နှင်းကေသရီကို တွေ့သည်နှင့် ကော်ဖီဖျော်ပေးသည်။

"စောစောစီးစီး အပေါ်က ဆူဆူညံညံနဲ့ ဘာဖြစ်တာလဲ"

ဒေါ်ကြည်ပြာက မေးသည်။

"အိပ်မက်မက်ပြီး ခုတင်ပေါ်က ရုန်းလိုက်တာ နှီးစက်ပေး ထားတဲ့နာရီ အောက်ကိုကျသွားတော့ နှီးစက်ကလည်း ထမြည်တာ ပေါ့ ... အဲဒါ မမငယ်က အိပ်ပျက်တယ်ဆိုပြီး ဒေါကန်နေတာ ..."

"ဟုတ်တာပေါ့ ... သူက ညနက်မှ အိပ်တာ ... အစောကြီး အိပ်ရာက ထရရင် စိတ်တိုရော"

"သမီး အိပ်မက်က ကြောက်စရာကြီး ..."

"အိပ်မက်,မက်ပြီး ကြောက်နေတာလား၊ အိပ်မက်ဆိုတာ ...





တကယ်မှ မဟုတ်တာ ..."

"သမီးအိပ်မက်ကို နားထောင်ပါဦး ..."

"အိပ်မက်က ဒေါ်လေးမမယ်စံရဲ့ အကြောင်း ... အိပ်မက်က မကောင်းဘူး၊ ကေနွ ဒေါ်လေးမမယ်စံများ သေမလား မသိဘူး"

"ဟဲ့ ကောင်မလေး ... စောစောစီးစီး မပြောကောင်းဘူးလေ၊ မမယ်စံက ... အင်းလေ၊ အခြေအနေမှ မကောင်းတာ ... မရတော့ ဘူးထင်တာပဲ၊ ညက ဆေးရုံသွားပို့ရတာကိုး ... ဘာတွေမက်လဲ"

"အိပ်မက်ထဲမှာ အဝတ်အစားသစ်တွေနဲ့ လူက လှတပ်တပဲ"

"အင်း ... အိပ်မက်ကို ပြောင်းပြန်ယူရတာ ... လှပနေတယ်၊ အဝတ်အစားအသစ်တွေနဲ့ဆိုရင် မကောင်းဘူးပေါ့"

"အခေါင်းလို သေတ္တာရှည်ထဲ ဝင်အိပ်နေတယ်တဲ့ ... ဒါကျ တော့ ပြောင်းပြန်ယူရမှာလား ... အတိတ်နိမိတ်ပြတာလား"

ဒေါ်ကြည်ပြာ မျက်လုံးပြူးသွား၏။

"အခေါင်းထဲ ဝင်အိပ်တယ် ဟုတ်လား"

မေးရင်းမှ ဒေါ်ကြည်ပြာ ကြက်သီးတွေ ထသွား၏။

မမယ်စံနှင့် ဒေါ်ကြည်ပြာက ... အလွန် တရင်းတနှီး နေကြ တာ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မမယ်စံက ဒေါ်ကြည်ပြာချက်တဲ့ ဟင်းတွေ ကြိုက်လွန်းလို့ဆိုပြီး ငါးပိချက်ကအစ တောင်းစားတတ်တာ ... မဟုတ်လား။

ပြော၍မှမဆုံးခင်ပင် မမယ်စံတို့ အိမ်မှ ဆူဆူညံညံအသံတွေ ကြားရသည်။

"မမယ်စံရဲ့ ညီမတွေအသံမဟုတ်လား ... ငါ သွားပြီးစပ်စုဦးမယ် ... "

ဒေါ်ကြည်ပြာ မီးဖိုခန်းတံခါးကိုဖွင့်၍ အပြင်ထွက်လိုက်သည်နှင့် မမယ်စံ၏ညီမ မညို၏ အော်ငိုသံကြားလိုက်ရသည်။

"အစ်မရေ ... ဒီလိုနဲ့ သွားတော့မှာလား ... အစ်မက သားလေးတစ်ယောက်တည်း စိတ်မချနိုင်လို့ ငါ မသေဘူးဆို ... အခုတော့ စိတ်ချလို့ သေသွားတာလား အစ်မရဲ့ ... "

မညို၏ အော်ငိုသံကြောင့် ပတ်ဝန်းကျင်သည် လှုပ်လှုပ်ရှားရှား ဖြစ်သွားရ၏။

မမယ်စံ သေဆုံးတာကို အနီးရှိလူတွေအားလုံး သိသွားကြပြီ။

အသက်လေးဆယ်ကျော် အရွယ်ကောင်းမှာ သေသွားတာကိုတော့ နှမြောစရာ ဖြစ်နေသည်။

ရွှေပဒေသာစာပေ



လင်နှင့် သားဖြစ်သူကို စိတ်မချနိုင်စွာ၊ စွဲလမ်းစွာ သေဆုံးသွားသောကြောင့် မမယ်စံ ဘဝကူးကောင်းမှာမဟုတ်။ မကျွတ်မလွတ်ဘဲ အပါယ်လေးဘုံမှာ ရှိလိမ့်မည်ဟု ပတ်ဝန်းကျင်က လူတွေက ပြောကြလေသည်။

✦

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ၂။ တကယ်ပြိတ္တာဖြစ်တာလား

"စိန်ပန်းပင်အောက်မှာ ဒေါ်လေးမယ်စံ ရှိတယ်တဲ့ ... အမယ်လေး ... ကြောက်လိုက်တာ ... "

အိမ်ပြန်ရောက်၍ ဆင်ဝင်အောက် ကားရပ်သည်နှင့် ဆောင်းဟေမာန်က စိန်ပန်းပင်ကြီးရှိရာသို့ ကြည့်ပြီး ပခုံးတွန့်ကာ ပြောလိုက်၏။

"ဟွန်း ... ကြောက်စရာမရှိ ကြံဖန်ကြောက်နေပြန်ပြီ ... သူပြောတာ ယုံလား၊ ငါတော့ မယုံဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



မိုးဝသန်က ပြောလိုက်သည်။

နှင်းကေသရီက ဆင်ဝင်အောက်မှနေ၍ စိန်ပန်းပင်ကြီးရှိရာ ကို ငေးကြည့်နေသည်မှာ အကြာကြီး။

"ပြန်လာတာ စောသားပဲ ... အတော်ပဲ ကော်ဖီဖျော်မလို့၊ မုန့်ဟင်းခါး ဝယ်ခိုင်းလိုက်မယ် ... "

နှင်းကေသရီတို့၏ မိခင်ဖြစ်သူ ဒေါ်မြစိမ်းက ပြောလိုက်၏။

"မုန့်ဟင်းခါးမစားတော့ပါဘူး ... မနေ့ကလည်း မုန့်ဟင်းခါးချည်း စားလာရတာ ... အိမ်မှာရှိတဲ့မုန့်ပဲ စားမယ် ... "

"ဒါဆို ပေါင်မုန့်မီးကင်ပြီး ထောပတ်သုတ်ပေးမယ် ... ကျွတ်ကျွတ်ကလေး ကင်လိုက်မယ် ... "

ဒေါ်မြစိမ်း ကိုယ်တိုင် ကော်ဖီဖျော်နေသည်။

"ဘယ်နှယ်လဲ ... ဘာတွေမေးခဲ့လဲ ... "

အိမ်ပေါ်ထပ်မှ ဆင်းလာသော ဦးမျိုးအောင်က မေးလိုက်၏။

"အင်း ... ထင်တဲ့အတိုင်းပဲ ... မကျွတ်သေးဘူးတဲ့ ... "

ဒေါ်ကြည်ပြာက မီးကင်ပြီးသော ပေါင်မုန့်များကို ယူ၍ ဓားပါးပါးဖြင့် ထောပတ်သုတ်နေသည်။

"စိန်ပန်းပင်အောက်မှာ ရှိတယ်တဲ့ ... မစံက သူ့သားကို စိတ်





မချဘူး ... သူ့ပါးစပ်ကြီးကလည်း အကြီးကြီး ယောင်နေပြီး ဘာမှ စားလို့မရဘူးတဲ့ ... "

"အင်း ... ကြားရတာ စိတ်မချမ်းသာလိုက်တာ ... "

ဒေါ်မြစိမ်းက ပြောသည်။

"ဟဲ့ ... နှင်းကေသရီလေးရော ... "

"အပြင်မှာ ... "

"ခေါ်လိုက် ... ကော်ဖီနဲ့မုန့်ရပြီ ... "

အိမ်ဖော်မလေးက ဆင်ဝင်အောက်မှာ ရှိနေသော နှင်းကေသရီအား ခေါ်လိုက်၏။

ကျွန်းသားနှင့် ပြုလုပ်ထားသော လေးထောင့်ပုံ စားပွဲခုံရှည်ကြီးပေါ်မှာ ကော်ဖီကရားတစ်အိုး၊ လက်ဖက်ရည်ကြမ်းကရားတစ်အိုး၊ အစိမ်းရောင် ကော်ဖီပန်းကန်လုံးများ၊ ဘဲဥပုံကြွေပန်းကန်ပြားနှင့် ထည့်ထားသော ပေါင်မုန့်ထောပတ်သုတ်၊ ထမင်းကို ပဲပြုတ်နှင့် ဆီဆမ်း ဆားနယ်ထားတာကလည်း တစ်ဇလုံ၊ ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ကြော်က တစ်ပန်းကန်၊ စားချင်တာ စားနိုင်အောင် စီစဉ်ပေးထား၏။

"သမီးလေး ပေါင်မုန့်ထောပတ်သုတ် စားမလား ... ကောက်



www.burmeseclassic.com

www.burmeseclassic.com



ညှင်းပေါင်း စားမလား ... ”

ဒေါ်မြစိမ်းက မေးလိုက်ရင်းမှ နှင်းကေသရီအတွက် ကော်ဖီ ထည့်ပေးလိုက်၏။

“ပေါင်မုန့် မကြိုက်ပါဘူး ... ကောက်ညှင်းပေါင်းပဲ စားမယ်”

“သမီးကတော့ ပေါင်မုန့်လည်းစားမယ် ... ကောက်ညှင်းပေါင်း လည်း စားမယ် ... ကောက်ညှင်းပေါင်းက ဝယ်တာလား ... ”

“ဟိုဘက်အိမ်က ပေးတာ ... ”

“နတ်တင်ပြီး စွန့်တာနေမှာပေါ့ ... ”

ထမင်းနှင့် ပဲပြုတ်ဆီဆမ်းကတော့ နှင်းကေသရီတို့အဖေ ဦးမျိုး အောင်အတွက် ဖြစ်သည်။

တခြားမုန့် သိပ်မကြိုက်၊ မနက်တိုင်းလိုလို ထမင်းနှင့် ပဲပြုတ် နယ်စားပြီး အလုပ်သွားတတ်၏။

“အင်း ... လာမေးကြတာကတော့ အများကြီးပဲ ... ဟုတ်လား မဟုတ်လားလည်း မသိ ... သေတဲ့လူတွေရဲ့ ဝိညာဉ်ကို ခေါ်မေးတယ် ဆိုတာ ဟုတ်နိုင်ပါ့မလား၊ သမီးတော့ သိပ်မယုံပါဘူး ... ဒါပေမဲ့ မေ နေတုန်းကတော့ ကြောက်တယ် ... တကယ်ကြောက်စရာကောင်း တယ် မေမေ ... ”





မိုးဝသန်က ပေါင်မုန့်တစ်ဖဲ့ ကိုက်လိုက် ကော်ဖီတစ်ငုံသောက် လိုက် လုပ်ရင်း ပြောနေသည်။

“သေလို့ တခြားဘဝကို ကူးသွားတဲ့သူကို ဘယ်လိုခေါ်မေး မလဲနော် အမေ ... ”

ဆောင်းဟေမာန်က ပြောသည်။

“မကျွတ်မလွတ်သေးတဲ့သူရဲ့ လိပ်ပြာကိုသာ သူ ခေါ်လို့ရမှာ ပေါ့ ... ဘဝပြောင်းသွားတဲ့သူကို ဘယ်ခေါ်လို့ရမလဲ ... ”

“လူတွေဟာ သေပြီးပြီးချင်း ဘဝပြောင်းသွားပါ့မလား ... စဉ်း စားစရာပဲ ... ”

“စဉ်းစားမနေနဲ့ ... ဒါတွေ သိနိုင်တဲ့အရာတွေမှ မဟုတ်ဘဲ၊ ဘယ်သူကမှ သေချာမပြောနိုင်ဘူး ... ဒါပေမဲ့ ကိုချစ်ကိုတော့ ပြောရ ဦးမယ် ... သူ့မိန်းမအတွက် ကောင်းမှုကုသိုလ်တွေ လုပ်ပေးပါလို့”

“သူက ယုံပါ့မလား ... ”

“သမီးကတော့ ဒေါ်လေးမစံကို တွေ့နေရတယ် ... သူ စိန်ပန်း ပင်အောက်မှာ ရှိတယ် ... ”

နှင်းကေသရီ ပြောလိုက်သည်။

“လုပ်ပြန်ပြီ ... မိနှင်းက တစ်မျိုး ... နင်ပြောလို့ပဲ ငါတို့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကို တကူးတက သွားမေးရတာ ... ”

“အဲဒီတုန်းကလည်း သမီး ဒေါ်လေးစံ လာတာ တွေ့တာပဲ၊ ဒေါ်လေးစံ ဖကျွတ်သေးဘူး မေမေ ... ”

“တော်ပါ ... ငါ ကြက်သီးတွေတောင် ထလာပြီ ... ကိုချစ်ကို လည်း ကြည့်ပြောဦး ... သူက ယုံမှာ မဟုတ်ဘူး ... ”

“ခရီးပန်းလာတယ် ... ရေချိုးပြီး တစ်ရေးနှပ်ဦးမယ် ... မေမေ ဈေးသွားပြီးပြီလား ... ဟင်းကောင်းကောင်းချက်နော် မေမေ”

မိုးဝသန်က ပြောပြီး အိမ်ပေါ်သို့ တက်သွား၏။

ဆောင်းပေဟမာန်က တယ်လီဖုန်းပြောနေသည်။

နှင်းကေသရီတစ်ယောက်တည်း ကော်ဖီသောက်ရင်း ကျန်ခဲ့၏။

ဒေါ်မြစိမ်းနှင့် ဦးမျိုးအောင်က ဈေးသို့ ထွက်သွားပြီ။

အိမ်ဖော်မလေးက မီးဖိုခန်းထဲမှာ ပန်းကန်တွေ ဆေးကြောနေ၏။

သီချင်းလေး တအေးအေးဆိုပြီး အလုပ်လုပ်နေသော အိမ်ဖော်မလေးသည် သူ့နောက်မှ အရိပ်တစ်ခုတွေ့၍ လှည့်ကြည့်လိုက်၏။

မည်သူမျှ မရှိ။

ရွှေပဒေသာစာပေ



ကြက်သီးတွေ တဖြန်းဖြန်း ထလာသည်။

ပန်းကန်ကို ဆက်ဆေးနေသည်။

သီချင်းမဆိုရဲတော့။

သူမအား တစ်စုံတစ်ယောက်က နောက်မှကြည့်နေသည်ဟု ထင်မိသည်။

အိမ်ဖော်မလေး အမည်က လှလှဝင်း ဖြစ်သည်။

သည်အိမ်သို့ရောက်တာ လပိုင်းပဲ ရှိသေး၏။

သထုံမြို့မှ လာရောက်သူဖြစ်၏။

“ဂျီး ... ဂျီး ... ဂျီး ... ”

အသံကြား၍ လှည့်ကြည့်မိပြန်၏။

မည်သူ့အားမျှ မတွေ့။

“ဂျီး ... ဂျီး ... ဂျီး ... ”

အသံ ဘယ်ကလာသလဲ နားထောင်နေ၏။

မီးဖိုခန်း၏အပြင်မှ လာသောအသံဖြစ်မည်။

ခြေလှမ်းကို ဖွနင်း၍ အပြင်သို့ ထွက်လာ၏။

“အမယ်လေး ... ”

ရုတ်တရက် လှလှဝင်း လန့်အော်လိုက်သည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီစားပွဲမှာ ရှိနေသော နှင်းကေသရီ တစ်ယောက် ပြေးချရောက်လာ၏။

"ဘာဖြစ်တာလဲ အဝင်း ..."

လှလှဝင်း ရင်ဘတ်ကို လက်နှင့်ဖိထား၏။

"အမယ်လေး ... ရင်တွေတုန်လိုက်တာ ... အမှိုက်ပုံးထဲကို နှိုက်နေတဲ့ မိန်းမကြီးကို တွေ့လိုက်လို့ ..."

"ဘာရယ် ..."

နှင်းကေသရီ အပြင်သို့ ထွက်ကြည့်၏။

အမှိုက်ပုံးက မီးဖိုခန်း၏ အပြင်ဘက်မှာ ထားရှိသည်။

"ကြောက်လိုက်တာ ... ရုတ်တရက်ဆိုတော့ လန့်ပြီးအော်လိုက်တာ ..."

နှင်းကေသရီ မျက်မှောင်လေးတွန့်လိုက်သည်။

"ခုရော ... အဲဒီမိန်းမကြီး ဘယ်ရောက်သွားလဲ ..."

"မသိဘူး ... ကျွန်မ လန့်အော်လိုက်တာ ..."

"ဘာဖြစ်နေကြတာလဲ ..."

ဒေါ်ကြည်ပြာ နောက်မှ ရောက်လာကာ မေးလိုက်၏။

"ရှီး ... ရှီး ... ရှီးနဲ့ ကြွတ်ကြွတ်အိတ်မြည်သံလိုလို ကြားလို့





ထွက်ကြည့်တာ ... ဒီအမှိုက်ပုံးကို နှိုက်နေတဲ့ မိန်းမကြီးတစ်ယောက် တွေ့လို့ လန့်အော်တာ ..."

"ဘယ်မှာလဲ အဲဒီမိန်းမ ..."

"မရှိတော့ဘူး ..."

"ဒေါ်လေး မယ်စံဖြစ်မှာပေါ့ ... သူ့ခမျာ သနားပါတယ် ... စားစရာမရှိလို့ အမှိုက်ပုံးထဲက ဟာတွေ နှိုက်စားနေတာလေ ..."

"ဟဲ့ ... တိုးတိုး ပြောစမ်း ..."

ဒေါ်ကြည်ပြာက ဟန့်တားရင်းမှ နောက်ဘက်မှာရှိသော အိမ်လေးဆီ ကြည့်လိုက်၏။

"ကိုချစ် ကြားသွားဦးမယ် ... နင်ကလည်း လူတွေ့တိုင်း သရဲထင်မနေပါနဲ့ ... မနက်စောစောစီးစီး သရဲခြောက်မလား ..."

လှလှဝင်းအား မကျေမနပ် ကြည့်၍ပြော၏။

"သရဲ ... အမယ်လေး ... သရဲလား ... ကျွန်မ တွေ့တာ သရဲလား ... ကျွန်မ တော်တော်ကံနိမ့်နေပြီထင်တယ် ... ကံနိမ့်မှ သရဲတွေ့တာ ..."

"တော်ပြီ ... မပြောနဲ့လို့ဆို ... လုပ်စရာရှိတာ လုပ် ... မိနှင်းကလည်း တွေ့ကရာလျှောက်မပြောနဲ့လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကြောက်တယ် ... နောက်ဖေးမှာ ကျွန်မတစ်ယောက် တည်း မနေရဲတော့ဘူး ... မနှင်း မသွားပါနဲ့နော် ..."

လုလုဝင်းက နှင်းကေသရီ၏ခါးကို ကိုင်ရင်း ပြော၏။

"ငါတစ်ယောက်လုံး ရှိပါသေးတယ် ... မမတို့ ပြန်လာရင် အဆင်သင့် ချက်နိုင်အောင် ကြက်သွန်တွေ ဘာတွေ ထောင်းထား တော့ ..."

"ဟုတ်ကဲ့ ... ဘာချက်မှာလဲ ဒေါ်လေး ..."

"သီးစုံချဉ်ရည်ချက်မှာ ... ညောင်ပင်သာက ဝယ်လာတဲ့ အသီး အရွက်တွေ ထုတ်လိုက်ဦး၊ ဒန့်သလွန်သီးရယ်၊ ခရီးသီး၊ ဘူးသီး၊ ရုံးပတီ သီးရယ် ရောချက်မယ် ... အသားကတော့ ဈေးက ဘာဝယ်လာမယ် မသိဘူး ..."

ဒေါ်ကြည်ပြာက ဟင်းချက်ဖို့ ပြောဆိုလုပ်ကိုင်နေစဉ် နှင်း ကေသရီ မီးဖိုခန်းထဲက ပြန်ထွက်လာခဲ့သည်။

ဆောင်းဟေမာန်က ခုမှ ဖုန်းစကားပြော၍ ပြီးသွား၏။

"ဘာဖြစ်တာလဲ ..."

"အဝင်း သရဲခြောက်ခံရလို့ ..."

"ဟွန့် ... ကြံဖန်ခြောက်နေပြန်ပြီ ..."





"အမှိုက်ပုံးထဲကို မိန်းမကြီးတစ်ယောက် နှိုက်နေတာတွေ့လို့ လန့်အော်တာ ..."

"ဟာ ... တို့ခြံထဲ လူစိမ်းဝင်လို့လား ..."

"ဒေါ်လေးစံ ဖြစ်မှာပေါ့ ... လိပ်ပြာဗေဒင်မေးတုန်းက ပြော လိုက်သားပဲ ... စားစရာလည်း မရှိ၊ နေစရာလည်း မရှိ၊ တော်တော် ဒုက္ခရောက်နေတာပေါ့ ... အဲဒါ ပြိတ္တာဖြစ်နေတာပေါ့ ... ဒါကြောင့် အမှိုက်ပုံးထဲကဟာ နှိုက်စားနေတာ ..."

"တော်ပြီ ... မပြောနဲ့၊ ငါ အန်တောင် အန်ချင်လာပြီ"

ဆောင်းဟေမာန် အိမ်ပေါ်သို့ တက်သွား၏။

နှင်းကေသရီတစ်ယောက်တည်း ဧည့်ခန်းမှာ ငေါင်၍ ကျန်ရစ် ရင်း ဒေါ်လေးမယ်စံအကြောင်း တွေးနေမိသည်။

✦



www.burmeseclassic.com

www.burmeseclassic.com



## ၃။ အတိတ်အကြောင်း မကောင်းခဲ့ပါ

ကိုချစ်ခင်မှာ နှင်းကေသရီတို့အဖေ ဦးမျိုးအောင်နှင့် ဆွေမျိုးနီးစပ်တော်သူ ဖြစ်သည်။

ဦးမျိုးအောင်က ဝန်ထမ်းလုပ်ခဲ့စဉ် ဦးမျိုးအောင်၏ မိဘများပွဲရုံမှာ ကိုချစ်ခင် စာရေးအဖြစ် အလုပ်ဝင်လုပ်သည်။

အမျိုးတော်သူမို့ ကိုချစ်ခင်အား ယုံကြည်စိတ်ချစွာဖြင့် ပွဲရုံလုပ်ငန်းကို လွှဲအပ်ထားခဲ့သည်။

ဦးမျိုးအောင်၏ ဖခင် ကွယ်လွန်သောအခါ မိဘ၏လက်ငုတ်



www.burmeseclassic.com

www.burmeseclassic.com



လက်ရင်းလုပ်ငန်းကို ဦးစီးလုပ်ကိုင်ရန် မိခင်ဖြစ်သူက ဆန္ဒရှိသဖြင့် ဦးမျိုးအောင် ဝန်ထမ်းဘဝမှထွက်ပြီး ပွဲရုံလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။

ထိုစဉ် ကိုချစ်ခင်မှာ လက်ရှိမယားကိုကွာပြီး မမယ်စံအား ယူခဲ့ခြင်းဖြစ်သည်။

မမယ်စံက ပွဲရုံမှာ အလုပ်လာလုပ်သောသူ ဖြစ်သည်။

ဦးမျိုးအောင်တို့သည် ခြံကို စ,ဝယ်ကတည်းက ကိုချစ်ခင် ခြံနောက်ဘက် ကားဂိုထောင်ထက်မှာ နေခဲ့၏။

ဦးမျိုးအောင်၏ မိဘတွေ ကွယ်လွန်သောအခါ ကိုချစ်ခင်က ခြံထဲမှာပင် သူ့ဘာသာ အိမ်ဆောက်နေ၏။

မမယ်စံနှင့် သားတစ်ယောက် ရခဲ့ရာ ယခုအခါ သားဖြစ်သူ သူရချစ်ခင်မှာ အသက်ဆယ့်ခြောက်နှစ်အရွယ် ရှိနေပြီ။

ကိုချစ်ခင်၏ ပထမမိန်းမဖြစ်သူ မသိန်းသိန်းမှာ ကိုချစ်ခင်ထက် အသက်ကြီးသည်။ သားသမီးလည်း မရပေ။

ကိုချစ်ခင် သူ့ဆီ ပြန်မလာသောအခါ ပွဲရုံသို့ လိုက်လာပြီး ငိုငိုယိုယိုနှင့် တောင်းပန်၍ အိမ်ပြန်လိုက်ခဲ့ဖို့ခေါ်သည်။

မမယ်စံအားလည်း သူနှင့် အတူနေဖို့ တောင်းပန်သည်။

ထိုစဉ်က မသိန်းသိန်း၏ အသက်မှာ လေးဆယ်ကျော်ဖြစ်ပြီး မမယ်စံ၏အသက်က နှစ်ဆယ့်ငါးနှစ်လောက်ပဲ ရှိသေးသည်။





မမယ်စံကလည်း မသိန်းသိန်းနှင့်အတူနေဖို့ လုံးဝငြင်းသည်။

"ကိုချစ်ရယ် ... နင် ငါ့ကို ဘယ်လိုပုံစံမျိုးနဲ့ နေခိုင်း နေခိုင်း ငါ နေပါ့မယ် ... ငါ့ကို ထမင်းဟင်းချက်ခိုင်းပါ။ ငါ့ကို အိမ်ဖော်မကြီးလိုပဲ သဘောထားပါ ... ငါ့မှာ အားကိုးမှီခိုစရာမရှိလို့ပါ ကိုချစ်ရယ်"

ကိုချစ်ခင်၏ ခြေထောက်ကို ကိုင်၍ မသိန်းသိန်း တောင်းပန်သော်လည်း မရပါ။

အစပထမတော့ ကိုချစ်ခင်က မသိန်းသိန်းအား တစ်လတစ်ခါ ပိုက်ဆံပေးသေး၏။

မမယ်စံ ကလေးရပြီးသောအခါ မသိန်းသိန်းက ကလေးကို လာထိန်းပေး၏။

မမယ်စံက မသိန်းသိန်း၏ မျက်နှာကို မြင်နေရလျှင် သူ အမြန်သေမည်ဖြစ်ကြောင်းပြောပြီး နားပူနားဆာလုပ်သောကြောင့် ကိုချစ်ခင်က မသိန်းသိန်းအား သူ့ဆီ လုံးဝမလာရဟု ပြောဆိုနှင်လွှတ်လိုက်သသည်။

မသိန်းသိန်းမှာ ကိုချစ်ခင်ပေးသော ငွေအနည်းငယ်ယူ၍ တောင်ပြန်သွားခဲ့ရပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မမယ်စံမှာ ကလေးမွေးပြီးတော့ ပွဲရုံမှာ အလုပ်ပြန်မလုပ်တော့။

သို့သော် ပွဲရုံသို့ မကြာခဏ လိုက်သွားတတ်၏။

ပွဲရုံအလုပ်သမားတွေအား အတိုးနှင့် ပိုက်ဆံချေးသည်။

တစ်လတစ်ခါ ပွဲရုံသို့ ပိုက်ဆံအတိုးတောင်းသည်။

ပြီးတော့ ဈေးထဲမှာလည်း နေ့ပြန်တိုးဖြင့် ငွေတွေပေးထား၏။

သည်လိုနှင့်ပင် မမယ်စံမှာ ငွေတွေတိုးပွားလာသည်။

ငွေရှိလာသော မမယ်စံမှာ ရွှေရှိလာ၏။

လည်ပင်းမှာ ရွှေကြိုးတုတ်တုတ်ကြီး ဆွဲ၊ လက်မှာ လက်ကောက်တွေ တစ်ကွင်းပြီးတစ်ကွင်း တိုးဝတ်ရင်း မမယ်စံ ဘဝင်မြင့်လာ၏။

တောမှတက်လာပြီး သူများအိမ်မှာ အလုပ်လုပ်သည့်ဘ

ပွဲရုံတွင်အလုပ်လုပ်သည့် အလုပ်သမားဘဝတွေမေ့ကာ မမယ်စံက

ကိုယ်သူ တကယ့်သူဌေးကတော်ကြီးမှတ်ကာ တော်ရုံတန်ရုံလူ

အဖက်မတန်သလိုလို စကားမပြောချင်သလိုလို လုပ်တတ်၏။

တစ်နေ့တခြား လောဘကလည်း တက်လာပြီး သူ့အိမ်





သေးလေးကို တဖြည်းဖြည်း ချဲ့ထွင်ကာ ဆောက်၊ နောက်တော့ ဝင်းပါ ခတ်ထားလိုက်၏။

ဦးမျိုးအောင်က သဘောကောင်းစွာ ဘာမှမပြော။ ဒေါ်မြစိမ်းကတော့ သူတို့ မြေပေါ်မှာ ကိုယ့်သဘောနှင့်ကိုယ် အိမ်ဆောက်ပြီး ခြံဝင်းခတ်ခြင်းကို တားမြစ်ခဲ့သည်။

ထိုအခါ စကားတွေများပြီး ကိုချစ်ခင် ပွဲရုံမှ ထွက်သည်အထိ ဖြစ်ခဲ့သည်။

သို့သော် အိမ်နေရာကိုတော့ ဖယ်မပေးပါ။

တစ်နှစ်အကြာ တခြားမှာ အဆင်မပြေဖြစ်ပြီး ဒီပွဲရုံသို့ ပြန်ရောက်လာခဲ့၏။

ဦးမျိုးအောင်တို့က ဆွေရိပ်မျိုးရိပ်လည်း မကင်း၊ ခွင့်လွှတ်သနားတတ်သူဖြစ်၍ ပြန်လက်ခံခဲ့၏။

မမယ်စံသည် လောင်းကစားလည်း ဝါသနာကြီး၏။

မကြာခင်မှာပင် မမယ်စံ မကျန်းမမာ ဖြစ်လာသည်။

သို့သော် ဆေးမကုဖြစ်၊ ဆေးမြီးတိုနှင့် ခဏတော့ သက်သာသလို ရှိသွား၏။

မမယ်စံ၏ နှုတ်ခမ်းတွေ တဖြည်းဖြည်း ဖြူလာသည်။ ခြေတွေ



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ မလှုပ်ရှားချင်အောင် နာကျင်လာသည်။ အစားအသောက်လည်း ပျက်သည်။

တစ်နေ့ ဈေးထဲမှာ မုန့်ဟင်းခါးစားရင်း မူးမေ့လဲသွား၏။

သည်တော့မှ ဆရာဝန်ပြကြည့်ရာ ကျောက်ကပ်မကောင်းကြောင်း သိရ၏။

ကျောက်ကပ်ဓာတ ဆေးရတာ ငွေသိန်းနှင့်ချီကုန်သဖြင့် မြန်မာဆရာနှင့် ပြောင်းကုသည်။

မြန်မာဆေးဆရာက စားဆေးတွေ ပေးလိုက်ရာ အဝင်ဆိုးသည်ဆိုပြီး မစားဘဲနေ၏။

တဖြည်းဖြည်း လူက ပိန်သထက် ပိန်လာပြီး ဆီးမသွားနိုင်ဘဲ ခြေထောက်တွေ ယောင်လာ၏။

နောက်တော့ မျက်စိတွေ မမြင်တော့။ အသိဉာဏ်လည်း မရှိတော့။

ဗေဒင်တွက်၊ နတ်မေးလုပ်ပြီး ယတြာတွေ ချေသည်။

"နင်တို့ ရောဂါကို သေချာမကုဘဲ မဟုတ်တာတွေ လုပ်နေတော့ ရောဂါက ပိုဆိုးလာတာပေါ့ ... ဒီပုံအတိုင်းဆိုရင် မကြာခင်သွားလိမ့်မယ် ... ဒီနှစ် မမယ်စံ အသက်ကလည်း လေးဆယ့်လေးနှစ်





ဟုတ်လား။ မွေးနေ့မတိုင်ခင် သွားမှာ ... "

ဒေါ်မြစိမ်းက လူကြီးပီပီ စိုးရိမ်စွာနှင့် သတိပေးသည်။

မမယ်စံ၏ အစ်မ ရောက်လာပြီး ပြုစုပေးနေသည်။ ထိုအစ်မ
ာ နတ်ကတော်အား သွားမေးပြီး ယတြာချေတာ ငါးသောင်းတောင်
ပေးရ၏။

"ရိုးရာကိုင်တာ ဒေါ်ဒေါ် ... နတ်ကို ကျေနပ်အောင် တောင်း
န့်လိုက်ရင် မျက်စိတွေ ပြန်မြင်မယ် ... ရောဂါလည်း သက်သာသွား
ယ် ... "

"အဲဒါ နတ်ကတော်တွေ ပြောတာလား ... မျက်စိ မမြင်တူး
ဲတာ ကျောက်ကပ် အလုပ်မလုပ်တော့လို့ အာရုံကြောတွေ ချို့ယွင်း
ာ ... ကိုချစ်ခင် ဆရာဝန်နဲ့ သေချာပြကြည့်ဦး ... "

ဒေါ်မြစိမ်းက ပြောသာ ပြောရသည်။ မမယ်စံ အခြေအနေ
ရမ်းဆိုးနေတာ သိ၏။

နှုတ်ခမ်းနှစ်ခုက သွေးမရှိတော့သဖြင့် ဖြူနေပြီ။

နောက်နှစ်ရက်အကြာတွင် မမယ်စံ ဆုံးသွားလေသည်။

ဆုံးသည့်အချိန် ပွင့်နေသော မျက်လုံးကို ပိတ်ပေးလို့ရသော်
ည်း နှုတ်ခမ်းနှစ်ခုက ဖြူဖွေးပြီး စေ့လို့မရသဖြင့် ပလတ်စတာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားရလေသည်။

မမယ်စံကား ကောင်းမှုကုသိုလ်ထက် မကောင်းမှုအကုသိုလ်
တွေ များနေ၏။

နေထိုင်မကောင်းဖြစ်နေသည့်ကြားက သူ့ထံ ပိုက်ဆံယူထား
သူများဆီက အတိုးနှင့် အရင်း ပြန်ဆပ်ဖို့ အကြွေးလိုက်တောင်းနေ
သည်။

မတော်တဆ သူများ သေခဲ့လျှင် သားလေးအား ကောင်းစွာ
စောင့်ရှောက်ဖို့။ တခြား ဘာပဲလုပ်လုပ်၊ နောက်မိန်းမတော့ မယူ
သူ့ယောက်ျားအား အထပ်ထပ် မှာခဲ့သည်တဲ့။

ယခုတော့ ...

မမယ်စံ သေဆုံးပြီ။

မမယ်စံထံ ပိုက်ဆံယူထားသူများသည် သူတို့အိပ်မက်ထဲတွ
မမယ်စံ အကြွေးလာတောင်းတာ အိပ်မက် မက်ကြသည်။

ဈေးထဲမှ ဒေါ်မြသစ်ဆိုသော အဒေါ်ကြီးသည် နံနက်စောစော
စီးစီး သူ့ဈေးဆိုင်ခန်းဖွင့်သည်နှင့် အဝထဲမှာ မမယ်စံ ငုတ်တုတ်ထိုင်
တာ တွေ့၍ လန့်အော်သည်အထိ ဖြစ်ရသည်။

ကိုချစ်ခင်၏ အိမ်ထဲတွင်လည်း ညဆိုလျှင် မီးဖိုထဲမှာ အိုးခေ





က်တွေ လွတ်ကျသံ၊ ပစ်ပေါက်သံ မကြာခဏ ကြားရသည်။

ကိုချစ်ခင်က တစ်ယောက်တည်း မအိပ်ရဲသဖြင့် သူ၏ ညီ
တစ်ဝမ်းကွဲ ကိုသန်းမြင့်အား အိမ်မှာ ခေါ်၍ အိပ်ရလေသည်။

တစ်ညတွင် နှင်းကေသရီ အိပ်မပျော်သဖြင့် လသာဆောင်
တွင် ထွက်ထိုင်နေစဉ် မမယ်စံအား အိမ်ရှေ့တွင် ရပ်နေတာကို တွေ့
လိုက်ရလေသည်။

ထို့ကြောင့် မမယ်စံ မကျွတ်မလွတ်သေးဘူး။ သည်အနားမှာ
ပဲ ရှိနေသည်ဟု နှင်းကေသရီက ပြောခဲ့ခြင်းဖြစ်သည်။

နှင်းကေသရီ ခဏခဏ မမယ်စံအား တွေ့သည်ဟု ပြောခဲ့ခြင်း
ကြောင့် ဒေါ်ကြည်ပြာက လိပ်ပြာဗေဒင်နာမည်ကြီးနေသော ဆရာမ
ထံ သွားရောက်မေးခဲ့ခြင်းပင် ဖြစ်လေသည်။

✦



www.burmeseclassic.com

www.burmeseclassic.com



## ၄။ အိပ်မက်ကပေးတဲ့ မမယ်စံ

"သိ ... သိ ... သိ ... သိ ..."

လေချွန်သံလိုလို သစ်ပင်များ လေတိုက်၍ လှုပ်သံလိုလို ဒါမှမဟုတ် မြွေတွန်သံလိုလို အသံကြားနေရ၏။

"ရှဲ ... ရှဲ ... ရှဲ ... ရှဲ ..."

လေပြင်းတစ်ချက် ဝှေ့တိုက်လိုက်သည်နှင့် ခြံစပ်မှာ ရှိသော ဝါးရုံပင်များ လေယိမ်းရာ နွဲ့၍ အချင်းချင်း ထိခတ်ပွတ်တိုက်သံကပင် တိတ်ဆိတ်သော ညသန်းခေါင်ယံမှာ သည်းထိတ်ရင်ဖိုစရာ ကောင်း

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နေလေသည်။

"နှင်းကေသရီ ..."

သူမအမည်ခေါ်သံ တိုးတိုးလေး ကြားလိုက်ရသဖြင့် နှင်းကေသရီ အိပ်ရာမှ ထထိုင်လိုက်၏။

"နှင်း ... ကေ ... သ ... ရီ ..."

ကွဲအက်တုန်ယင်ရှတ အသံနှင့် ခေါ်နေပါသော သူက မည်သူဖြစ်မည်လဲ။

"နှင်း ... ကေ ... သ ... ရီ ..."

မနေနိုင်တော့။

နှင်းကေသရီ ခုတင်ပေါ်မှဆင်းကာ ပြတင်းပေါက်တွင် ရပ်လိုက်၏။

ညက အိုက်စပ်စပ်ရှိသဖြင့် ပြတင်းတံခါး မပိတ်မိ။

ထိုပြတင်းတံခါးမှ ကြည့်လျှင် ခြံထောင့်မှာရှိသော ကိုချစ်ခင်၏အိမ်ကို မြင်နေရ၏။

လရောင်မရှိ။

ခြံထဲမှာ ထွန်းထားသော ဓာတ်မီးရောင်ဖြင့် ကိုချစ်ခင်၏ အိမ်ပတ်ဝန်းကျင်ကို ရှင်းလင်းစွာ မြင်နေရသည်။





စိန်ပန်းပင်အောက်မှာ ရပ်နေသော မမယ်စံအား မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် နှင်းကေသရီ ရင်တွေတုန်သွားသည်။

"နှင်း ... ကေ ... သ ... ရီ ..."

လက်တစ်ဖက်ကို မြှောက်၍ သူ့အမည်ကို အော်ခေါ်နေသော မမယ်စံကို ကြည့်ရင်းကြည့်ရင်း ကြောက်လာသည်။

"နှင်း ... ကေ ... သ ... ရီ ... မလာဘူးလား ... နင် မလာရင် ငါ လာခဲ့မယ် ..."

"ဘုရား ... ဘုရား ..."

နှင်းကေသရီ ပြတင်းတံခါးကို ဖျတ်ခနဲ ပိတ်လိုက်ပြီး အိမ်အတွင်းဘက်သို့ လှည့်လိုက်၏။

"နှင်းကေသရီ ..."

"ဘုရား ... ဘယ်လိုလုပ်ပြီး အိမ်ထဲ ရောက်နေတာလဲ"

မမယ်စံသည် မိမိအိပ်ခန်းတံခါးဝမှာ ရပ်နေပါရောလား။

အသုဘချသည့်နေ့က အဝတ်အစားများ ဝတ်ထားသော မမယ်စံသည် အသားအရောင်က နနွင်းလိမ်းထားသလို ဝါဝင်းထိန်နေ၏။

မျက်လုံးက ချိုင့်ထဲမှာ၊ မျက်တွင်းဟောက်ပက်နှင့်။

ထူလွှန်းသော သူ၏နှုတ်ခမ်းများမှာ ဖြူနေပြီး အထက်နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



က အထက်သို့ လန်တက်ကာ အောက်နှုတ်ခမ်းက အောက်သို့ အဆမတန် တွဲကျနေသည်။

နှုတ်ခမ်းနှစ်ခုကြားက သွားရည်တွေ တမြားမြား ကျနေ၏။

သူ့ကိုယ်မှ ညှီစို့စို့အနံ့လည်း ရသည်။

"ငါ ထမင်းမစားရတာ သုံးရက်ရှိပြီ ... ငါ့ကို ထမင်းကျွေးပါ"

"ထမင်းကျွေးရမယ် ... လာလေ ... "

မမယ်စံအား ကြောက်သော်လည်း အလွန်ထမင်းစားချင်နေ၏ ...။ ဆန္ဒပြည့်ဝစေရန်အတွက် ကြောက်ကြောက်လန့်လန့်နှင့်ပင် ထမင်းစားခန်းထဲသို့ ခေါ်သွားလေသည်။

မမယ်စံက နှင်းကေသရီ၏နောက်မှ လိုက်လာသည်။

ထမင်းစားခန်းထဲက ကြောင်အိမ်ထဲမှာ ထမင်းကျန်ဟင်းကျန်တွေ သိမ်းထားတာတွေ့၍ ပန်းကန်ပြားထဲမှာ စုပုံထည့်ပေးလိုက်၏။

မမယ်စံသည် ထမင်းကို အငမ်းမရ စားလေသည်။

ဒီလိုဆိုတော့လည်း နှင်းကေသရီ ကြည်နူးသွားရလေသည်။

မမယ်စံအား ကြည့်ရင်း သနားလာသည်။

"ဒေါ်လေးစံ အခု ဘာဖြစ်နေတာလဲ ... "





သူက ဘာမှမဖြေဘဲ ကြောင်ငေးငေးကြည့်နေသည်။

"နောက်ကို ထမင်းအမြဲစားရအောင် ဦးချစ်ကို သွားတောင်းပါလား ... "

"ငါ သွားတောင်းလို့ မရဘူး ... သူ့အိမ်ထဲ ဝင်လို့မရဘူး ... ဘိုးတော်က ရိုက်ထုတ်တယ် ... "

"ဟင် ... "

"သူ့ကို ပြောပေးပါ ... ငါ့သားကို ရဟန်းပြုပေးပြီး ငါ့ကို အမျှဝေပေးပါ ... ငါ သာဓုခေါ်ချင်လို့ ... "

"ဟင် ... မမယ်စံ ရက်လည်တုန်းက သူ ဘုန်းကြီးဆွမ်းကျွေးတယ် ... အမျှလည်း ဝေတယ်လေ ... "

"နည်းနေသေးတယ်၊ ငါ့မှာ ဝတ်စရာလည်း မရှိဘူး ... သင်္ကန်းလှူပေးပါ ... ငါ့သားကို ရဟန်းဝတ်ပေးပါ ... ငါ သာဓုခေါ်ချင်တယ်"

"ဟုတ်ပြီ ... ဦးချစ်ကို သမီး ပြောလိုက်မယ်နော် ... "

ထို့နောက် မမယ်စံသည် အိမ်နောက်ဖေးပေါက်မှနေပြီး အပြင်သို့ ပြန်ထွက်သွားလေသည်။

"ဒေါ်လေးစံ ... ဒေါ်လေးစံ ... "

နှင်းကေသရီ လိုက်ခေါ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တံခါးမဖွင့်ဘဲ သစ်သားတံခါးပေါက်ထဲသို့ ဒီအတိုင်း ဝင်၍ ပျောက်ကွယ်သွားခြင်းဖြစ်၏။

"ဩော် ... စားစရာတောင်မရှိဘူးတဲ့ ... ဒေါ်လေး မမယ်စံရယ်၊ သနားစရာ ကောင်းလိုက်တာ ..."

✦





"ဒေါ်လေးစံ ... ဒေါ်လေးစံ ... "

"စိတ်ချပါ ဒေါ်လေးစံ ... ဒီဘဝက ဒေါ်လေး ကျွတ်လွတ်စေရမယ် ... ဦးချစ်ကို အလှူလုပ်ဖို့ သေချာပြောရမယ် ... "

"ဟဲ့ ... မိနှင်း ... အိပ်ရင်းက ယောင်နေပြန်ပြီ ... ထစမ်း ထ ... ဘာလဲ ထမင်းလုံးတစ္ဆေခြောက်ခံရပြန်ပြီလား ... "

မိုးဝသန်က နှင်းကေသရီ၏ပခုံးကို လှုပ်၍နှိုးလိုက်သည်။

နှင်းကေသရီ၏ မျက်လုံးများ ပွင့်လာသည်။

မိုးဝသန်ကို တွေ့တော့ ကြောင်ငေးစွာ ငေးဖြစ်နေရာ

"အိပ်မက်တွေ မက်နေပြန်ပြီလား ... "



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒေါ်လေးစံနဲ့ တွေ့နေတာ ... အိပ်မက်မဟုတ်ဘူး၊ သူ တကယ်လာတာ ... ထမင်းမစားရသေးလို့ တောင်းစားနေတာ၊ သမီး ထမင်းကျွေးလိုက်တယ် ... "

"တော်တော့ ... နှင် ကယောင်ကတမ်းတွေ ပြောပြနိုင်ပြီ ... အိပ်ဦး ... အစောကြီး ရှိသေးတယ် ... "

မိုးဝသန့် ပြောပြီး နှင်းကေသရီ၏ ခြင်ထောင်ထဲက ထွက်လာသည်။

အပေါ်ထပ်အိပ်ခန်း ကျယ်ကြီးထဲမှာ နှင်းကေသရီတို့ ညီမသုံးယောက် တစ်ယောက်တစ်ခုတင်စီဖြင့် အိပ်ကြရ၏။

နှင်းကေသရီတို့၏ မျက်နှာချင်းဆိုင် အခန်းမှာ ဦးမျိုးအောင်နှင့် ဒေါ်မြစိမ်းတို့လင်မယား အိပ်သည်။

အောက်ထပ်မှာ ဒေါ်ကြည်ပြာနှင့် လှလှဝင်းတို့ အိပ်သည်။

နှင်းကေသရီ အိပ်ရာထဲမှာ ငြိမ်မနေနိုင်။

မျက်စိမှိတ်လိုက်တိုင်း မမယ်စံ ရောက်လာသည်ဟု ထင်နေ၏။

အတန်ကြာ အိပ်ရာထဲမှာ နေပြီးမှ အိပ်မပျော်သည့်အတူတူ အိပ်ရာက ထလိုက်၏။





မိုးဝသန့်က စာကြည့်စားပွဲမှာ ထိုင်နေသည်။

မနက်လေးနာရီ ထ၍ စာကြည့်ခြင်းက မိုးဝသန့်၏ အလေ့အကျင့်တစ်ခု ဖြစ်လေသည်။

ထို့ကြောင့်လည်း မိုးဝသန့်က ညီမသုံးယောက်ထဲမှာ စာအတော်ဆုံးဖြစ်သည်။

စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ် ရောက်နေပြီး ဆယ်တန်းကျောင်းသူသုံးယောက်ကိုလည်း စာပြပေးနေခဲ့သည်။

ဆောင်းဟေမာန်က အင်္ဂလိပ်စာ ဘာသာ အဓိကဖြင့် ဒုတိယနှစ် တက်နေသည်။ ကျောင်းစာထက် အလှအပ၊ အပျော်အပါးကို ဦးစားပေးသည်။ ရည်းစားတွေလည်း များသည်။

နှင်းကေသရီက အထွေးဆုံးသမီး။ ယခုနှစ်မှ ဆယ်တန်းတက်ရည့်သူ ဖြစ်၏။

"ဗိုက်ဆာတယ် ... ကော်ဖီဖျော်လိုက်ဦးမယ် ... မိနှင်း ကော်ဖီသောက်မလား ... "

"အင်း ... "

မိုးဝသန့်က မတ်ခွက်ကြီးထဲသို့ ကော်ဖီမစ်နှစ်ထုပ် ဖောက်ထည့်၊ သကြားနှင့် နို့ဆီ အနည်းငယ်ထည့်ကာ ရေနွေးနှင့် သုံးခွက်ရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဖျော့်သည်။

နှင်းကေသရီ ရေချိုးခန်းဝင်သည်။

သွားတိုက် မျက်နှာသစ်ကာ မိုးဝသန် ဖျော်ပေးသော ကော်

ကို သောက်လိုက်၏။

"ဦးချစ်ကို လိပ်ပြာပေဒင်မေးတဲ့အကြောင်း ပြောပြီးပြီလား

"ငါတို့တော့ မပြောချင်ပေါင် ... သူ့မိန်းမအကြောင်း ပြောတာ

ယုံချင်မှ ယုံမှာ ... ဒေါ်လေးကြည်ပြာကတော့ ပြောမှာပါ ... "

မိုးဝသန်က ဘီစကွပ်မုန့်ဘူးထဲမှ မုန့်ကို နှိုက်ယူရင်း ပြေ

သည်။

"အိပ်မက်ထဲမှာတော့ ... ဒေါ်လေးစံက တော်တော်ကြော

စရာကောင်းတယ် ... ထမင်းတွေ စားလိုက်တာ အားရပါးရပဲ ...

"နင်ပဲ စွဲစွဲလမ်းလမ်း သူ့ကို မက်တယ် ... ငါတော့ ခေါင်း

မှာ အဲဒါတွေ မရှိဘူး ... ဒါကြောင့် အိပ်မက်လည်း မမက်ဘူး ... သ

လည်း အခြောက်မခံရဖူးဘူး ... သရဲခြောက်တယ်ဆိုတာလည်

ကြောက်တတ်တဲ့လူတွေရဲ့ စိတ်ကဖြစ်တာ ... ကြောက်တော့ တော

တွေး မြောက်တွေး ကြောက်စရာတွေ ကြံဖန်တွေးတာ ... ဘာ

ကြားကြား ကြောက်နေတာလေ ... ငါတော့ မကြောက်ဘူး ... သ





ဆိုတာ ရှိကို မရှိဘူး ... "

"အမယ်လေး ... မကြီးပြောတာနဲ့ သမီး ကြက်သီးတွေထ

လာပြီ ... သရဲဆိုတာ ရှိတယ် ... သမီး ခဏခဏ တွေ့နေရတာပဲ"

"ကွို ... အီ ... အီ ... "

ပြောဆိုနေရင်းမှ ဝရန်တာတံခါးသည် အသံမြည်၍ ဖြည်းဖြည်း

ချင်း ပွင့်လာ၏။

"ဟော ... "

"ဘာလဲ ... "

"တံခါး ပွင့်လာတယ်လေ ... "

"လေတိုက်လို့ပါဟယ် ... "

"မွှေးလိုက်တာ ... မကြီး အနံ့မရဘူးလား ... "

နှာခေါင်းတရှုံ့ရှုံ့လုပ်ရင်း နှင်းကေသရီ ပြောသည်။

"မွှေးမှာပေါ့ ... ခရေပန်းပင်ကြီးက ပန်းတွေ ပွင့်နေတာကိုး"

နှင်းကေသရီ ဘာမှ မပြောတော့ပေ။

✦



www.burmeseclassic.com

www.burmeseclassic.com



## ၃။ ဖြတ်လမ်းမှချမ်းသာချင်သူ

နှင်းကေသရီ၏ အိပ်မက်ကြောင့်ရော၊ အကြားအမြင်ဆရာမ၏ ဟောတာရောကြောင့် ဦးချစ်ခင်က သားဖြစ်သူ သူရချစ်ခင်အား ဘုန်းကြီးကျောင်းတွင် ရှင်ပြုပေးလိုက်၏။

သူရချစ်ခင်ကလည်း သူ့အမေအတွက် ဆိုပြီး ဘုန်းကြီးဝတ်ပြီး ဆွမ်းခံကြွတိုင်း အိမ်သို့ဝင်သည်။

စိန်ပန်းပင်အောက်မှာ ရပ်ပြီး မိခင်ဖြစ်သူ မမယ်စံ၏ အမည်ကို ခေါ်၍ အမျှဝေလေ၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရီသည် ကိုရင်လေး ဆွမ်းခံကြွလာတိုင်း ဆွမ်းနှင့် ဟင်းတစ်ခွက် အမြဲလောင်းလှူသည်။

လောင်းလှူပြီးတိုင်းလည်း မမယ်စံအား အမျှပေးဝေလေသည်။

ကိုရင်လေးက (၁၄)ရက်ကြာမှ ရှင်ပြန်ထွက်မည် ဖြစ်၏။

ကိုရင် မထွက်ခင် တစ်နေ့ နှင်းကေသရီ ဆွမ်းလောင်းနေစဉ်

"ဒကာမလေး ..."

"ဘာလဲ ကိုရင် ... ဒီနေ့ နောက်ဆုံးနေ့ပဲ ... လူထွက်ချင်ပြီလား ..."

"မနေ့က အိပ်မက်မက်လို့ ... အဖေ့ကိုတော့ ပြောပြီးပြီ"

"ဘာလဲ ... ဒေါ်လေးစံကိုလား ..."

"အမေက အိပ်မက်ထဲမှာ ကျွန်တော့်ကို ဆွမ်းလာကပ်တယ်"

"တယ်ဟုတ်ပါလား ... အိပ်မက်ကောင်းပေ့ ... ပြီးတော့ ဒေါ်ဘာပြောသွားသေးလဲ"

"ထီထိုးပါတဲ့ ... သူနေတဲ့နေရာကို ... လိုက်ပြမယ်ဆိုပြီး ကျွန်တော့်ကို အဲ ... ကိုရင့်ကို ခေါ်သွားတယ်၊ တောထဲက ကျောက်တောင်တွေကြားထဲမှာ ဂူပေါက်ကြီးတစ်ပေါက် ရှိတယ် ... အဲဒီ ခေါ်သွားတာ ... အဲဒီဂူထဲမှာ ရေတွင်းလည်းရှိတယ်၊ ရွှေငွေတွေကို တောင်းကြီးတွေထဲမှာ ထည့်ထားတယ် ... ကြိုက်သလောက် ယူတဲ့"

"အမယ် ... ဒါနဲ့ ယူလာရောလား ကိုရင်က ..."

"ဘုန်းကြီးဝတ်ကြီးနဲ့ဆိုတော့ မယူရဲဘူး၊ မင်းအဖေကို ပြောလိုက်၊ ထီများများထိုးပါတဲ့ ... သူ့နာမည်နဲ့တူတဲ့ ဂဏန်းများများပါတဲ့ ထီလက်မှတ်ရွေးထိုးပါတဲ့၊ ထီထိုးပြီးရင် ဘုရားမှာ ပဲပေါက်စိများများ လှူလို့ မှာလိုက်တဲ့ ..."

"ဒါဆို အဲဒီဂဏန်းပါတဲ့ ထီထိုးပေါ့ ... မမယ်စံဆိုတော့ မက ကြာသပတေး (ငါး) မယ်ကလည်း ကြာသပတေး (ငါး) စံက အင်္ဂါ (သုံး) ငါးငါးသုံးပါတဲ့ ထီလက်မှတ်ရွေးထိုးရမှာပေါ့နော် ..."

"ဒကာမလေးလည်း ထိုးလေ ..."

"အင်း ... ဒေါ်လေး မမယ်စံက ကိုရင်တို့သားအဖအတွက် ပေးတာဆိုတော့ တပည့်တော်ထိုးရင် ပေါက်ချင်မှပေါက်မှာ ... ကိုရင်တို့ပဲ ထိုးပါ ..."

ကိုရင်လေး ရှင်သုတ ခေါ် သူရက ပြန်ကြွသွား၏။

နှင်းကေသရီ မျက်ခုံးလေးကျုံ့ထားပြီး အိမ်ဆီသို့ ပြန်လျှောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေပြောနေတာလဲ ..."

ဒေါ်ကြည်ပြာက မီးဖိုခန်းဝမှ ပြန်၍မေးလိုက်သည်။

"ကိုရင်လေးက အောင်ဘာလေထီ ထိုးနိုင်းနေတာ ..."

"ဟုတ်လား ... ဘာဖြစ်လို့တဲ့လဲ"

ဒေါ်ကြည်ပြာက စူးစမ်းဟန်ဖြင့် မေးလိုက်၏။

ထီထိုးတာကို ဒေါ်ကြည်ပြာ ဝါသနာပါသည်။

ထီပေါက်မယ်ဟု ဗေဒင်က ဟောလိုက်သည်နှင့် အပတ်စဉ် ထီထိုးပြီး ထီပေါက်လျှင် ဘာလုပ်မလဲဆိုတာ တွေးတောစိတ်ကူးယဉ်ကာ ပျော်နေတတ်သည်။

"ဒေါ်လေး မမယ်စံက အိပ်မက်ပေးတာ ... သူ့နာမည်ပါတဲ့ ထီလက်မှတ် ရွေးထိုးပါတဲ့ ..."

"သူ့နာမည် မမယ်စံဆိုတော့ ငါးငါးသုံးပါတဲ့ ထီလက်မှတ်ပေါ့၊ ငါးငါးသုံး အပူးအတွဲ အစုံ များများပါတာ ထိုးရင် ပေါက်နိုင်တာပေါ့"

ဆောင်းဟေမာန်က လက်ဆေးနေရင်းမှ ဝင်ပြောလိုက်သည်။

"အမယ် ... နင်က ဒါတွေ သိတာပေါ့ ... ဘယ်တုန်းက သိတာလဲ ..."

"သူငယ်ချင်းတစ်ယောက်ရဲ့ အမေလေ ... ထီဝါသနာအိုး ...





ထီအရမ်းထိုးတာ ... မင်္ဂလာစုံတွဲတွေချည်း ထိုးတာ၊ အဲဒီအန်တီက ဗေဒင်မေးလိုက် နတ်မေးလိုက် ဘိုးတော်တွေဆီလည်း မေးတာပဲ ... ပြီးရင် ထီကို အုပ်လိုက်ထိုးတာ ... ဟိုတစ်ခါ ထီပေါက်လို့ အလှူလုပ်တာ အကြီးအကျယ်ပဲဆိုတာ သမီး ပြောဖူးပါတယ် ..."

"အေး ... ဟုတ်တယ်၊ လုံထမ်းလာတာသာ မြင်ရတာ ... ကံထမ်းလာတာ မမြင်ရဘူး ... ထိုးဦးမှပဲ ... ငါးငါးသုံးပါတဲ့ ထီလက်မှတ်ရွေးမယ် ..."

"သမီးလည်း ထိုးမယ် ..."

"အေး ... တို့တူဝရီးနှစ်ယောက် စပ်ထိုးမယ် ... မင်္ဂလာစုံတွဲ ထိုးမယ်၊ နှင်းကေသရီရော ..."

နှင်းကေသရီကတော့ ခေါင်းခါလိုက်ပြီး ထိုအနားမှ ထွက်လာသည်။

"ထီအမြဲပေါက်နေတဲ့ ဒေါ်အိမ်စုက ပြောတယ် ... ထီထိုးရင် အလှူသွားလုပ်လိုက်ဦးမယ်ဆိုပြီး ထီလက်မှတ်တွေ ဝယ်တာ၊ ပေါက်ရင်ယူ မပေါက်ရင် အလှူပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကလင် ... ကလင် ... ကလင်"

တယ်လီဖုန်းသံကြားသည်နှင့် ဆောင်းဟေမာန်အမြန်ကောက်ယူ နားထောင်လိုက်၏။

"ဟဲလို ... "

"ဒေါ်ကြည်ပြာနဲ့ စကားပြောချင်လို့ပါ ခင်ဗျာ ... "

"ဟုတ်ကဲ့ ခဏလေး ... "

ဆောင်းဟေမာန်က ဘုရားပန်းအိုးထိုးနေသော ဒေါ်ကြည်ပြာအား ခေါ်လိုက်သည်။

"ဟဲလို ... "

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြည်ပြာလား ခင်ဗျာ ... "

"ဟုတ်ကဲ့ ... "

"ကျွန်တော် ထီဆိုင်ကပါ၊ ကျွန်တော်တို့ထီဆိုင်က ဒေါ်ကြည်ပြာ ထိုးသွားတဲ့ ထီလက်မှတ်ဟာ သိန်းငါးရာဆုကြီးနဲ့ တစ်လုံးတည်း လွဲသွားပါတယ်ခင်ဗျာ ... ဒေါ်ကြည်ပြာက ဆုကြီးနဲ့ တော်တော်နီးစပ်ပါတယ် ... "

"ဟုတ်ကဲ့ ... "

"ကျွန်တော်တို့ဆရာတော်ကြီး အာရုံရတာကတော့ ဒီတစ်ပတ် သိန်းဆုကြီးပေါက်မဲ့သူဟာ ဒေါ်ကြည်ပြာပါပဲ ... တနင်္လာသမီးလား ခင်ဗျာ ... "

"ဟုတ်ပါတယ် ... "

"တနင်္လာသမီးဆိုတော့ ပိုကောင်းတာပေါ့ ... အဘနဲ့ ပဌာန်းဆက်ကျတယ် ... "

"ဘယ်အဘနဲ့လဲ ... "

"အဘဘိုးမင်းခေါင်နဲ့ ပဌာန်းဆက်ကျတယ် ... မွေးနေ့တိုင်းကွမ်းရွက်ကိုးရွက် ကြေးလင်ပန်းနဲ့ ကပ်လှူပြီး သိန်းဆုကြီးပေါက်ဖို့ ဆုကောင်းပါ ... ဆရာတော်ကြီး အာရုံရရင်လည်း လွဲခဲတယ် ...





ဒေါ်ကြည်ပြာနဲ့ ကံပွင့်မဲ့ဂဏန်း၊ ထီလက်မှတ်တွေ သေချာရွေးပြီး လာ ပို့ပါမယ် ခင်ဗျာ ... "

"ဟင် ... လာပို့မယ် ဟုတ်လား ... နေပါစေ ... အားနာစရာ ကြီး ... "

"ထီပေါက်စေချင်လို့ပါ ... ပြီးခဲ့တဲ့အပတ်က သိန်းဆုကြီးနဲ့ တစ်လုံးတည်းလွဲသွားတာ ... ဘယ်လောက်နှမြောဖို့ကောင်းလဲ ... အကွာရာနဲ့မလွဲရအောင် ပေါက်ဂဏန်းနဲ့ မလွဲရအောင် ထီလက်မှတ် လေးငါးအုပ်လောက် ထိုးစေချင်တယ် ... ဆယ်အုပ်တွဲထိုးရင် သေချာ ပေါက်ပြီပေါ့ ... ဘယ်မှာလွဲနိုင်တော့မလဲ"

"ဆယ်အုပ်ဆိုရင် ဘယ်လောက်ကျမှာလဲ ... "

"တကယ်ပေါက်ဖို့ သေချာသလောက်မို့ လှူဒါန်းရအောင်၊ ဘာသနာပြုရအောင် ကျွန်တော်တို့က ပါရမီဖြည့်ပေးတာပါ ... ဆယ် အုပ် သုံးသောင်းခွဲကျပါတယ် ... ဈေးလျှော့ပေးထားတာပါ"

"အမလေး သုံးသောင်းခွဲ၊ များလိုက်တာ ... "

"ဆယ်အုပ်မတတ်နိုင်လည်း စိတ်နိုင်သလောက် ထိုးပေါ့ ခင်ဗျာ၊ ပေါက်တွေ သေချာရွေးပြီး ဆရာတော်ကြီးကိုယ်တိုင် သိဒ္ဓိတင်ပေး ထားတဲ့ ထီလက်မှတ်တွေ ယူလာခဲ့ပါ့မယ် ... လိပ်စာလေး ပြောပါ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျာ ... ”

ဒေါ်ကြည်ပြာက အိမ်လိပ်စာ ပြောလိုက်၏။

“ဘာတဲ့လဲ ဒေါ်လေး ... ”

ဆောင်းဟေမာန်က မေး၏။

“ထီဆိုင်က ဟိုတစ်ပတ်က ငါတို့ထိုးတဲ့ ထီလက်မှတ်က သိန်းငါးရာဆုက နောက်ဆုံးတစ်လုံးပဲ လွဲတယ်တဲ့ ... ”

“ဟင် ... အသည်းယားလိုက်တာ၊ မင်္ဂလာစုံတွဲဆိုရင် ပေါက်မှာနော် ... ”

“အေးပေါ့ ... သိန်းသုံးရာဆု မင်္ဂလာစုံတွဲဆိုရင် အများကြီး မှာ ... ခုလည်း ဆရာတော်ကြီးက တနင်္လာသမီး ဒေါ်ကြည်ပြာ သိန်း ဆုကြီးပေါက်မယ်လို့ အာရုံရထားတာတဲ့ ... အဲဒါကြောင့် ကံကောင် မဲ့ ပေါက်မဲ့ နံပါတ်တွေ ရွေးထားတဲ့ ထီစာအုပ်ယူလာပြီး အိမ်တို ရာရောက် ရောင်းမှာ ... ”

“များများထိုးမှ မလွဲမှာ ... ”

“ငါတစ်ယောက်တည်း ထီကို နှစ်သောင်းဖိုး သုံးသောင်းဖို မထိုးနိုင်ဘူး ... ဆောင်းဟေမာန်လည်း စပ်ပြီး ထိုးပါလား”

“ထိုးမယ်လေ ... တစ်ယောက်ကံ တစ်ယောက်မိုးပြီး ပေါက်





ပေါ့ ... ”

သို့နှင့်ပင် ... ဒေါ်ကြည်ပြာနှင့် ဆောင်းဟေမာန် တူဝရီးနှစ်ယောက် အပတ်စဉ် ထီကို လေးငါးသောင်းဖိုး ထိုးနေကြလေသည်။

✦



www.burmeseclassic.com

www.burmeseclassic.com



## ၆။ ပဲပြုတ်သည်မစော

"ပဲပြုတ်လာနေပြီ အဝင်းရေ ... ငါ ပဲပြုတ်ထွက်ဝယ်လိုက်ဦးမယ် ..."

မနက်စောစော ပဲပြုတ်သည် အော်သံကြားသည်နှင့် ဒေါ်ကြည်ာ ကြွေဇလုံလေးယူ၍ ခြံဝသို့ ထွက်သွား၏။

ခါတိုင်း ပဲပြုတ်ဝယ်လျှင် လှလှဝင်းကို ခိုင်းလို့ရသည်။

မမယ်စံ သေဆုံးပြီးမှ လှလှဝင်းသည် မနက်အစောကြီး ပဲပြုတ်ထွက်မဝယ်ရဲချေ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပဲပြုတ်သည်ကလည်း မနက်ငါးနာရီခွဲဆို ရောက်လာ၏။

ထိုအချိန် ... မိုးစင်စင် မလင်းသေးသဖြင့် သစ်ပင်ရိပ်များနှ

မှောင်နေသေးသည် မဟုတ်လား။

"မစောရေ ... ပဲပြုတ်နှစ်ဆယ်သား ပေးပါ"

"ဟုတ်ကဲ့ အစ်မ ... ကိုချစ်တို့ သားအဖ အိမ်မှာ မရှိဘူးထ

တယ် ... ပဲပြုတ်မဝယ်တာ ကြာပြီ ... "

"အေး ... ခရီးထွက်ကြတယ်ထင်တယ်"

"ဟိုအပတ်ကပဲ ကျိုက်ထီးရိုးသွားပြီး အလှူလုပ်တာ ေ

သေး၊ ထီပေါက်လို့တဲ့ ... "

ဒေါ်ကြည်ပြာ အံ့ဩသွား၏။ ဒီသတင်းကို သူ မကြားလိုက်

လား။

"ထီပေါက်တယ် ဟုတ်လား ... ဘယ်လောက်ပေါက်တာ

"ဆယ်သိန်းလား မသိဘူး၊ သူ့မိန်းမ ထိုးနိုင်းလို့ ထိုးတာ

ငါးအစ သုံးအဆုံး ဆိုလားပဲ ... အဲဒါ ကျိုက်ထီးရိုးမှာ ရွှေသင်္ကန်းေ

ကပ်တယ် ... ကိုးနဝင်းဆရာတော်ကျောင်းမှာ ဆွမ်းကျွေးသွားေ

တယ်"

"ကျုပ်တို့တောင် မသိဘူး ... ကိုချစ်ခင်တို့များ ပြောေ





တောင် မရဘူး"

"သူ့မိန်းမက သူ့ကို တော်တော် မ,တာ ... ကျွန်မတောင်

မနေ့က မမယ်စံကို အိပ်မက်မက်သေးတယ်"

"ဟုတ်လား ... ဘယ်လိုမက်တာလဲ ပြောပါဦး"

"ထူးထူးဆန်းဆန်းတော် ... သူ့ကိုလည်း စွဲလည်း မစွဲလမ်းဘဲ

နဲ့ ဟောဒီ ခြံတံခါးဝမှာ ရပ်ပြီး ပဲပြုတ် ... ပဲပြုတ်လို့ အော်နေတယ်"

"ရှင့်ကိုလည်း မ,ချင်လို့ ထင်တယ်"

"အဲဒီလိုအော်တာနဲ့ ကျွန်မလည်း သူ့ကို ပဲပြုတ်တွေ တောင်းထဲ

က နှိုက်ကျွေးလိုက်တယ် ... "

"အင်း ... နောက်တော့ရော"

"ကျွန်မလည်း သေတဲ့လူကို အိပ်မက်မက်တော့ ကြောက်ပြီး

လန့်နိုးသွားတယ် အစ်မရဲ့ ... "

"မမယ်စံဟာ အသက်လည်း ငယ်သေးတယ် ... သူ့ယောကျ်ား

နဲ့ သူ့သားကိုလည်း သံယောဇဉ်သိပ်ကြီးတာ ... အဲဒါကြောင့် အသေ

ဖြောင့်ဘဲ ဒီလို မကျွတ်မလွတ်ဘဝမှာ ရှိနေတာဖြစ်မှာ ... ဒါကြောင့်

ကိုလူ အိပ်မက်လိုက်ပေး ဒီလူ့အိပ်မက်လိုက်ပေး လုပ်နေတာ ... သူ့

အတွက် ကောင်းမှုကုသိုလ် လုပ်ပေးချင်လို့ ဖြစ်မှာ ... ကိုချစ်ခင်ကို



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်း ပြောပြလိုက်ဦးလေ ... ”

“မပြောချင်ပါဘူး ... သူက သူ့မိန်းမ မကျွတ်ဘူးပြောရင် ကြိုက်
မှာမဟုတ်ဘူး ... ”

“ဒါဆိုလည်း ကျုပ်ပြောကြည့်ရဦးမယ် ... ဟိုမှာ အိမ်ထဲက
မီးရောင်လေး တွေ့တယ်၊ ဒါဆို ခရီးထွက်တာ မဟုတ်ဘူး ရှိတယ်”

ဒေါ်ကြည်ပြာသည် ပဲပြုတ်သည်၏ အိပ်မက်အကြောင်း ပြော
ချင်စိတ်တွေပေါက်နေသဖြင့် ထမင်းကြော်အိုးကို လှလှဝင်းနှင့် ထား
ပြီး ဦးချစ်ခင်၏အိမ်လေးဆီသို့ လာခဲ့၏။

စေ့ထားသော တံခါးကို တွန်းဖွင့်လိုက်၏။

“ကျွီ ... ”

“ဟာဗျာ ... လန့်လိုက်တာ အစ်မရယ်”

ဦးချစ်ခင် လန့်အော်သည်။

သူ့မိန်းမ သေပြီးကတည်းက တစ်ယောက်တည်း မအိပ်ရဲသေ
ဦးချစ်ခင် မဟုတ်လား။

ဟိုကဒီက ချိုးချိုးချွတ်ချွတ် ကြားလျှင်ပင် ကြောက်လန့်
တတ်သည်။

“စောစောစီးစီး ဘာဖြစ်လို့လဲ အစ်မ ... ”

“ဟို ... ပဲပြုတ်သည်က ပြောသွားတယ် မမယ်စံကို အိပ်မ





မက်လို့တဲ့”

“ဟင် ... ”

“ဟောဒီမြို့ရှေ့မှာ ရပ်ပြီး ပဲပြုတ် ... ပဲပြုတ်လို့ အော်တယ်တဲ့”

“ပဲပြုတ်သည် မစောအကြောင်းလည်း သိသားနဲ့ ... ပေါက်ကရ
လျှောက်ပြောတတ်တာ ... သူက ဘာမို့လို့ မမယ်စံက အိပ်မက်ပေးရ
မှာလဲ ... သူတို့ပြောတိုင်း ကျွန်တော်က ဟိုနေရာလှူ၊ ဒီနေရာလှူ
ဆိုရင် ကျွန်တော် မွဲရောပေါ့ ... ”

“ဒါပေမဲ့ ... မမယ်စံ ထီထိုးခိုင်းလို့ ထီထိုးတာ ပေါက်တယ်
မဟုတ်လား”

“ပေါက်တယ်လေ ... အဲဒီတစ်ခါပဲပေါက်တာ ... လှူဖို့ ရည်
ရွယ်ပြီး ထိုးတာ ... ပေါက်တော့လည်း လှူလိုက်တာပေါ့၊ နောက်
တစ်ခါ ပေါက်မလားလို့ ထိုးတာ မပေါက်ပါဘူး ... ဒါပေမဲ့ လစဉ်တော့
ကံစမ်းတဲ့အနေနဲ့ ထိုးနေတယ်၊ မမယ်စံက အိပ်မက်ပေးရင် ကျွန်တော့်
ဲ ပေးမှာပေါ့ ... ဒါမှမဟုတ် သူ့သားကို ပေးမှာပေါ့ ... ဘာမှ မဆိုင်
တဲ့ ပဲပြုတ်ရောင်းတဲ့ မစောကို အိပ်မက်ပေးပါ့မလား”

“အေးလေ ... ဒါလည်း ဟုတ်တာပဲ”

✦



www.burmeseclassic.com

www.burmeseclassic.com



## ၇။ နတ်ပြည်က ဘုံက မမယ်စံ

"ဟယ် ... မမယ်စံ ... အမလေး မှတ်တောင် မမှတ်မိဘူး၊ ဘယ်လှနေပါလား ... "

မမယ်စံသည် ယခင်က ပုံစံနှင့် လုံးဝခြားနားစွာဖြင့် ပြောင်ပြောင်လက်လက် အဝတ်အစားတွေ ဝတ်ထားသည်။

မျက်နှာကလည်း ပြည့်ဖောင်းပြီး ဖြူဝင်းနေ၏။

မိတ်ကပ်တွေ နှုတ်ခမ်းနီတွေ ဆိုးထားတာ မဟုတ်ဘဲ ထူးခြားစွာ လှပနေခြင်း ဖြစ်သည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမှာလည်း ရတနာမျိုးစုံဖြင့် စီခြယ်ထားသော အစ္ချွန်အတက်တွေပါသော စည်းပုံတစ်ခု ဆောင်းထား၏။

"မမယ်စံ အခု ဘာဖြစ်နေလဲ ... ခုလို တွေ့ရတာ ဝမ်းသာလိုက်တာ ... "

"ကျွန်မ အခု နတ်ပြိတ္တာဘုံမှာ ရောက်နေတယ် ... လူ့ဘဝတုန်းက ကျွန်မ ကျောင်းတွေ ရေကန်တွေ လှူခဲ့တဲ့အကျိုးကျေးဇူးကြောင့်ပေါ့ ... ဟောဒီမှာ ကျွန်မနေတဲ့ နေရာလေး လိုက်ကြည့်ပါဦး"

နတ်ပြိတ္တာဘုံတွင်ရောက်နေသော မမယ်စံက သူ၏ ဗိမာန်ကို ခေါ်သွားလေ၏။

ဗိမာန်သည် အလွန်လှပ၏။ ပတ်ဝန်းကျင်တွင် ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေကန်ကြီးရှိပြီး ပန်းမျိုးစုံပွင့်သော ဥယျာဉ်ကြီးလည်း ရှိလေသည်။

"တယ်ဟုတ်ပါလား မမယ်စံရယ် ... ဒါဆို ... ကိုချစ်လုပ်တဲ့ ကောင်းမှုကုသိုလ်တွေကိုလည်း ရှင် သာဓုခေါ်တယ်ပေါ့နော် ... "

"ကျွန်မ မသေချင်ဘူး ... ဒီသားနဲ့ ဒီယောကျ်ားကို မခွဲချင်ဘူး၊ ကျွန်မမှာ သေလောက်တဲ့ရောဂါကြီးရတာတောင် ကျွန်မကိုယ်ကျွန်မ သေမယ်လို့ မထင်ခဲ့ဘူး ... ကျွန်မရဲ့အစွဲအလမ်းတွေကြောင့် ကျွန်မ





ကျွတ်ဘူး ... အဲဒီအနားမှာပဲ ပြိတ္တာအဖြစ်နဲ့ တဝဲလည်လည်နေခဲ့ရတယ်လေ"

"ဟုတ်ပြီ ... ဟုတ်ပြီ"

"ကျွန်မသားလေး ရှင်ပြုတဲ့ကုသိုလ်ကောင်းမှုကိုတွေ့ပြီး ဝမ်းသာအားရ သာဓုခေါ်ခဲ့ရလို့ နတ်ပြိတ္တာဘုံကိုရောက်လာခဲ့တာ"

"ဒါဆို ရှင်အရင်လို စားစရာမရှိလို့ ဝတ်စရာမရှိလို့ ဒုက္ခရောက်ရတာမျိုးမရှိတော့ဘူးပေါ့နော် ... "

"အင်း ... အဲဒီလိုတော့ မရှိတော့ဘူး ... ဒါပေမဲ့ နတ်ပြိတ္တာဘုံက ကျွတ်အောင် ကျွန်မ တရားအားထုတ်ရဦးမယ်၊ အရင်က အလှူဒါန်းလုပ်ခဲ့ပေမဲ့ သီလဘာဝနာမလုပ်ခဲ့သေးဘူးလေ ... ကဲ ... န်မနဲ့တွေ့တဲ့အကြောင်း ကျွန်မရဲ့သားနဲ့ယောကျ်ားကို ပြောပြ ကဲ၊ ရှင့်အတွက် တစ်သက်လုံးကောင်းစားအောင် ကျွန်မဟောဒီ သင်ပန်းနှစ်ချပ်ပေးလိုက်မယ် ... အဲဒါကို အရင်းအနှီးပြုပြီး ကြီးပွားသာအောင်လုပ်ပေတော့"

"ဝမ်းသာလိုက်တာ ... ကျေးဇူးတင်လိုက်တာ မမယ်စံရယ်"

ရွှေလင်ပန်းနှစ်ချပ်ကိုယူ၍ ဝမ်းသာအားရဖြင့် ခေါ်ကြည့်ပြာဘုံဗိမာန်ထဲမှ ပြေးထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရဖြင့် ပြေးလာခဲ့ရာ လမ်းမှာရှိသော ကျောက်တုံးကို တိုက်မိမလိုဖြစ်၍ ရှောင်လိုက်ပါမှ ခြေခေါက်ကာလဲကျသွားလေရာ၊ လက်ထဲမှ ရွှေလင်ပန်းနှစ်ချပ်လွတ်ကျသွားလေ၏။

"ချလွမ် ... ချလွမ် ... ဝွမ်"

"အမယ်လေး ... ငါ့လင်ပန်း ... ငါ့လင်ပန်းတွေ"

လွတ်ကျသွားသောလင်ပန်းနှစ်ချပ်သည် အချင်းချင်းရိုက်ခတ်ပြီး အသံစုံမြည်ဟီး၍သွားလေသည်။

"ဟင် ... "

ရုတ်တရက် လင်ပန်းနှစ်ချပ်မှာမတွေ့သဖြင့် ရင်ထဲအထိတ်တလန့်နှင့် စိုးရိမ်သွား၏။

လင်ပန်းတွေ ဘယ်ရောက်သွားလဲ။

တကယ်တော့ သူမ ခလုတ်တိုက်လဲကျနေတာမဟုတ်။

နွေခင်းကြောင်တောင်ကြီး ပက်လက်ကုလားထိုင်ပေါ်မှာ အိပ်ပျော်နေခြင်းဖြစ်၏။

ဒါဆို အိပ်မက်မက်နေတာပေါ့။

အိပ်မက်ကို ပြန်စဉ်းစားနေသည်။

အို ... ကောင်းလိုက်တဲ့အိပ်မက်ပါလား။





မမယ်စံကလည်း ... နတ်ပြည်ဘုံရောက်နေတဲ့ ... နတ်သမီးတဲ့။

ပြီးတော့ ... သူ့ကို ရွှေလင်ပန်းနှစ်ချပ်ပေးလိုက်သေးတယ်လေ။

"ရွှေလင်ပန်းနှစ်ချပ်"ဆိုတာ နံပါတ်ပေးတာပဲ။

ဟီ ... ဟီ ပျော်လိုက်တာ၊ ဒီတစ်ခါတော့ အပိုင်ပဲ။ အောလိုက်ဦးမှ။

ထိုစဉ်မှာပင် ဆောင်းဟေမာန် ကျောင်းကပြန်လာသည်။

"ဆောင်းဟေမာန် ... ရေ"

ဒေါ်ကြည်ပြာ၏ မြူးတူးပျော်ရွှင်နေသောအမူအရာကိုကြည့်ပြီး ဆောင်းဟေမာန်က ဒေါ်လေးဘာတွေအူမြူးနေလဲလို့တွေးသည်။

"ငါ အိပ်မက်တွေမက်နေတာ"

"ဘာမက်တာလဲ"

"မမယ်စံလေ၊ အိပ်မက်ထဲမှာ ငါ့ကိုလာတွေ့တယ်၊ လှလိုက်တာအေ၊ သူမသေခင်ကရုပ်နဲ့တခြားစီပဲ၊ မျက်နှာကလည်းပြည့်ဝိုင်းနေတာပဲ၊ အသားအရေကလည်း ဖြူဝင်းနုညက်နေတာ၊ အဝတ်အစားကလည်း ပြောင်ပြောင်လက်လက်နဲ့ သူက သူ့ယောက်ျားအလှူလုပ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကို သာမုန်ခေါ်လိုက်လို့ စားစရာမရှိတဲ့ ပြိတ္တာဘဝကနေ နတ်ပြိတ္တာဖြစ်သွားတာတဲ့ ... သူနေတဲ့အဆောက်အဦဗိမာန်ဆိုတာကလည်း ကောင်းမှကောင်း၊ ငါ့ကို တစ်သက်လုံး ချမ်းသာသွားအောင်လုပ်ပေးမယ်ဆိုပြီး ရွှေလင်ပန်းနှစ်ချပ်ပေးလိုက်တာ၊ ရွှေလင်ပန်းက ပေဘောဒီလောက်ကြီးရှိတယ်၊ ငါဝမ်းသာအားရနဲ့လင်ပန်းကြီးနှစ်ချပ်ကိုင်ပြီး အိမ်ပြန်ပြေးလာတော့ ခြေခေါက်လဲသွားတာနဲ့ အိပ်ရာက နိုးလာတော့တာပဲအေ ... ”

ဆောင်းပေဟမာန်က ဒေါ်ကြည်ပြာ၏အိပ်မက်အကြောင်းပြောပြနေတာကို စိတ်ဝင်တစားခေါင်းကလေးတညိတ်ညိတ်လုပ်ရင်း နားထောင်နေလေသည်။

“ဒါပဲလား အိပ်မက်က ... ”

“အေး ... ရွှေလင်ပန်းနှစ်ချပ် ပေးလိုက်တယ်လေ ... အဲဒါ အတိတ်နိမိတ်ကောင်းပေါ့ ... တစ်သက်လုံး ချမ်းသာဖို့တဲ့ အများကြီးရအောင် အများကြီးထိုးမှဖြစ်မှာပေါ့ ... ”

ဆောင်းပေဟမာန် စဉ်းစားနေသည်။

“ဟုတ်တယ်နော် ... ရွှေလင်ပန်းနှစ်ချပ်ဆိုတော့ ဘာကနေကောက်ရမှာလဲ ... လင်ပန်းဆိုရင်တော့ လေးငါးပဲ၊ လေးနဲ့ငါး ပေါင်း





်ကိုး၊ ပြီးတော့ လင်ပန်းနှစ်ချပ်ဆိုတော့ နှစ်လည်း ပါရမယ် ...

အာင်ဘာလေထိက ဂဏန်းခြောက်လုံးတောင်ပါတာ ... ဒေါ်လေး

ယ်စံပြောတာ ဘာတဲ့ တစ်သက်လုံး ချမ်းသာအောင် ဟုတ်လား၊

ဆို တစ်သက်လုံးဆိုတာ ခုနစ်၊ ခြောက်၊ လေး၊ ချမ်းသာအောင်ဆို

ာ နှစ်၊ ခြောက်၊ တစ်သက်လုံး ချမ်းသာအောင်ဆိုရင် (၇၆၄၂၆၁)

ဖြစ်မယ် ... ”

“ဟယ် ... တော်လိုက်တာ၊ အဲဒါ ဖြစ်နိုင်တယ် ... သိန်းငါးရာ

ပေါက်ချင်ပေါက်၊ ဒါမှမဟုတ် မင်္ဂလာစုံတွဲပေါက်၊ ရှေ့သုံးလုံးတူရင်

ာင် အများကြီးရတာ ... (၇၆၄) စတဲ့ ထီလက်မှတ် မရရအောင်

ထိုး ... ”

“(၇)အစ (၁)အဆုံးတွေ ထိုးကြည့်ရအောင် ... ”

“အင်း ... ထီထိုးတာတော့ ထိုးရမှာပေါ့၊ ဒါပေမဲ့ ပိုက်ဆံမရှိဘူး၊

တစ်ခါ ဆရာတော် အာရုံရလို့ ထီဆုကြီးပေါက်မယ်ဆိုပြီး ထီဆိုင်

လာရောင်းတာ လေးသောင်းကျော်လောက် ကုန်သွားတယ် ...

တစ်ပတ်ကလည်း နှစ်သောင်းဖိုး ... ”

“သမီးလည်း လက်စွပ်ရောင်းပြီး ထိုးတာ မေမေ သိရင် ကျိုင်

... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ငါလည်း လက်ကောက်တစ်ဖက် မရှိတော့ဘူး ... "

"ဘာပဲပြောပြော ငွေမျော ငွေနဲ့လိုက်ရတယ် ... သမီးတော့ ထိုးဦးမှာ ... သမီးကိုလည်း ဗေဒင်က ဟောထားတယ်၊ ဒီနှစ်မှာ ထီဆုကြီးပေါက်မယ်တဲ့ ... ထီများများထိုးမှ၊ နို့မဟုတ်ရင် တစ်လုံးလွဲ နှစ်လုံးလွဲနဲ့ ... "

"အေး ... ငါ့ကိုလည်း ထီဆုကြီးပေါက်မယ်လို့ ဆရာတော်က အာရုံရထားတာ ... ထီဆိုင်က ဖုန်းဆက်သေးတယ်၊ သုံးပတ် ဆက်ပြီးထိုးရမယ်တဲ့၊ ထီပေါက်ချင်လိုက်တာ ... ထီပေါက်ရင် မြန်မာပြည်အနှံ့ ဘုရားစုံဖူးပြီး လှူပစ်လိုက်ဦးမှာ၊ နင်ကရော ထီပေါက်ရင် ဘာလုပ်မလဲ ... "

"သမီးက ကားဝယ်ချင်တာ၊ သမီးသူငယ်ချင်း ရှင်ညိုထွေးကို သိတယ်မဟုတ်လား ... ထီပေါက်တာ လေးကြိမ်ရှိပြီ"

"အေး ... ဘယ်လိုကုသိုလ်ကံကောင်းနေတာလဲ မသိဘူး ... သူ့ဆီက ထီပေါက်တဲ့ဂါထာလေး ရှိလားလို့ ... မေးကြည့်ဦး၊ ဒီလောက်ပေါက်နေတာ ... တစ်ခုခု ကောင်းတာ ရှိနေလို့ပဲ ... "

သည်လိုနှင့်ပင် ... ဒေါ်ကြည်ပြာနှင့် ဆောင်းဟေမာန်တို့နှင့်





ယောက်မှာ ချမ်းသာလိုစိတ်ဖြင့် ထီတွေ တအားထိုးရင်း ထီပေါက်ကံနှင့်လွဲကာ ရှိသမျှတွေကုန်သွားကြပေတော့သည်။

✦



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဟေမာန်တို့အကြောင်းဦးမျိုးအောင်နှင့်ဒေါ်မြစိမ်းတို့ သိသွားကြပြီး။

ဒေါ်မြစိမ်းမှာ တစ်ခါမှ မထွက်ဘူးသော ဒေါသဖြင့် သမီးဖြစ်သူအား ရိုက်နှက်ဆုံးမသည်အထိ ဖြစ်ရလေသည်။

"မကြည်ပြာ ... နှင်လည်းတော်တော်မိုက်လုံးကြီးတာပဲ ... ခ်လုံးသုံးလုံးထိုးလို့ ဘာဝပျက်ပြီး မွဲတေစုတ်ပြတ်နေတဲ့ လူတွေအများ ကြီးပဲ ... နင်းလည်းတွေ့ဖူးနေသားနဲ့ ... စကောလောက်မှ စောက်မ က်တဲ့ မိန်းမ ... ချစ်ခင်အိမ်ကို နင်သွားသွားနေတာ အဲဒါကြောင့် ား ... ဟိုက မုဆိုးဖို ... နင်က အပျိုကြီးမို့ မနေတတ်မထိုင်တတ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ညားသွားမှာစိုးလို့ ငါကအနေအထိုင်ဆင်ခြင်ဖို့ပြောနေတာ၊ တော် တော်အသုံးမကျတဲ့မိန်းမပဲ ... ”

အသက်လေးဆယ်ကျော်အရွယ် ဒေါ်ကြည်ပြာသည် ခုတော့ အသက်ဆယ့်ငါးနှစ်အရွယ် အပျိုပေါက်စလေးလို အသံထွက်၍ တဟင် ဟင့်ရှိုက်ငိုနေသည်။

“ကျွန်မ သေသင့်ပါတယ်အစ်မရယ် ... ကျွန်မသေဖို့ကောင် တာပါ ... ခုတော့ ကျွန်မမှာ ရွှေတွေလည်းကုန်၊ အကြွေးတွေလည် တင်၊ ဒီမုဆိုးဖိုလူကြီးနဲ့အထင်လည်းခံရ၊ အဲဒါ မမယ်စံကြောင့် ... ဒ အိပ်မက်ပေးတာမဟုတ်လို့ အဟီး ဟီး ဟီး”

“ဟဲ့ ... အော်ငိုနေတာမရှက်ဘူးလား ... မမယ်စံသေတာ တစ်နှစ်ပြည့်တော့မယ် ... ဘယ်ဘဝရောက်နေမှန်းမသိတဲ့ဟာက နင်တို့က လိုရာဆွဲတွေးနေကြတာ ... ”

“ပထမတစ်ခါတုန်းက သူ့သားကို အိပ်မက်ပေးပြီး ထီထိုးခိုင် ခဲ့တာပါအစ်မရယ် ... အခု ကျွန်မကို အိပ်မက်ပေးတာ ... သူ နတ် ပြိတ္တာဘုံမှာ နတ်သမီးဖြစ်နေတယ်ဆိုပြီး ... ”

“တော်စမ်း ... ဘာလဲ နတ်ပြိတ္တာဘုံ ... နတ်ဖြစ်ရင်နတ်ပေ ပြိတ္တာဆိုလည်းပြိတ္တာပေါ့ ... နင်တို့ဟာ သေတဲ့လူဆီကတောင် အမြ



ထုတ်ချင်ကြတယ် ... တော်ပြီနော် နင်က အဒေါ်ဖြစ်ပြီး တူမတွေကို မဖြစ်သင့်တာမဖြစ်အောင် မဆုံးမပဲ မဟုတ်တာ နည်းလမ်းပြနေတယ်၊ ဟို ချစ်ခင်ဆိုတဲ့လူလည်း ဒီလိုပဲ ... သေတဲ့မိန်းမ ပြိတ္တာဖြစ်တာကို လွတ်အောင် ကောင်းမှုကုသိုလ်လုပ်မပေးဘဲ ဟိုကအိပ်မက်ပေးပြီး နံပါတ်ပေးတာစောင့်နေတယ် ... ”

ဒေါ်မြစိမ်း စိတ်ဆိုးဆိုးဖြင့်ပြော၍ဆူ၍မပြီးတော့။

“ဘယ့်နှယ် အကုသိုလ်များလို့ ပြိတ္တာဖြစ်နေမှ ဒီနှစ်လုံးတွေ သုံးလုံးတွေပေးနိုင်တဲ့တန်ခိုးရှိပါ့မလား ... ငါကြားဖူးတာက ပြိတ္တာဆို တာ စားဖို့နေဖို့မရှိ၊ သူတို့ကိုယ်သူတို့တောင် အနိုင်နိုင်၊ သူများကို အိပ်မက်ပေးပြီးနှစ်လုံးသုံးလုံးပေါက်အောင် မနိုင်ပါ့မလား”

ဦးမျိုးအောင်ကလည်းပြောသည်။

“ပြီးတာပြီးပြီ ... ပြန်မရနိုင်တော့ဘူး ... မှားခဲ့တာကိုပြုပြင်လို့ ရသေးတယ် ... လောင်းကစားဆိုတာ သူများပိုက်ဆံမတရားလိုချင် တာ၊ လောင်းကစားနိုင်လို့ရတဲ့ငွေဆိုတာ အပူတွေ၊ ရပြီးပြန်ကုန်တာပဲ၊ ဘုရားလည်းမကြိုက်ဘူး၊ နောက်တစ်ခါ အဲဒါမျိုးလုပ်တယ်ကြားရင် ခွင့်မလွှတ်ဘူး ... အိမ်ကခေါင်းနဲ့ဆင်းရမယ် ... ”

ဒေါ်ကြည်ပြာနှင့် ဆောင်းဟေမာန်တို့က နောက်မလုပ်တော့



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးဟု ကတိပေးကြလေသည်။

“လူတွေဟာ ကြံကြံဖန်ဖန်နော် ... သံလျင်မှာလည်း သရဲပူးပြီး နှစ်လုံးနံ့ပါတ်ပေးတဲ့လူရှိတယ်လို့ ကြားဖူးတယ် ... ”

“အဲဒါ မင်းယုံလား ... လူလိမ်လူညာတွေ ကြံဖန်လှည့်စားနေကြတာ ... ရွှေတွေခိုးရောင်းတာရော ... လောင်းကစားလုပ်တဲ့ အကုသိုလ်တွေကင်းအောင် ကောင်းမှုကုသိုလ်များများလုပ်၊ နှင်းကေသရီစာမေးပွဲပြီးရင် နင်တို့အဒေါ်ကိုပါခေါ်ပြီး တရားစခန်းဝင်ကြ ဟုတ်ပြီလား ... ”

နှင်းကေသရီက အပြစ်လုပ်ထားသူမဟုတ်သော်လည်း မကြာခဏရိပ်သာတွင် တရားထိုင်နေကြမို့ ပြောလိုက်ခြင်းဖြစ်ပါသည်။

✦





## ၈။ ကျေးရွာပဲ မမယ်စံ

ဒေါ်ကြည်ပြာတို့ တရားရိပ်သာဝင်ပြီး ကောင်းမှုကုသိုလ်ပြုကြသော်လည်း ဦးချစ်ခင်ကမူ လူကြားကောင်းအောင် သက်သတ်စား၊ ဘုရားသွား ပုတီးစိပ်လုပ်နေရင်းက နှစ်လုံးသုံးလုံးအပြတ်ထိုးသာ ဘောလုံးပွဲပါလောင်းနေတော့၏။

မမယ်စံသေဆုံးပြီး တစ်နှစ်ပြည့်ပြီးသည်နှင့် ဦးချစ်ခင်က ကော်အားဖြင့် နှစ်လုံးဒိုင်ကိုင်နေသော မခင်ကြူနှင့်ယူလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မခင်ကြူနှင့်ယူမည်ဆိုတာသိသောနေ့က ဦးမျိုးအောင်က ဦးချစ်ခင်အားခေါ်၍ သတိပေးစကားပြောသည်။

"မင်းကို ငါ့ခြံထဲမှာနေခွင့်ပြုခဲ့တာ ... မင်းတစ်ယောက်တည်း သမား လူပျိုဘဝကတည်းကနော် ... ကားဂိုထောင်အပေါ်ထပ်မှာ ထားခဲ့တာ ... သိန်းသိန်းနဲ့ယူတော့ မင်းဘာသာ တခြားမှာနေခဲ့ရတာ မှတ်မိလား ..."

"ဟုတ်ပါတယ် ... မှတ်မိပါတယ်"

"မမယ်စံကို မင်းယူတော့ သိန်းသိန်းသိမှာစိုးလို့ပါ ... မင်း တခြားနေစရာမရှိဘူးဆိုပြီး ဒီခြံထဲမှာ တဲထိုးနေကြရာက မင်းသဘော နဲ့မင်း ခြေတံရှည်အုတ်ဖိနပ်နဲ့ ပျဉ်ထောင်အိမ်ဆောက်ခဲ့တာ၊ မမယ် ဆုံးတဲ့အထိ ငါမနှင်ခဲ့ဘူး၊ ခြံဝင်းခတ်လို့သာ တားမြစ်ခဲ့တာ၊ ဒါ အခု မင်းက နောက်မိန်းမထပ်ယူဦးမယ်ဆိုရင်တော့ ငါ့ခြံထဲမှာနေ မပြုနိုင်ဘူး ... မင်းဘာသာ တခြားမှာသွားနေ"

"ကျွန်တော် ကြိုးစားနေပါတယ် ... အိမ်ဝယ်ဖို့ ငွေအ အလောက်ရှိတဲ့အခါ ပြောင်းပေးပါ့မယ် ..."

"ဘယ်တော့မှ မင်းအိမ်ဝယ်ဖို့ငွေက လုံလောက်မှာလဲကွ"

"သိပ်မလိုတော့ပါဘူး ..."

ရွှေပဒေသာစာပေ



ပြောသာပြောရသည် ဦးချစ်ခင် ဒီခြံထဲကထွက်သွားမည်လို့ ဦးမျိုးအောင်မထင်ပေ။

ဒီခြံထဲမှာက အိမ်လခလည်းပေးစရာမလို၊ ရေမီးအစုံအလင်နှင့် ကျယ်ကျယ်ဝန်းဝန်းနေကြရသည်။

ဦးချစ်ခင် နောက်ယူသောမကြူကား အသက်သုံးဆယ်ကျော် ကျော်သာရှိသော အပျိုကြီးဖြစ်၏။

ယခင်က ကုန်စိမ်းရောင်းသည်။

နောက်တော့နှစ်လုံးဒိုင်ကိုင်တာ ကုန်စိမ်းရောင်းတာလို မပင် ...န်းဘဲ ငွေရလွယ်သည်ဆိုပြီး ကော်မရှင်စားဖြင့် ဒိုင်ကိုင်နေခြင်းဖြစ် ...။

မကြူသည် မနက်ခင်းဆိုလျှင် စာအုပ်ကလေးတစ်အုပ်နှင့် ဈေး ...ကလူတွေဆီ နှစ်လုံးသွားရောင်းတတ်၏။

ဈေးထဲကပြီးလျှင် ရပ်ကွက်ထဲမှာလည်းတစ်အိမ်ပြီးတစ်အိမ် ...သွားတတ်သည်။

နေ့လယ်ပိုင်းတွင်လည်း သည်လိုပင် ဈေးထဲသွားရောင်းတတ် ...

ပိုက်ဆံရလွယ်သည့်အလုပ်အဖြစ် မကြူကျွေနပ်နေလေသည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မနက်စောစော ဈေးဝယ်ရင်း နှစ်လုံးရောင်း၊ ပြီးတော့ ချက်ပြုတ်၊ ရေချိုး၊ အရပ်ထဲတစ်ခါသွားပြီး နှစ်လုံးထိုးတတ်သည့်အိမ်များသို့ လှည့်လည်ရောင်း၊ အိမ်ပြန်ထမင်းစားသောက်ပြီး တရေးတမောအိပ်တတ်သော မကြူသည် ထိုနေ့ကလည်း ခေါင်းလျှော်ရေချိုးပြီး အိပ်မောကျသွားလေသည်။

"ဟော့ ... ထစမ်း ... ဒီအိပ်ရာမှာ အိပ်နေတာ ဘယ်သူလဲ"

ရုတ်တရက် မိမိ၏ခေါင်းရင်းမှအော်သံကြောင့် မျက်လုံးများ ဖျတ်ခနဲဖွင့်လိုက်သည်။

"ထစမ်း ... လို့ပြောနေတယ် မကြားဘူးလား"

ခပ်မာမာထန်ထန်ပြောလိုက်သံကြောင့် ငုပ်တုတ်ထထိုင်ပြီး ခေါင်းရင်းသို့ကြည့်လိုက်၏။

အလို ... ဘုရား ... ဘုရား လန့်အော်ရင်း မိမိရင်ဘတ်ကို လက်ဖြင့် ဖိထားလိုက်သည်။

ခုတင်ခေါင်းရင်းမှရပ်ပြီး မိမိအားငုံ့ကြည့်နေသူက ဦးချစ်ခင်၏ ကွယ်လွန်သွားပြီးသောဇနီး မမယ်စံဖြစ်နေပါရောလား။

မမယ်စံအား မကြူက မြင်ဖူးပြီးသားဖြစ်သည်။

ယခင်ကလို ဝဝဖိုင့်ဖိုင့်ပုံသဏ္ဌာန်မျိုးမဟုတ်။





မျက်တွင်းချိုင့်ပြီး မျက်ဝန်းတစ်ဝိုက် ညိုမဲနေ၏။

နှုတ်ခမ်းထူကြီးနှစ်ခုက ထော်လန်ပြီးပြောနေသည်။

အသားအရောင်က မွဲခြောက်နေ၏။

မကြူမှာ မမယ်စံအား ကြည့်ရင်း အသားတွေ တဆတ်ဆတ် တုန်လာသည်။

ကြက်သီးတွေလည်း တဖြန်းဖြန်းထကာ ခြေဖျားလက်ဖျားတွေ ခအေးစက်လို့သွား၏။

"မမယ်စံ ... ကျွန်မ ... ကျွန်မကို ဘာလုပ်မလို့လဲ ... ဟင်၊ ကျွန်မ ဒီမှာ အိပ်တာမကြိုက်လို့လား ... ကျွန်မကို ဒီလို မခြောက်လှန့်ပါနဲ့ ... ကျွန်မ ကြောက်တတ်လို့ပါ"

မကြူ ပြောရင်းမှ အသံတွေ တုန်ကာ လည်ချောင်းဝတွင် ပျောက်သွား၏။

မမယ်စံကတော့ သူ့အား မျက်လုံးပြူးကြီးဖြင့် စိုက်ကြည့်နေ၏။

"အမယ်လေး ... ကြောက်ပါတယ် ... ကြောက်လှပါတယ် ... အိပ်နဲ့ဆိုမအိပ်ပါဘူး ... ကျွန်မကိုတော့ ချမ်းသာပေးပါ ... အမယ်လေး ... "

မကြူ အိပ်ရာထဲကထပြီး ထွက်ပြေးသဖြင့် လှလှဝင်းနှင့် နှင်း



www.burmeseclassic.com

www.burmeseclassic.com



ကေသရီတို့ ခြေကျိုးနောက်ကပြေးလိုက်ပြီး ဖက်ရလေသည်။

"အန်တီကြူ ... ဘာဖြစ်တာလဲ ... ဘာဖြစ်လို့ထွက်ပြေးတာလဲ ... "

"အမယ်လေး ... ကြောက်တယ် ... ကျုပ်ကိုသရဲလိုက်လို့"

"ဟုတ်ရဲ့လား ... နေ့ခင်းကြောင်တောင်ကြီး"

ဒေါ်ကြည်ပြာလည်း အိမ်ထဲကထွက်လာပြီးမေးသည်။

ထိတ်လန့်ကြောက်လန့်ခြင်းပြင်းစွာဖြင့် မကြူသည် ထဘီစွန်တောင်ဆွဲ၍ ဆွေ့ဆွေ့ခုန်နေလေသည်။

"ဘယ်လိုဖြစ်တာလဲ ... သေချာပြောပါဦး ... လာ ... လာ အိမ်ထဲလိုက်ခဲ့ ... တို့အိမ်ထဲ ဘာမှမရှိဘူး ... အရမ်းအေးချမ်းတာ... ရေအေးအေးလေးတစ်ခွက်တိုက်ပါဟဲ့ မကြူကို"

ထမင်းစားခန်းအပေါက်ဝမှနေ၍ မကြူအား အိမ်ထဲခေါ်လာခဲ့ကြသည်။

မကြူခြေဖျားလက်ဖျားတွေ အေးစက်နေသည်။

ရေသောက်တာပင် လည်ပင်းနင်နေ၍ ကောင်းစွာမသောက်နိုင်။

"ကျွန်မ ဒီမှာမနေရဲတော့ဘူး ... အမယ်လေး ... ကျွန်မခေါင်





[illegible]င်းကနေ ကျွန်မကိုငုံ့ကြည့်နေတဲ့သရဲမဟာ မမယ်စံမှ မမယ်စံအစစ်၊ [illegible]သူ့အိပ်ရာမှာ ကျွန်မကို မအိပ်ရဘူးတဲ့ ... ကျွန်မကို နှင်လွှတ်တာ ... [illegible]လိုသရဲဖြစ်ပြီးခြောက်နေမှန်းမသိလို့ပါ ... သူ့အိမ်မှာလည်းမနေရဲဘူး[illegible]တဲ့ ... သူ့လင်ကိုလည်းမယူရဘူးတဲ့ ... ကျွန်မမှာ ဒီလောက်လင်မရှား[illegible]ဘူး ... အမယ်လေး ... ခုတော့ ကျွန်မဒုက္ခရောက်ပါပေါ့လား ... [illegible]နေဘူး ... ဒီမှာမနေဘူး ... "

"ဟယ် ... မဟုတ်တာတွေ ဘာတွေ ကယောင်ကတမ်းနဲ့[illegible]ပါက်ကရတွေလေဆောက်ပြောနေရတာလဲ ... ကိုချစ်တို့သားအဖ[illegible]မှာဒီလိုပဲနေနေတာပဲဟာ ... "

ဒေါ်ကြည်ပြာက ချော့မော့နှစ်သိမ့်စကားပြော၏။

"သူတို့ကိုကျတော့ သရဲမခြောက်တာနေမှာပေါ့ ... ကျွန်မကို[illegible]တော့ လူကမနေစေချင်လို့ဖြစ်မှာ ... အမယ်လေး ... ကျွန်မ တကယ်[illegible]နေတော့ပါဘူး ... ကျွန်မ အမေအိမ်ပြန်နေတော့မယ် ... "

မကြူသည် ထိုညက သည်အိမ်မှာ မအိပ်ဖြစ်တော့။

နောက်သုံးရက်အကြာမှာ ဦးချစ်ခင်တို့သားအဖလည်း ဒီအိမ်ကို[illegible]ားခဲ့ကာ မကြူနှင့်အတူ ဈေးနားက တိုက်ခန်းတစ်ခန်းသို့ပြောင်းရွှေ့[illegible]ထိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ခုမှပဲ ကိုချစ်ခင်တို့ တကယ်ပြောင်းသွားတော့တယ် မမယ်စံကယ်ပေလို့ နို့မဟုတ်ရင် တော်တော်နဲ့သွားမှာမဟုတ်ဘူး"

ဒေါ်မြစိမ်းက ဝမ်းသာနေသည်။

"မမယ်စံ ခြောက်တယ်ဆိုတာရော ဟုတ်ရဲ့လား ... သမီး တော့ ဘာမှမတွေ့ပါဘူး"

"အဲဒါ တကယ်ဟုတ်မဟုတ် မသိနိုင်ဘူး ... သမီးတို့က အ ဘုရားတရားအလှူ့ကိုလုပ်တယ် ... တရားထိုင်တယ် ... မေတ္တ ဘာဝနာပွားများတယ်ဆိုတော့ ကုသိုလ်ကံတွေကောင်းပြီး နာ ဘာဝ ဝိနာဘာဝတွေမကောင်းဆိုးဝါးတွေက မခြောက်လှန့်နိုင်ဘူ မကြူတို့က ဘုရားမရှိတရားမရှိ တစ်နေ့တစ်နေ့ နှစ်လုံးဘယ်သူထ မလဲ၊ ထိုးသားတွေများဖို့ပဲ အာရုံစိုက်တာ၊ သူကိုယ်တိုင်လည်း အဲ ထိုးတာ၊ နေ့လယ်ဆယ့်နှစ်နာရီတစ်ကြိမ်၊ ညနေလေးနာရီခွဲတစ်ကြိ နှစ်လုံးဂဏန်းဘာထွက်မလဲ၊ ဘာထွက်မလဲဆိုတာပဲ စိတ်ဆွဲနေတေ တခြားအလုပ်လည်း မလုပ်ဖြစ်ဘူး၊ အကုသိုလ်တွေများတော့ တ သရဲကလည်း ခြောက်လှန့်နိုင်တာပေါ့ ... ကံနိမ့်တဲ့သူမှမကောင်းဆိုး ကပ်နိုင်တာလေ ... "

"အင်း ... ခုတော့ မမယ်စံ သရဲဖြစ်တာပဲကျေးဇူးတင်ရမ





ဖြစ်နေပြီ၊ သူခြောက်လိုက်လို့ မကြူဆင်းသွားပြီး၊ မကြူသွားတော့ ကိုချစ်ခင်ကလိုက်၊ ခုမှပဲ ကိုယ့်မြေကိုယ်ပြန်ရတော့တယ်"

✦



www.burmeseclassic.com

www.burmeseclassic.com



## ၉။ ဘယ်ရောက်နေလဲ သိချင်တယ်

"ဒီမှာ ကြည့်စမ်း … ငါ ငါ့အစ်မဆီက တောင်းလာတာ ဘာလဲ သိလား … "

နိုင်နိုင်က လက်ထဲမှ အထုပ်ကလေးကို စားပွဲပေါ်တင်ရင်း ပြောလိုက်၏။

ဒီနေ့ နှင်းကေသရီတို့အိမ်မှာ သူငယ်ချင်းတွေ စာစုကျက်နေကြခြင်း ဖြစ်သည်။

နိုင်နိုင်၊ မေမီကျော်၊ အိချောပို၊ အေးသီတာဦးတို့က နှင်းကေ



www.burmeseclassic.com

www.burmeseclassic.com



သရီအိမ်မှာ တစ်ပတ်တစ်ခါ ဆုံပြီး ကျက်ပြီးသောစာများ ပြန်ဆွေးနွေးကြသည်။

"အဲဒါ ... တို့ သိတယ်၊ တားရှေ့ကတ်လေးတွေ မဟုတ်လား၊ ဆရာကြီး မင်းသိင်္ခရဲ့ တပည့်တွေ အများအားဖြင့် အဲဒီကတ်လေးတွေနဲ့ ဟောပေးတာ ... သိပ်မှန်တာပဲလို့ ပြောတယ် ... "

မေမီကျော်က ပြောလိုက်သည်။

"တားရှေ့ကတ်လေးတွေဟာ တကယ်တော့ ဟိုးနှစ်ပေါင်း (၃၀၀၀)ကျော်လောက်ကတည်းက အခုတိုင်အောင် ဂျစ်ပစီတွေ မြတ်မြတ်နိုးနိုး အသုံးပြုခဲ့တဲ့ ဖဲထုပ်ကလေးတွေပဲ ... အဲဒီ တားရှေ့ဟာ ဂျစ်ပစီတွေရဲ့ဘဝ ... ဂျစ်ပစီတွေရဲ့ ခမ္မလို့ဆိုနိုင်တယ် ... ဒါကြောင့် ဂျစ်ပစီတွေရဲ့ အသည်းနှလုံးပါပဲ ... "

နိုင်နိုင်က တားရှေ့ကတ်ကလေးများကို ဖဲချိုးသလိုချိုးရင်း ပြောနေ၏။

"အဲဒါ ဘာလုပ်ဖို့ ယူလာတာလဲ"

အိချောပိုက မေးသည်။

"နင်တို့ကို ဗေဒင်ဟောပေးမလို့ ... "

"နင်က ဟောတတ်လို့လား ... "





"မမကြီး သင်ပေးတာ ... တားရှေ့က ဒီအတိုင်း ဟောလို့ရဘူး ... တားရှေ့အထုပ်လေးကို အိပ်ရာထဲမှာ ကိုယ်နဲ့အတူ အနည်း ... း ခုနစ်ရက် ထားအိပ်ရတယ် ... "

"စိတ်ဝင်စားစရာပဲ ... "

"အဲဒီလိုမှ တားရှေ့နဲ့ ကိုယ်က ရင်းနှီးသွားကြမှာ မဟုတ်လား၊ ...တ်ချင်း ပေါင်းစပ်အောင်လုပ်တယ်လို့လည်း ပြောလို့ရတယ်"

နိုင်နိုင်က တားရှေ့ထုပ်ကို လက်ဝဲဘက်လက်ပေါ်မှာတင်ပြီး ...က်ယာလက်မနှင့် လက်ခလယ် အသုံးပြုကာ တားရှေ့ရဲ့ အလယ် ...း ဖဲချပ်တွေကို ဆွဲထုပ်ပြီး အပေါ်ကို ထပ်နေပါသည်။

ထို့နောက် တားရှေ့ထုပ်ယူလာသော အပြာရောင်ပိတ်စပေါ် ... တားရှေ့ထုပ်ကို တင်လိုက်ပါ၏။

"ဒီအပြာရောင်ပိတ်စက မိုးကောင်းကင်လို့ ယူဆပြီး တားရှေ့ ...တ်လေးတွေကို ကောင်းကင်က ကြယ်တွေ နက္ခတ်တွေ ဂြိုဟ်တွေ ... ယုံကြည်ရမယ်တဲ့ ... "

နိုင်နိုင်က အပြောလည်း ကောင်းသည်။

ပီဘီဗေဒင်ဆရာမကြီးများ အိုက်တင်နှင့် တားရှေ့အကြောင်း ...ပြနေတာကို နှင်းကေသရီ အပါအဝင် သူငယ်ချင်းမလေးများက



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားစွာဖြင့် အငေးသား နားထောင်နေကြလေသည်။

"ပြီးရင် ... တားရှေ့မန္တန်ကို ရွတ်ဆိုရမယ်"

ခိုင်ခိုင့်နှုတ်မှ ခပ်တိုးတိုး ရွတ်ဆိုနေ၏။

"ခိုင်ခိုင် ... ကျယ်ကျယ်ရွတ်ဟယ်၊ တားရှေ့မန္တန်ဆိုတာ ဘာ

လိုလဲ သိချင်လို့"

အိချောပိုက ပြောလိုက်သည်။

ထို့ကြောင့် ခိုင်ခိုင် တားရှေ့မန္တန်ကို သူငယ်ချင်းတွေကြား

အောင် ရွတ်ဆိုလိုက်ပါသည်။

"အို ... ကောင်းကင်ဘုံ

ကျွန်ုပ်အား ကောင်းချီးပေးပါလော့။

ကျွန်ုပ်၏ အတွေး၊ အကြံ၊ အလုပ်များ သန့်ရှင်းစင်ကြယ်ခြ

ကို ပေးပါလော့။

ကျွန်ုပ်အား ဦးဆောင်ပါလော့၊ ကောင်းကင်ဘုံ၏ အသိဉာ

ကို ပေးပါလော့။

ကောင်းကင်ဘုံက ဆောင်ရွက်ပေးပါလျှင် မဖြစ်နိုင်သော အ

ဟူ၍ မရှိကြောင်း ကျွန်ုပ် ကောင်းစွာ ယုံကြည်ပါသည်။

ကျွန်ုပ်၏ တစ်ကိုယ်လုံးတွင် မေတ္တာစိတ်များ၊ ကရုဏာဓာ





များ ဖြည့်ပေးပါလော့။

ကျွန်ုပ်နှင့် တွေ့ကြုံရသော လူအပေါင်းတို့အား ကူညီခွင့်ပေးပါ

လော့။

စစ်မှန်သော စွမ်းရည်၊ အသိဉာဏ်၊ မေတ္တာဓာတ်တို့ ကျွန်ုပ်၏

ဝိညာဉ်၌ ပေးသနားပါလော့။

ကျွန်ုပ်သည် ကောင်းကင်ဘုံအား ရိုးသားစွာ ယုံကြည်ပါသည်။

မြေပြင်ပေါ်မှ ကျွန်ုပ်နှင့်စပ်သမျှသောသူအားလုံးအား ကောင်း

ကင်ဘုံ၏ အကူအညီဖြင့် ကူညီနိုင်ပါစေသတည်း။

ဂုဏ်ကျေးဇူးကို အထူးအောက်မေ့ပါသည်။

ကောင်းကင်ဘုံ ... ယခု ဟောပြောသမျှ မှန်ကန်၍ ဆောင်

ရွက်ပေးသမျှ အောင်မြင်ပါစေသတည်း။"

"ဟယ် ... နင် ရွတ်တာ နားထောင်လို့ ကောင်းလိုက်တာ"

"မန္တန်က မရှည်ဘူးလား ... အဲဒီလိုပဲ ဟောတိုင်း ရွတ်နေရမှာ

လား ... "

"မနက်တိုင်း ညတိုင်း ရွတ်ပေးရမှာ ... ဒါမှ အစွမ်းထက်မှာ

လေ၊ ကဲ ... ဘာမေးမလဲ မေးလေ ... "

"ဒါဆို ... ကျုပ် အရင်မေးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



အေးသီတာဦးက ပြောလိုက်၏။

"ဘာမေးမလဲ ..."

"စာမေးပွဲအောင်မလား ..."

"ချိုးလိုက် ... ဘယ်လက်နဲ့ ချိုးမယ်"

အေးသီတာဦးက တားရော့အရုပ်ထဲမှ တစ်ကတ်ကိုယူ၍ ဒေ

သို့ ချလိုက်၏။

အပေါ်ဆုံး ဖဲချပ်ကို လှန်လိုက်၏။

တားရော့ကတ်နံပါတ် (၁၇) ... ရှုပ်ကြယ်ဆိုတာ ... တွေ

၏။

"အောင်မယ် ... ဂုဏ်ထူးတွေနဲ့ အောင်လို့ နာမည်ကြီးသွ

ဦးမယ်"

"ပျော်စရာကြီး ... တကယ် ဂုဏ်ထူးတွေ ရမယ်နော်"

"အေးပေါ့ ... ငါ့တားရော့ကတ်နဲ့ နိမိတ်ကို ငါ ယုံတယ်"

"ငါရော ... ငါလည်း မေးမယ်"

"နေပါဦးလေ ... တစ်ယောက်ပြီးမှ တစ်ယောက်ပေါ့"

"အေးသီတာဦး ... နင် မေးဦးမှာလား"

"မေးမယ် ... မေးစရာတွေ အများကြီး"



"မရဘူး၊ တစ်ယောက်ကို သုံးခုပဲ မေးပါ ..."

"အခု ... စာမေးပွဲဖြေပြီးရင် ဂျပန်ကို အလုပ်လုပ်ဖို့ သွားမယ်၊ အဲဒီကိစ္စ အေးဂျင့်နဲ့ ဆက်သွယ်ထားတယ် ... အောင်မြင်မလား"

"ချိုးလိုက်လေ ..."

အေးသီတာဦး တားရော့ထုပ်ကို ဘယ်လက်ဖြင့် ... ချိုးလိုက်

၏။

ဖဲချပ်နံပါတ် (၁) မှော်ဆရာဆိုတာ ရ၏။

"အဲဒီ ဂျပန်သွားမဲ့ကိစ္စ မအောင်မြင်နိုင်သေးဘူး ... တစ်စုံတစ်

ယောက်ရဲ့ လိမ်လည်လှည့်ဖြားမှုခံရမယ် သတိထား"

"ဟယ် ... တော့"

အေးသီတာဦး နှုတ်ခမ်းလေး မဲ့သွား၏။

"ကဲ ... နောက်တစ်ခု၊ ကျူပ်အစ်ကိုလေ မိန်းမ ယူတော့မလို့

ကြိုက်တဲ့ မိန်းမက သူ့ပြန်ကြိုက်ပါ့မလား ... အစ်ကိုတော့ သေ

အောင်ကြိုက်တယ် ... လူကြီးချင်းကလည်း သဘောတူတယ်"

"ချိုး ... ချိုးလိုက်"

အေးသီတာဦး တားရော့ကို ချိုးလိုက်၏။

နံပါတ်(၂)၊ မယ်တော်ကြီးကတ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မြင်မယ် ... အဆင်ပြေမယ်၊ အဲဒီကိစ္စ အမျိုးသမီးတ
ယောက် အကူအညီပေးမယ်"

"တော်ပါသေးရဲ့ ..."

"ကဲ ... တို့အလှည့်နော်၊ မေးမယ် ..."

အိချောပိုက မေးသည်။

"စာမေးပွဲအောင်မလားလို့ အရင်မေးမယ် ..."

ဖဲချပ် နံပါတ် (၁၄) ရွှေခွက်နှစ်ခွက် ရသည်။

"အောင်မယ်တဲ့ ..."

"ရိုးရိုးလား ဂုဏ်ထူးပါမလား ..."

"ဂုဏ်ထူးပါနိုင်တယ် ... စာ သေချာကျက်၊ တခြားဟာ စိ
ဝင်စားမနေနဲ့ ..."

"ခစ် ခစ် ... ကဲ ... အချစ်ရေးမေးမယ် ... တို့ စိတ်ဝင်စား
တဲ့သူက တို့ကို စိတ်ဝင်စားမလား ..."

ဖဲချပ်နံပါတ် (၁၂) တွဲလောင်းဆွဲခံရသူရ၏။

"နင်က သူ့ စိတ်မဝင်စား ဝင်စားအောင် ညှုကလီးယား
မနေနဲ့ ... သူက စိတ်မဝင်စားဘူး ... အဲဒီကိစ္စ မအောင်မြင်ဘူး"

အိချောပို့ စိတ်ဓာတ်ကျဟန်ဖြင့် နှာခေါင်းရှုံ့လိုက်သည်။





"အခု ... သီချင်းဆိုမလို့ ... အခွေထုတ်ရင် ... အောင်မြင်
လား"

တားရော့ဖဲချပ်နံပါတ်(၁၉) သေမင်းကတ်ရ၏။

"ဆက်လုပ်မနေနဲ့ ... အဲဒီအခွေကိစ္စ လုံးဝ မအောင်မြင်ဘူး၊
င် စိတ်ညစ်ရလိမ့်မယ်"

"သေဟဲ့ ... ဟွန်း ... စိတ်ပိန်လိုက်တာ ... တကယ်ပါပဲ"

နှင်းကေသရီ အလှည့်ကျတော့ စာမေးပွဲ အောင်မလားမေး
ည်။

တားရော့ဖဲချပ်(၁၉) နေသူရိန် ရသည်။

"အောင်မယ် ... ပျော်ရမယ်တဲ့"

"ဒီအိမ်ကြီးကို ရောင်းချင်လို့ ... ရောင်းဖြစ်မလား"

နံပါတ်(၁၅) တစ္ဆေဆိုသည့် တားရော့ကတ်ကို တွေ့ရ၏။

"မရောင်းနဲ့ဦး ... ရောင်းရမှာ မဟုတ်သေးဘူး၊ ပြီးတော့ မြေ
နှံ့ဖူး ဖြစ်နေတယ်၊ အနီးအနားမှာ တစ္ဆေသရဲ ရှိနေတယ်"

"ဘုရားရေ ..."

"ငါတောင် ကြောက်လာပြီ ... နင် အခြောက်မခံရဘူးလား"

"တစ္ဆေရှိတယ် တကယ်လား"



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရီ မျက်မှောင်လေးတွန့်ကာ စဉ်းစားသလို လုပ်

၏။ အိချောပိုက အရမ်းကြောက်တတ်သည်။

ခိုင်ခိုင့်ကိုတစ်လှည့်၊ နှင်းကေသရီကိုတစ်လှည့် ကြည့်ရင်း

ချောပို ကြောက်စိတ်တွေ ဝင်နေ၏။

"ဖြစ်နိုင်ပါတယ် ... ငါ ပြောဖူးတယ် မဟုတ်လား ... ခြံထဲ

အိမ်လေးမှာနေတဲ့ မမယ်စံလေ ... သူ သရဲဖြစ်ချင် ဖြစ်နေမှာပေါ့"

"တစ္ဆေလား ... သရဲလား၊ ပြိတ္တာလား ... "

"အမှန်တော့ အတူတူပါပဲ ... သေခါနီးမှာ ပစ္စည်းဥစ္စာ၊ သား

သမီး စွဲလမ်းသေတဲ့လူဟာ ပြိတ္တာဖြစ်တာပဲ ... ပြိတ္တာအမျိုးမျိုး

တယ် ... ဒေါ်လေးမမယ်စံလည်း သားနဲ့လင်ကို စိတ်မချဘဲ သေ

အဲလို ဖြစ်ချင်ဖြစ်မှာပေါ့ ... "

"နှင် မကြောက်ဘူးလား ... "

"ပြိတ္တာဆိုတာ ကြောက်စရာမဟုတ်ဘူး ... သနားစရာပါ

ကိုယ်က ကောင်းမှုကုသိုလ်တွေများပြီး ကံမြင့်နေရင် တစ္ဆေသရဲ

က မကပ်နိုင်ဘူး ... အနှောင့်အယှက်မပေးနိုင်ပါဘူး ... ဒေါ်

မမယ်စံ ကောင်းရာသုဂတိ ရောက်စေချင်လို့ အမြဲတမ်း ငါ ဘုရား

ပြီးတိုင်း အမျှဝေတယ်လေ ... "





သို့နှင့်ပင် ထိုနေ့က စာကျက်ဝိုင်းသည် စာသိပ်မကျက်ဖြစ်ဘဲ

တစ္ဆေပုံပြင်ပြောတာနှင့် အချိန်ကုန်သွားလေသည်။

✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၀။ ထူးဆန်း ဆန်းထူး

* မအိုမီရှာထား ဒါနတရား
  မနာမီရှာထား သီလတရား
  မသေမီရှာထား ဘာဝနာတရား
* ဒါနကိုပင် မရှာလျှင်
  အိုလျှင် ဒုက္ခရောက်မည်မှတ်
* သီလကိုပင် မရှာလျှင်
  နာလျှင်ဒုက္ခရောက်မည်မှတ်
* ဘာဝနာကိုပင် မရှာလျှင်
  သေလျှင် ဒုက္ခရောက်မည်မှတ်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တရားရှာသည့်အလုပ်ကို ဒေါ်ကြည်ပြာထက် နှင်းကေသရီက ပိုလုပ်ဖြစ်သည်။

ဆယ်တန်းစာမေးပွဲဖြေပြီးကတည်းက ဘာမှ အလုပ်မရှိသလို လွတ်လပ်ပေါ့ပါးသွားကာ တရားရိပ်သာတွင် ဆယ်ရက်စခန်းကို အကြိမ်ကြိမ် ဝင်ဖြစ်သည်။

နှင်းကေသရီ၏ ဖြစ်စဉ်မှာလည်း ထူးခြားသည်။

နှင်းကေသရီသည် ငယ်စဉ်ကတည်းက ထူးဆန်းသော အိပ်မက်တွေ မက်တတ်သည်။

ငယ်စဉ်က ပုသိမ်ဘက်သွားရင်း သင်္ဘောပေါ်က လိမ့်ကျဖူး၏။ ကလေးထိန်း မိန်းကလေး၏ လက်မှ ပြုတ်ကျခဲ့ခြင်း ဖြစ်သည်။

ထိုစဉ်က နှင်းကေသရီအသက် သုံးနှစ်ခွဲလောက်ပင် ရှိသေးသည်။

ရေထဲပြုတ်ကျပြီး လန့်ငိုနေခဲ့ရာ ရေထဲမှ မိန်းမသုံးဦးက နှင်းကေသရီအား ပွေ့ချီပြီး ရေပေါ်သို့ ပြန်ပို့ပေးသည်ကို အိပ်မက်လိုလို တကယ်လိုလို ထင်ယောင်ထင်မှား ဖြစ်ခဲ့ရသည်။

နှင်းကေသရီ ရေနစ်လို့ မသေတာတော့ အမှန်ပင်ဖြစ်သည်။

ငယ်စဉ်ကတည်းက နှင်းကေသရီ ဘာသာရေးအလုပ်တွေ လုပ်





တတ်၏။

နှင်းကေသရီ၏ ကျူရှင်ဆရာက ဝိပဿနာတရားရိပ်သာတွင် အဖွဲ့ဝင်တစ်ဦး ဖြစ်သဖြင့် နှင်းကေသရီသည် ဆရာမနှင့်အတူ ဆယ်ရက်စခန်းတွင် ဝေယျာဝစ္စ ကူညီလုပ်ကိုင်ပေးတတ်၏။

ခြေလေးချောင်းသား လုံးဝ မစား။

ဘုရားစာတွေကို ကျက်လျှင် ချက်ချင်း အလွတ်ဆိုနိုင်သွားတတ်၏။

ညီမသုံးယောက်ထဲမှာ အလှမပြင်တတ်ပါဘဲနှင့် သဘာဝအတိုင်း အလှဆုံးဖြစ်နေသည်။

ကိုယ်တိုင် ဆယ်ရက်စခန်းဝင်ပြီး တရားထိုင်သောအခါ နှင်းကေသရီသည် ပိုပြီးတော့ ထူးခြားသော အာရုံများရရှိနေတတ်၏။

စာမေးပွဲအောင်စာရင်း မထွက်ခင်ကပင် နှင်းကေသရီက သူမသုံးဘာသာဂုဏ်ထူးနှင့် စာမေးပွဲအောင်မည့်အကြောင်း ပြောထားသည်။

သူငယ်ချင်းတွေထဲက သူသူဝင်း စာမေးပွဲကျမည့်အကြောင်းလည်း အစ်မဖြစ်သူ မိုးဝသန်နှင့် ဆောင်းဟေမာန်ကို ပြောပြထား၏။

အစ်မနှစ်ယောက်က နှင်းကေသရီ၏ စကားကို မယုံ။



www.burmeseclassic.com

www.burmeseclassic.com



သူသူဝင်းဆိုတာက ဆောင်းဟေမာန်၏ သူငယ်ချင်း ဖြူဖြူဝင်း၏ ညီမ ဖြစ်သည်။

သူသူဝင်းက စာတော်သည်။ အတန်းထဲမှာ အဆင့်ငါးထက် အောက်မရောက်အောင် ရပ်တည်နိုင်ခဲ့သူပင်။

စာမေးပွဲအောင်စာရင်းထွက်လာသောအခါ သူသူဝင်း အမည် ပါမလာပေ။

"သူသူဝင်း ခမျာ သနားပါတယ် … ငိုလိုက်တာ အရမ်းပဲ … သူ့မျက်နှာကြီးတွေတောင် ရောင်နေတာပါ … ဆယ်တန်းစာမေးပွဲက တကယ်နတ်ကြီးတာပဲ … "

အောင်စာရင်းထွက်ပြီး မကြာခင်မှာ ကုမ္ပဏီတစ်ခုတွင် နှင်းကေသရီ အလုပ်ဝင်လုပ်၏။

မိဘက မလုပ်စေချင်၊ ကျောင်းကိုသာ အေးဆေးပျော်ရွှင်စွာ တက်စေချင်သော်လည်း နှင်းကေသရီက အတင်းအကျပ် ဝင်လုပ်တာ ဖြစ်၏။

အဝေးသင်တက်တော့လည်း မိဘတွေက သူ့အတွက် ကျောင်းစရိတ် သိပ်မကုန်။

နိုင်ငံခြားသို့ လူပို့သည့်ကုမ္ပဏီမို့ နှင်းကေသရီတို့လုပ်ငန်းက





အမြဲအလုပ်ရှုပ်သည်။

ကုမ္ပဏီပိုင်ရှင်က ဒေါ်မြစိမ်း၏ မောင်တစ်ဝမ်းကွဲမို့ နှင်းကေသရီ၏ ဦးလေးတော်သည်။

ဦးလေးဖြစ်သူ ဦးကျော်မောင်လွင်က နှင်းကေသရီ၏ လုပ်ရည်ကိုင်ရည်ကို သဘောကျသည်။

"နှင်းကေသရီဟာ တော်တော်လာဘ်ကောင်းတာပဲ … ဒီကလေးမ ရောက်လာပြီးမှ ကုမ္ပဏီက ပိုပြီး အလုပ်ဖြစ်တယ်၊ နှင်းကေသရီက ဘာသာရေးလုပ်လို့နဲ့တူတယ် … "

ဦးကျော်မောင်လွင် ပါးစပ်က ဤသို့ ထုတ်ဖော်ချီးကျူးစကား ပြောရလောက်အောင်ပင် နှင်းကေသရီ ကံကောင်းနေသည်။

✦



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ...

ဦးကျော်မောင်လွင်သည် ... ကုမ္ပဏီမှ ကားမောင်းသည့် မောင်ဆန်းထူးအား ... စက်ဘီးတစ်စီးဝယ်ဖို့ ပိုက်ဆံထုတ်ချေးလိုက်၏။

"ဆန်းထူးက စက်ဘီးဝယ်မယ် ဟုတ်လား ... ဘယ်နေရာသွားဖို့ စီးမှာလဲ မောင်ဆန်းထူးရဲ့ ..."

"ကားတွေ အရမ်းကျပ်တယ် မနှင်းရဲ့ ... ဆရာ့ဆီကို စက်ဘီးနဲ့လာ ... စက်ဘီးကို ဆရာ့အိမ်မှာ ထားခဲ့ပြီး ကားမောင်းမှာပေါ့ ... အပြန်ကျ ကားကို ဆရာအိမ်မှာပဲ ပြန်ထားရတော့ ကျွန်တော် စက်ဘီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အိမ်ပြန်လာလို့ရတာပေါ့ ... ”

“ဆရာ့အိမ်နဲ့ နင့်အိမ်က ဘယ်လောက်များ ဝေးလို့လဲ ... စက်ဘီးက အန္တရာယ်များတယ် ... နင်တို့အိမ်နားက ဘတ်စ်ကားဂိတ်တွေများတော့ ကားအရမ်းရှုပ်တာ ... တော်ကြာ ဘတ်စ်ကားနဲ့ စက်ဘီးတိုက်မိနေဦးမယ် ... လမ်းရှုပ်တာကမှ အန္တရာယ်ကင်းဦးမယ်”

မောင်ဆန်းထူးကတော့ ရယ်နေသည်။

နတလောမှာ ... မောင်ဆန်းထူး စက်ဘီးအရမ်းစီးချင်နေ သည်။

ထို့ကြောင့် ဦးကျော်မောင်လွင်အား စက်ဘီးဝယ်ရန်အတွက် ငွေချေးပြီး သူ့လစာထဲမှ တစ်လ ငါးထောင်ဖြတ်ရန် တောင်းဆိုခဲ့ခြင်း ဖြစ်၏။

စက်ဘီးက သုံးသောင်းပေးရသည်။

စက်ဘီးအသစ်ကလေးနှင့် မောင်ဆန်းထူး ဟိုသွားဒီသွား လု ကာ ပျော်နေလေသည်။

မောင်ဆန်းထူးက မနက် ခုနစ်နာရီအရောက် သူ့စက်ဘီးလေး နှင့် ကုမ္ပဏီသို့ လာ ...။

ကုမ္ပဏီရောက်တော့မှ ကုမ္ပဏီက လိုက်အေ့စ်ကားကိုယူ





ကုမ္ပဏီဝန်ထမ်းများအား ကြိုရလေသည်။

“ဆန်းထူး စာမေးပွဲပြန်ဖြေပါလား ... ဆယ်တန်းအောင်ပြီးရင် ဘွဲ့တစ်ခုရဖို့က သိပ်မခဲယဉ်းတော့ဘူး။ အဝေးသင်တက်လို့လည်း ရတယ် ... ပပဝင်းတို့ မေသုခတို့လည်း ဆယ်တန်းပြန်ဖြေမှာ ... ”

ကုမ္ပဏီမှ ဝန်ထမ်းတချို့ တိုက်တွန်းခြင်းကြောင့်လည်းကောင်း သူ့ရှေ့တွင် ကုမ္ပဏီမှာ ဆယ်တန်းအောင်သွားသူတွေကို အားကျ၍ လည်းကောင်း မောင်ဆန်းထူး ဆယ်တန်းပြန်ဖြေဖို့ လျှောက်လွှာတင်ကာ ကျူရှင်တက်နေလေသည်။

ညနေ ကုမ္ပဏီမှ ပြန်ရောက်သည်နှင့် ရေချိုး ထမင်းစားပြီး စက်ဘီးလေးနှင့် ညကျောင်းတက်နေလေသည်။

ရွှေပြည်သာမှာရှိသော စက်ရုံတစ်ခုသို့ သွားပြီး အပြန်တွင် မောင်ဆန်းထူးသည် ခွေးတစ်ကောင်အား ကားဖြင့် ... တိုက်မိလေသည်။

ခွေးက လမ်းပေါ်မှာ အိပ်နေသော ပိုင်ရှင်မဲ့ခွေးလေခွေးလွင့် တစ်ကောင် ဖြစ်၏။

လည်မျိုကို တက်အကြိတ်ခံရသောကြောင့် မချိမဆန့် အော်ငိုင်း လမ်းဘေးသို့ လိမ့်ကျကျန်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကားပေါ်တွင် နှင်းကေသရီ မပါခဲ့။

အပြန်တွင် ထိုအကြောင်း ပြောပြရာ နှင်းကေသရီက စုတ်တသပ်သပ်လုပ်ရင်း ...

"ဖြစ်ရဖြစ်ရလေဟယ် ... ခုတလော ဆန်းထူး ကားမောင်းတာ အရမ်းကြမ်းတယ် ... သတိထားမောင်း ... ခွေးကို တက်ကြိတ်မိတယ် ဆိုတာ မကောင်းဘူး ... ခွေးကို တက်ကြိတ်မိသလို ကိုယ်ပြန်ဝဋ်လည် မှာ မကြောက်ဘူးလား ... ခွေးကို တိုက်မိတဲ့ကားကို နွားနို့နဲ့ ဆေး ပေးလိုက် ... "

"ဟာ ... ကြုံကြုံဖန်ဖန်များ နွားနို့ရဲ့ ဆေးရတယ်လို့ ... "

မောင်ဆန်းထူး ရယ်နေ၏။

နောက်တစ်နေ့တွင်ပင် ... မှတ်မှတ်ရရ မောင်ဆန်းထူးသည် တီရှပ်အသစ် အစိမ်းရောင်လေး ဝတ်လာသည်။

ခေါင်းမှ ဆံပင်များကိုလည်း နီညိုရောင်ဆိုးထား၏။

ကုမ္ပဏီမှ မိန်းကလေးတွေက မောင်ဆန်းထူးအား ကြည့်ကောင်းသည်။ တစ်နေ့တခြား ပိုပြီး သားနားလာသည်ဟု ပြော သည်။

ညနေဘက်တွင် မောင်ဆန်းထူး ကုမ္ပဏီကားကို ရုံးခန်း





ထားခဲ့ပြီးနောက် စက်ဘီးနှင့် အိမ်သို့ မပြန်ဘဲ နှင်းကေသရီဆီသို့ ဝင် လာ၏။

ထိုနေ့က နှင်းကေသရီက ကိစ္စတစ်ခုနှင့် ကုမ္ပဏီမှ အစောကြီး ပြန်သွားခဲ့သည် မဟုတ်လား။

"ဆန်းထူး ဘာကိစ္စရှိလို့လဲ ... အိမ်မပြန်သေးဘူးလား"

"ပြန်တော့မလို့ ... မနှင်းကို ဝင်နှုတ်ဆက်တာ ... "

"နင်က ဘယ်သွားမှာမို့ ဝင်ပြီး နှုတ်ဆက်ရတာလ ... စကား ပြောလိုက်ရင် အဆန်းချည်းပဲ ... သွားတော့ သွားတော့၊ မိုးချုပ်နေ ယ် ... ညကျောင်းတက်ရဦးမှာ မဟုတ်လား ... "

"ဟုတ် ... သွားမယ်နော် မနှင်း ... "

စက်ဘီးလေးကို တွန်း၍ ခြံတွင်းမှ ထွက်သွားလေ၏။

ဒီနေ့ ဆန်းထူးပုံစံက အတော်ကြည့်ကောင်းတာပဲလို့ တွေးနေ ည့် ရုတ်တရက် ဖျတ်ခနဲ နောက်သို့ လှည့်ကြည့်ပြီး နှုတ်ဆက်ပြန်

"သွားမယ်နော် မနှင်း ... "

"သွား ... သွား ... "

မောင်ဆန်းထူး စက်ဘီးကို နင်း၍ ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကောင်းသွားနော် ... ရုံးဆင်းချိန် ကားတွေက ရှု ပါဘိနဲ့ ... စက်ဘီးနဲ့ကားတော့ တွေ့ပြီ ..."

နှင်းကေသရီ ပြောမိပြီးမှ ဘာကြောင့် အဲလိုပြောလိုက်ရတာ လဲလို့ စဉ်းစားမိ၏။

တစ်နေကုန် အစည်းအဝေးထိုင်ရသဖြင့် ... တစ်မနက်လုံး ညောင်းညာကိုက်ခဲနေသဖြင့် ရေချိုးအဝတ်အစားလဲ၊ ဆေးသောက်ပြီး တစ်ရေးအိပ်လိုက်ပါသည်။

အိပ်ရာက နိုးမှ ထမင်းစားသည်။

"ကလင် ... ကလင် ... ကလင် ..."

ထမင်းစားနေစဉ် တယ်လီဖုန်းက မြည်လာ၍ လှလှဝင်း ဖု ကို ကိုင်လိုက်သည်။

"ဟုတ်ကဲ့ ... မနှင်းလား ... ရှိပါတယ် ... မနှင်းရေ"

စိတ်ထဲမှာ ထင့်ခနဲ ဖြစ်ပြီး တယ်လီဖုန်းကိုယူ၍ နားထော လိုက်၏။

"မနှင်းလား ..."

"ဟုတ်ကဲ့ ... ကိုမြင့်လား ..."

"ဟုတ်တယ် ... ဆန်းထူး ဆုံးသွားပြီဟ ..."



"ရှင် ... ဘာရယ် ..."

ကြားရတဲ့ သတင်းကို လုံးဝမယုံ။

နားကြားများ လွဲသလား။

"ဆန်းထူးလေ ဆုံးသွားပြီ ... ည ကျူရှင်အသွား တာမွေမီးပွိုင့် ာ လိုင်းကားနဲ့ သူ့စက်ဘီး ဝင်တိုက်ပြီး လူက ကားဘီးအောက်ရောက် သွားတယ် ..."

"ဘုရား ... ဘုရား၊ တကယ် ... တကယ်ပေါ့နော် ... တကယ် ဖြစ်တာလား ..."

"ဘီးအောက်ရောက်တော့ ပွဲချင်းပြီးပဲပေါ့ ... ခုလေးတင်ပဲ သူ့အိမ်က ဖုန်းဆက်လို့ ... ကိုယ် လာခေါ်မယ် ... ကို့ကျော်အောင်နဲ့ ကေသီကိုလည်း ပြောထားတယ် ... လာခဲ့မယ် စောင့်နေ ..."

"ဟုတ် ... ဟုတ်ကဲ့ ..."

တယ်လီဖုန်းကိုင်ထားသောလက်သည် ပျော့ခွေကာ ပြုတ်ကျ သွားသလို ခံစားရ၏။

"ဘာဖြစ်တာလဲ ..."

ဆောင်းဟေမာန်က မေးသည်။

"ဆန်းထူးရဲ့ စက်ဘီးနဲ့ လိုင်းကား တိုက်ပြီး ဆုံးသွားပြီတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော်တော် ... နေ့လယ်ကပဲ အကောင်း ... အရှင်လတ်လတ် ကြီး ငါ တွေ့လိုက်သေးတယ် ... စက်ဘီးလေး တွန်းပြီး ခြံထဲက ထွက်သွားတာလေ ... "

"ဖြစ်ရလေတယ် ... သနားစရာကောင်းလိုက်တာ ... အရွယ် ကောင်းလေး ... သူ့မိဘတွေ ရင်ကျိုးရှာမယ် ... "

ဒေါ်ကြည်ပြာလည်း ရင်ဘတ်ကို လက်နှင့်ဖိရင်း ... ပြော သည်။

"ရုံးက ကိုမြင့်အောင် ပြောလို့ ... နို့မဟုတ်ရင် တစ်ယောက် ယောက် နောက်တယ်ထင်မှာ ... "

မောင်ဆန်းထူး အိမ်သို့ ကိုမြင့်အောင် ကားနှင့် လာခေါ်၍ ရောက်သွားသည်။

သူ့ညီမက ငိုရလွန်း၍ သတိမေ့သွား၏။

မိဘများက ရွာမှာ နေထိုင်ပြီး မောင်ဆန်းထူးတို့ မောင်နှမ ဦးလေးဖြစ်သူနှင့် ရန်ကုန်မှာ လာနေခြင်းဖြစ်သည်။

"ဒီစက်ဘီးကို သူ သိပ်စီးချင်တာ ... စက်ဘီးသစ်ကလေး လျှောက်သွားနေတာလေ ... ကားတွေ ရှုပ်လွန်းလို့ မစီးပါနဲ့ ပြော လည်း မရဘူး ... ဆယ်တန်းပြန်ဖြေမယ်ဆိုပြီး ညကျောင်းတက်ဖို့





တော့လည်း မပြောသာဘူး ... "

သူ့အဒေါ်ဖြစ်သူက ပြောပြရင်း ငိုပြန်သည်။

"ဒီနေ့ သူ စကားအထူးအဆန်းတွေ သိပ်ပြောတာ ... အတိတ် နိမိတ်တွေ ပြနေတာ ထင်ပါရဲ့ ... "

"ဟုတ်တယ် ... ကျွန်မကိုလည်း သူ မပြန်ခင် လာနှုတ်ဆက် သွားသေးတယ် ... ခုတော့ နောက်ဆုံးအတွက် ဖြစ်သွားတာပေါ့ ... ယုံတောင် မယုံပါဘူး ဆန်းထူးရယ် ... "

အပြန်မှာ မည်သူမျှ စကားမပြောနိုင်။

အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။

"ဒီနေ့ညနေ သူ အိမ်ကို တန်းမပြန်ဘဲ သမီးကို ဝင်နှုတ်ဆက် တော့ ကောင်းကောင်းသွားနော် ... ရုံးဆင်းချိန် ကားတွေက ရှုပ် တယ် ... ကားနဲ့ စက်ဘီးတော့ တွေ့ပြီလို့ ... ပြောလိုက်မိသေး တယ်"

အိမ်ရောက်တော့ ... မောင်ဆန်းထူးအကြောင်း ... ပြောပြ သည်။

ဒေါ်ကြည်ပြာတို့နှင့်လည်း ခင်မင်ရင်းနှီးနေသည်ဆိုတော့ စိတ် မကောင်းဖြစ်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိနှင်း ပါးစပ်ကို ပုတ်တယ် ... အဲဒီလိုပဲ ... မကောင်းတာတွေ မဦးမချွတ်ပြောတတ်နေတယ် ... နောက်ကို ... သတိထားပြောစမ်း"

မိုးဝသန်က ပြောသည်။

"ဟိုတစ်နေ့ကလည်း ငါ့ကို မမကြီး ထီးယူသွား ... မိုးရွာလိမ့်မယ်လို့ ပြောတာလေ ... လမ်းလည်းရောက်ရော ... မိုးရွာပါလေရော"

"အဲဒါ သမီးကြောင့်မဟုတ်ပါဘူး ... မိုးတွင်းမို့ မိုးရွာတာပဲဟာ ... "

"ကဲ ... အိပ်ကြတော့၊ မနက် အလုပ်သွားကြရဦးမှာ၊ ကျောင်းတက်ရမဲ့သူလည်း စောစောမနိုးဘဲ နေဦးမယ်"

ဒေါ်ကြည်ပြာက ပြောသည်။

"မနက်စောစော မနိုးမှာ သေချာတယ် ... ခု အိပ်လို့ရမှာမှမဟုတ်ဘူး ... ဆန်းထူးအကြောင်းချည်း စဉ်းစားနေမှာ ... ဒီကြားထဲသူက လာပြီး ခြောက်ဦးမှာ ... "

"အမယ်လေး ... ကြောက်ပါတယ်ဆိုမှ ညည်းကလည်း ... ဆန်းထူးက ဒီလောက် သဘောကောင်းတာ ... ခြောက်တယ်လို့





မပြောနဲ့ ... လာနောက်တာပဲ ဖြစ်မှာ ... "

အိပ်ရာသို့ အသီးသီး ဝင်ခဲ့ကြသည်။

✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၁။ ရှိပါစေ အမွှေ

"ကလင် ... ကလင် ... ကလင် ... ကလင်"

ညအချိန်မတော် စက်ဘီးဘဲလ်သံ ကြားရ၏။

သည်အိမ်မှာ စက်ဘီးစီးသူ မရှိတော့ပါ။

ဒါပေမဲ့ စက်ဘီးဘဲလ်သံကို သေချာကြားနေရ၏။

ဘယ်သူ့စက်ဘီးဘဲလ်သံ ဖြစ်မလဲ။

"ဘုရား ... ဘုရား ... "

ဘုရားတပြီး နှင်းကေသရီ အိပ်ရာက လူးလဲထလိုက်၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မနှင်း ... မနှင်း ..."

ဗုဒ္ဓေါရေ ... ဘုရားရေ။ ဒုက္ခပါပဲ။

အဲဒါ ဆန်းထူးရဲ့ အသံ။

"မနှင်း ..."

"ဟင် ..."

ဖွင့်ထားသော ပြတင်းတံခါးမှာ ဆန်းထူး ရပ်နေ၏။

"ဟဲ့ ... နင် ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာတာလဲ ... သွား ... ငါ့အနားမလာနဲ့ ..."

"မနှင်း အပြင်ထွက်ခဲ့ပါ ... အထဲဝင်လို့ မရဘူး ... ဘိုးဘိုးကြီးက ကျွန်တော့်ကို ရိုက်ထုတ်တယ် ..."

"နင် ဘာပြောမလို့လဲ ..."

"မနှင်း ထွက်ခဲ့ပါ ..."

"အေး ... ကောင်းပြီ၊ ငါ အပြင်ထွက်ခဲ့မယ် ..."

နှင်းကေသရီ အိမ်အပြင်သို့ ထွက်သွားသည်။

သရက်ပင်ကြီးအောက်မှာ မောင်ဆန်းထူး တီရှပ်အစိမ်းလေး ဝတ်ပြီး ရပ်နေ၏။

"ဘာလဲ ပြော ..."





"ကျွန်တော် ဆယ်တန်းအောင်ရင် ကွန်ပျူတာသင်ပေးမယ်လို့ မနှင်း ပြောတယ် မဟုတ်လား ..."

"အေးလေ ..."

"အဲဒါကြောင့် ကျွန်တော် ကြိုးစားနေတာ ... ဆယ်တန်းအောင်ပြီး ကွန်ပျူတာလည်း သင်မယ် ... ရုံးမှာ ကားမမောင်းတော့ဘူး ... မအိတို့လို ဝန်ထမ်းလုပ်မယ် ..."

"နင် အခု ဘာဖြစ်နေလဲ သိလား ..."

"ကျွန်တော် အခု ကုမ္ပဏီကားမောင်းတဲ့ ဒရိုင်ဘာလေ ... ဒါကြောင့် မအိက ကျွန်တော့်ကို နှိမ်တာ ..."

"မနှိမ်ပါဘူး ... မအိက နင့်ကို စေတနာထားလို့ ဆယ်တန်း ပြန်ဖြေဖို့ ပြောတာ ..."

"ဟုတ်ကဲ့ ... နေ့လယ်က မနှင်း အစည်းအဝေးသွားနေလို့ ကျွန်တော်နဲ့ မအိ ရန်ဖြစ်တဲ့အကြောင်း မနှင်း မသိသေးဘူး ... အဲဒါ ပြောချင်လို့ လာတာ ..."

"ဟုတ်လား ... မအိက ရန်မဖြစ်တတ်ပါဘူး ... နင့်ကို စ,တာပါ ဆန်းထူးရယ် ..."

"ကျွန်တော် သူ့ကို စိတ်ဝင်စားနေတာသိလို့ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးနှိမ်တယ် ... ကျွန်တော် စာမေးပွဲအောင်ပြီး ဘွဲ့ရအောင်လုပ်မယ်၊ မအိလို မာနကြီးတဲ့ မိန်းကလေးရဲ့ အချစ်မျိုးကို ရအောင်ယူမယ်လို့ မဝါတို့ကို ပြောနေတာ ကြားသွားပြီး မအိက ကျွန်တော့်ကို ရန်တွေ့တာ ... နင်လိုကောင်ကို သေတောင် မချစ်ဘူးတဲ့ ... "

"ဟင် ... "

"ဒါကြောင့် ... ကျွန်တော် မခံချင်လို့ ပိုကြိုးစားချင်တာ ... ကျွန်တော့်ကို အစ်မ စာသင်ပေးမယ် မဟုတ်လား ... "

သူ့ကိုယ်သူ သေမှန်းမသိသော မောင်ဆန်းထူးအား ကြောက်ရွံ့စွာကြည့်ရင်း ... နှင်းကေသရီသည် ဘာပြန်ပြောရမှန်းမသိ ... ဖြစ်နေ၏။

"မအိက ကျွန်တော့်လိုကောင်ကို သေတောင် မချစ်ဘူးတဲ့၊ ကျွန်တော်ကတော့ ကျွန်တော် သေလည်း သူ့ကို ဝိညာဉ်ဘဝနဲ့ လိုက်ချစ်နေမယ် ... "

"တော်ပါတော့ကွယ် ... ဆန်းထူး ပြန်တော့ ... ပြောချင်တာ ဒါပဲမဟုတ်လား ... "

"ဟုတ်ပါတယ် ... မနက်စောစော ကျွန်တော် လာခေါ်မယ်"

"မခေါ်နဲ့ ... နင်က သေသွားပြီပဲ ... "





လို့ ပါးစပ်က ပြောမထွက်သဖြင့် ဘာမှမပြောဖြစ်ဘဲ အိမ်ထဲသို့ ပြန်ဝင်လာခဲ့၏။

✦



www.burmeseclassic.com

www.burmeseclassic.com



"မနက်စောစောစီးစီး ဖုန်းလာတယ် ... ကိုမြင့်မောင်က ခုနစ်နာရီခွဲ သူ လာခေါ်မယ်တဲ့ ... "

ဒေါ်ကြည်ပြာက ထမင်းစားပွဲမှာ ထိုင်လိုက်သော နှင်းကေသရီအား ပြောသည်။

ညက ငိုထားသောကြောင့် နှင်းကေသရီ၏ မျက်လုံးများ မို့နေသည်။

"မီနှင်း ... ညက အိပ်ပျော်ရဲ့လား ... "

"ဟွန်း ... အိပ်ပျော်တာမှ သိုးလို့ ... မီနှင်း မျက်နှာ ကြည့်ပါလား ... "

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဟေမာန်က ပြောသည်။

"ဆန်းထူးကို သနားလွန်းလို့ ညက ငိုရတာ မမလေးရယ် ... မျက်လုံးတွေတောင် ယောင်နေတယ် ... ကြည့်ပါလား ... မိုးလင်းခါနီးမှ အိပ်ပျော်တာ ... အိပ်မက်မက်သလိုလိုနဲ့ သူလာတာ တွေ့တယ်"

"လုပ်ပြီ ... နှင်းကေသရီကတော့ ... "

"သူ လာနှုတ်ဆက်တယ် ... မနက်စောစော လာခေါ်မယ်တဲ့"

"ဟယ် ... အဲ့ဒါ လာခေါ်လို့ပြောလိုက်လား ... ညည်းကိုပါ လိုပ်ပြာနှုတ်သွားလိမ့်မယ်တော် ... "

ဒေါ်ကြည်ပြာက စိုးရိမ်ဟန်ဖြင့် ပြော၏။

"ဘာမှ မပြောပါဘူး ... သူ့အဖြစ်ကို သူ မသိတဲ့ဟာကိုပဲ စိတ်မကောင်းဖြစ်နေတာ ... "

"စိတ်စွဲလို့ အိပ်မက်မက်တာ နေမှာပါ ... "

အိပ်မက်လို့ပဲ ထားလိုက်ပါတော့လို့ နှင်းကေသရီ ပြောလာ၏။

ရုံးကို ရောက်တော့ မောင်ဆန်းထူးအကြောင်း ပြောရင်း စုတ်တသပ်သပ် ဖြစ်ကြရသည်။

"မနေ့က မအိနဲ့ ရန်ဖြစ်နေသေးတယ် ... "





သန္တာထွေးက ပြောသည်။

"ဟင် ... ဟုတ်လား"

နှင်းကေသရီ အံ့သြသွားသည်။

"နင့်လိုကောင်မျိုးကို ငါ သေတောင် မယူဘူးလို့ ပြောလိုက်သေးလား ... "

"မနှင်းက ဘယ်လိုသိလဲ ... "

"ဆန်းထူး ပြောသွားတာ ... မနေ့က တို့အိပ်မက်ထဲမှာ ဆန်းထူး ရောက်လာတယ် ... အဲဒီအကြောင်း ပြောပြတယ် ... သူ့ကို အမေးပွဲအောင်အောင် စာသင်ပေးပါတဲ့ ... သူက မစ်ချင်စိတ်နဲ့ ကြိုးစားပြချင်တာလေ ... ကျွန်တော် သေလည်း သူ့ကို ဝိညာဉ်ဘဝနဲ့ လိုက်ချစ်နေမယ်တဲ့ ... "

"ဘုရားသခင်၊ ဒါဆို အခု ဆန်းထူးရဲ့ဝိညာဉ်များ ဒီအနားရောက်နေလား မသိဘူး ... "

"ချလွှမ် ... "

ပြောဆိုနေရင်းက ရုတ်တရက် ပြတင်းပေါက်ပေါင်ပေါ်မှာရှိနေသော ကြွေပန်းအိုးလေး ကျကွဲသွား၏။

"ဟင် ... ဘယ်သူတိုက်ချလို့လဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ အဲဒီနား မသွားပါဘူး ..."

"ကြွက်တိုးတာလည်း မဖြစ်နိုင်ပါဘူး ..."

"ဧကန္တ ..."

"ဆန်းထူးများလား ... အမယ်လေး ... ကြောက်တယ်"

ဝါဝါ၊ သန္တာထွေးနှင့် နှင်းကေသရီတို့ ကြောက်လို့မှမပြီးခင် မဒ

အခန်းထဲသို့ ပြေးဝင်လာ၏။

"ဆန်းထူး ... ဆန်းထူး ဆုံးပြီဆို ..."

"ဟုတ်တယ် ..."

"မနေ့ညက မဝါ ဖုန်းဆက်ပြောတယ် ... ယုံတောင်မယုံဘူ

မနက်က အိမ်ကကားထဲမှာ သူ့အနံ့ရတာ ..."

"ဟင် ... ဆန်းထူးရဲ့အနံ့ ... နင်က သိတယ် ဟုတ်လား"

"မဝါပဲ သူ့ကို ဘော်ဒီစပရေး ဝယ်ပေးလိုက်တာ ... ခုတလေ

သူ့ကိုယ်က အဲဒီအနံ့ကြီး ရနေတာ ... တစ်လမ်းလုံး အဲဒီအနံ့ပဲ ရ

တာ ..."

"ဟုတ်ပါရဲ့ ... ခုလည်း အဲဒီအနံ့ကြီး ... သူ မအိန္ဒ အတူ

ပါလာတယ် ထင်တယ် ..."

"ဘုရားရေ ... ဒုက္ခပါပဲ ..."

ရှေ့ပဒေသာစာပေ



ဆန်းထူးအကြောင်း ပြောရတာနှင့် ကုမ္ပဏီမှာ ဘာအလုပ်မှ

မလုပ်ဖြစ်။

ဆန်းထူး မောင်းခဲ့သောကားကို သရော်ကင်ပွန်းနှင့်ဆေး ...

ပရိတ်ရေဖြန်း၊ သူ့ကို သင်္ဂြိုဟ်သည့်နေ့က ကုမ္ပဏီနှင့်ရော၊ ကားနှင့်ပါ

မဆိုင်သည့်အကြောင်း အမိန့်စာပြန်၊ ရက်လည်သည့်နေ့ ကုမ္ပဏီမှာ

လည်း ဆန်းထူးအတွက် ဆွမ်းကျွေး အမျှဝေကြသည်။

ဆန်းထူးကို ကောင်းရာသုဂတိ လားစေချင်ကြသည်။

ဘယ်ဘုံ ဘယ်ဝကို ရောက်သွားသည်ကို မည်သူမျှ မသိနိုင်ကြ

ပေ။

✦

ရှေ့ပဒေသာစာပေ

www.burmeseclassic.com



## ၁၂။ ဝဋ်မှာအမြဲ

"သေခြင်းတရားဆိုတာ ကြောက်ဖို့ကောင်းလိုက်တာ ... ဘယ်အသက်အရွယ်မှာ သေရမလဲဆိုတာ ဘယ်သူမှ မသိနိုင်ဘူး၊ ဘယ်အနာရောဂါနဲ့ ဘယ်လိုသေမှာလဲဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး ... သေပြီးရင် ဘယ်ဘုံရောက်မယ်ဆိုတာလည်း မသိကြရဘူး ... "

မကေသီက ဆန်းထူး၏ခေတ်ပုံများကို သိမ်းဆည်းရင်းက ပြောနေသည်။

"လူသေပြီး လူပြန်ဖြစ်တယ်ဆိုတာ သူတော်ကောင်းဆိုမှ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တာ ... သုံးဆယ့်တစ်ဘုံမှာ အပါယ်လေးဘုံကို မရောက်ရင် တော်ပြီ ... ”

ဒေါ်စိုးယဉ်က ပြော၏။

“အပါယ်လေးဘုံဆိုတာ ဘာလဲ ... ”

“ငရဲဘုံ ... တိရစ္ဆာန်ဘုံ ... ပြိတ္တာဘုံ၊ အသူရကာယ်ဘုံပေါ့ ... သေသွားပြီးတဲ့အခါ ကောင်းမှုကုသိုလ်များများ လုပ်ပေးပေမဲ့ ... ငရဲဘုံရောက်ရင် မခံစားနိုင်ဘူး ... သာဓု မခေါ်နိုင်ဘူး ... တိရစ္ဆာန်ဖြစ်ရင်လည်း သာဓုမခေါ်နိုင်ဘူး ... အဲ ... ပြိတ္တာဖြစ်ရင်တော့ သာဓုခေါ်နိုင်ပြီး လူ့ဘဝက ကောင်းမှုကုသိုလ်တွေအလိုက် ကျွတ်လွတ်ပြီး ကောင်းတဲ့ဘုံကို ရောက်နိုင်တယ် ... ”

“ဒါဆို ဆန်းထူးတစ်ယောက် ဘာများ ဖြစ်နေသလဲ မသိဘူးနော် ... ”

မကေသီက ပြောလိုက်ရင်း တစ်စုံတစ်ခု ပြောဖို့ ဟန်ပြင်နေသည့် နှင်းကေသရီအား ကြည့်လိုက်၏။

“နှင်း ... ဆန်းထူးအကြောင်း ပြောမလို့လား ... ”

“အင်း ... ကျွန်မ အိပ်မက်မက်တယ် ... ဆန်းထူးက ကျွန်မအိမ်ရှေ့မှာ လာရပ်နေတယ် ... ကျွန်မက ဘာလဲလို့ မေးလိုက်တော့





ကျွန်တော် မနှင်းကို လာနှုတ်ဆက်တာပါတဲ့ ... ဟင် ... နင်ကလည်း ငါ့ကို ခဏခဏ လာနှုတ်ဆက်နေတာပါလို့ ပြောလိုက်တယ် ... ”

နှင်းကေသရီ၏ စကားကို မကေသီနှင့် ဒေါ်စိုးယဉ်တို့ စိတ်ဝင်တစား နားစောင့်နေကြ၏။

“ကျွန်တော် ဘဝပြောင်းရတော့မှာမို့ပါ ... နောင်ဆို ဒီလို လာတွေ့နိုင်မှာ မဟုတ်ဘူးတဲ့ ... ကျွန်တော့်ကို ခွေးဘဝမှာ သွားနေပြီး ဒီလို ကားတိုက်ခံပြီး သေရမယ်တဲ့ ... ခွေးဆိုတော့ ကျွန်တော်ကလည်း လမ်းဘေးက ခွေးမဖြစ်ချင်ဘူး၊ ကျွန်တော်ချစ်တဲ့ မအိအိမ်က ခွေးမကြီးရဲ့ ဝမ်းထဲ ဝင်စားလိုက်မယ်ဆိုပြီး ထွက်သွားရော ... ”

“ဘုရား ... နှင့်အိပ်မက်ကလည်း တကယ်ခွေးဖြစ်နေမှာလား၊ မအိအိမ်မှာတော့ ခွေးတွေရှိတယ် ... တယ်ရီယာခွေးလေးတွေနော်၊ အရမ်းချစ်ဖို့ကောင်းတာ ... ”

ထိုစဉ်ပင် မအိနှင့် သန္တာထွေးတို့ ဘဏ်မှ ငွေထုတ်ပြီး ပြန်လာခဲ့ကြ၏။

“ဘဏ်ကလည်း လူအရမ်းများတာ ... အကြာကြီးစောင့်ခဲ့ရတယ် မနှင်းရေ ... ”

ဝန်ထမ်းများ လစာပေးရန်အတွက် ဘဏ်မှ ငွေထုတ်ခိုင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်သည်။

မကေသီနှင့် ဒေါ်စိုးယဉ်က မအိကို ခွေးအကြောင်း မေးချ

လွန်း၍ ပါးစပ်တပြင်ပြင်နှင့် ဖြစ်နေသည်။

လစာအကြောင်း၊ အလုပ်အကြောင်း ပြောနေကြသဖြင့် ခွေ

အကြောင်း ဘယ်လိုစ,ပြောရမှန်းမသိ ဖြစ်နေသည်။

သို့နှင့်ပင် ရုံးသာ ဆင်းသွားသည်။ ခွေးအကြောင်း မပြောဖြ

ပေ။

✦





နောက်တစ်နေ့တွင် မအိ ပျော်မြူးကြည်နူးစွာဖြင့် ရုံးတက်လာ၏။

"မကေသီရေ ... အိမ်က ပန်ပန်လေး ကလေးမွေးပြီ သိလား"

ဆိုင်းဘုံမဆင့် ပြောလိုက်သဖြင့် မကေသီ မျက်ခုံးများ ပင့်တက်သွားသည်အထိ အံ့သြသွား၏။

'ပန်ပန်'ဆိုသော မအိ အိမ်မှ တယ်ရီယာခွေးမလေး အမည်ဖြစ်သည်။

"ပန်ပန် ဘယ်တုန်းက ယောက်ျားရသွားတာလဲ ... "

"တခြားအိမ်က ခွေးထီးနဲ့ လာစပ်သေးတာ ... အိမ်မှာ ခွေး



www.burmeseclassic.com

www.burmeseclassic.com



သုံးကောင်ရှိတာ ... စနိုးရယ်၊ ဒုံဒုံရယ်၊ ပန်ပန်ရယ်၊ သုံးကောင်စလုံး
အစ်မချည်းပဲ ... စနိုးနဲ့ ဒုံဒုံက အပျိုကြီးတွေ၊ ဘယ်ခွေးထီးမှ စပ်လို့
မရဘူး ... ပန်ပန်ကတော့ ဟော့ရှေ့လေး ခွေးထီးလေးခေါ်လာ
တော့ ခွေးထီးလေး အနားကမခွာတော့ဘူး ... အခု သူဗိုက်ကြီးပြီ
မနေ့ညကမွေးတာ ... အထီးတစ်ကောင် ... အမတစ်ကောင် ...
ခွေးထီးရှင်ကို အမလေးတစ်ကောင်ပေးရမှာ ပေးတောင် မပေးချင်ဘူး
ခွေးလေးတွေက ချစ်စရာကောင်းလွန်းလို့ ... ”

“ရောင်းစား‌ရင်လည်း တော်တော်ရမယ် ... တယ်ရီယာစစ်
တစ်ကောင်ငါးသောင်းလောက်ရှိတယ် ... ”

“အမယ် ... မရောင်းပါဘူးနော် ... ”

“ခွေးတွေ ဒီလောက်များတာ ရှုပ်မနေဘူးလား ... ”

“မရှုပ်ပါဘူး ... အစ်မအပျိုကြီးတစ်ယောက်ရှိတာ သူတို့
အလုပ်တွေ အားလွန်းလို့ ဒီခွေးကို ရေချိုးပေးတဲ့အလုပ်၊ ခွေးထိန်း
အလုပ်ပဲရှိတာ ... ”

နှင်းကေသရီကလည်း သူမ၏အိပ်မက်ကို ပြောပြရမလား
စားနေစဉ် မကေသီက စတင်ပြောလိုက်၏။

“မနှင်းက တစ်နေ့က အိပ်မက်မက်ထားတယ် ... ဆန်းရ





သူ ခွေးဘဝဝင်စားတော့မယ်တဲ့ ... ”

မအိ အံ့သြတွေဝေသွားပြီး ...

“ဘယ်တုန်းက မက်တာလဲဟင် ... ”

“တစ်လလောက်တော့ရှိပြီ ... ဆန်းထူး ဆုံးပြီးခါစကပဲ”

“သူ့ကိုယ်သူ ခွေးဘဝပြောင်းရမယ်လို့ ပြောတာလား”

“အေး ... ခွေးဘဝပြောင်းရမှာမို့ လမ်းဘေးကခွေးတော့ မဖြစ်
ချင်ဘူး ... မအိတို့အိမ်က ခွေးမလေးထဲ ဝင်စားမယ်လို့ ပြောတယ်”

“သူ့ကိုယ်သူ ဘယ်သူက ခွေးဘဝ ဝင်စားရမယ်လို့ ပြောတာလဲ
သိဘူးနော် ... ”

“အဲဒါတော့ မသိဘူ ... ခွေးဘဝ ဝင်စားပြီးရင် အဲဒီလို ကား
တိုက်ခံရဦးမှာတဲ့ ... သူ့ဝဋ်ကလည်း ကြီးလိုက်တာ ... ”

“ကားတိုက်ခံရဦးမယ် ဟုတ်လား ... မနှင်းအိပ်မက်ကလည်း
ကြဲကြဲဖန်ဖန် ... ဆန်းထူးက ခွေးဘဝ ဝင်စားတယ်ဆိုတာ သူ့အိမ်က
လူတွေကြားရင် စိတ်ဆိုးကြမှာ ... ပြီးတော့ ကားတိုက်ခံရဦးမယ်တဲ့၊
သမီးတို့အိမ်ကခွေးတွေကတော့ အိမ်ပေါ်မှာပဲထားတာ ... ကားတိုက်
ရာအကြောင်း မရှိပါဘူး”

မအိက ပြောပြီး ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့လည်း ဒီအကြောင်းကို မေ့သွားကြသည် မဟုတ်လား။

✦





တစ်နေ့သ၌ ရုံးဆင်းခါနီးအချိန် မအိဆီသို့ ဖုန်းဝင်လာသည်။

"မအိ ... ဖုန်းလာနေတယ် ... "

"လာပြီ ... "

စာရင်းတွေ ကူးနေရာက မအိ တယ်လီဖုန်းရှိရာ လျှောက်လာခဲ့

"ရုံးဆင်းခါနီးမှ ဖုန်းလာတယ်ဆိုတော့ ကေ့တော့ ကေ့ပဲ"

သစ္စာထွေးက မထိတထိပြောလိုက်၏။

ခုတလော မအိဆီကို ဖုန်းခဏခဏဆက်နေသော ကောင်

းတစ်ယောက်ရှိနေသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... အမိန့်ရှိပါ ... "

" ... "

"ဟင် ... ဘယ်လို ... "

" ... "

"ဖိုးဖြူ ကားဘီးပေါ် အိပ်နေတာ မသိဘူးလား ... ဒီလောက် အသုံးမကျတာ ... မဖြစ်နိုင်ပါဘူး ... ဖိုးဖြူသေတာ လုံးဝမယုံဘူး ထားလိုက် ... သူ့ကို ဘယ်သူမှ မကိုင်နဲ့ ... အခုလာကြည့်မယ်"

မအိ ဒေါသဖြစ်ဟန်နှင့် ပြောရင်းမှ မျက်ရည်ကျလာ၏။

တယ်လီဖုန်းကိုချပြီး အိမ်ပြန်ရန် စားပွဲမှ စာအုပ်များသိမ်းက ပိုက်ဆံအိတ်ကို ကောက်ယူလိုက်သည်။

"ဘာဖြစ်လို့လဲ ... "

နှင်းကေသရီက မေးလိုက်၏။

"ဖိုးဖြူလေး ကားရှေ့ဘီးပေါ် တက်အိပ်နေတာ မမြင်ဘဲ ကား ကို နောက်ဆုတ်လိုက်တော့ ဖိုးဖြူလေး ပြတ်ကျပြီး ကားဘီးနဲ့ ကြိ မိတာပါ ... "

"ဟောတော့ ... သေရောပေါ့ ... "

"ကားမောင်းတာက ဘယ်သူလဲ ... "





"ဒရိုင်ဘာဦးလေးကြီးပေါ့ ... ခွေးတစ်ကောင်လုံး ကားဘီးပေါ် တက်အိပ်တာ ဘယ်သူမှ မမြင်ကြဘူးတဲ့ ... အိမ်ကလူတွေကလည်း အသုံးကို မကျဘူး ... ဒါတောင် မမြင်ကြဘူးလား မသိဘူး ... "

မအိ အိမ်သို့ပြန်သွား၏။

"ဖိုးဖြူလေးဆိုတာ ခွေးလေးလား ... "

ဒေါ်စိုးယဉ်က မေးနေ၏။

"ဟုတ်တယ်လေ ... ပန်ပန်မွေးတဲ့ သုံးကောင်ထဲက အထီး လေးနှစ်ကောင်ပါတာ ... ဖိုးဖြူနဲ့ ရွှေတိုးလို့ မှည့်ထားတာ ... "

ဒေါ်စိုးယဉ်၊ မကေသီနှင့် နှင်းကေသရီတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြ၏။

"ဒါဆို ... ဟို ဆန်းထူးဝင်စားမယ် ... ကားတိုက်ခံမယ်ဆိုတာ နေပြီပေါ့ ... "

မကေသီက ပြောသည်။

နှင်းကေသရီက စိတ်မကောင်းဖြစ်သွား၏။

သူ့အိပ်မက်ထဲကလို ဆန်းထူး ခွေးဘဝ ဝင်စားသည်လို့ မထင် မထင်ရက်။

လူ့ဘဝမှာလည်း ကားတိုက်ခံသေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွေးဘဝရောက်တော့လည်း ကားတိုက်ခံ သေရသည်ဆိုတော့။

ဘယ်နှစ်ဘဝများ ဆက်ပြီး ဒီလိုဝဋ်ခံနေရဦးပါလိမ့် … ။

✦





## ၁၃။ သေမင်းကိုတော့ အရှုံးပေးပါတယ်

နှင်းကေသီ၊ ကုမ္ပဏီမှာလုပ်တာ … နှစ်နှစ်ရှိသွားသောအခါ ိုးလေးဖြစ်သူ ဦးကျော်မောင်လွင်က စင်္ကာပူတွင် လုပ်ငန်းတစ်ခု လုပ် ့်အတွက် ခရီးထွက်သွား၏။ ဟိုမှာ ကြာကြာနေရမည်ဖြစ်၏။ နှင်း ကေသရီအား အုပ်ချုပ်ရေးမှူးအဖြစ် အစစအရာရာ တာဝန်လွှဲအပ်သွား သည်။

ကုမ္ပဏီမှာ … ဖြစ်ပျက်သမျှ လုပ်ငန်းနှင့် ပတ်သက်သော အကြောင်းအရာအားလုံးအား တစ်ပတ်တစ်ခါ စင်္ကာပူသို့ E-mail နှင့် ည်း ပို့ရမည်။ ဖုန်းလည်းဆက်ရမည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရီက တူမလည်းဖြစ်၊ အလုပ်လည်း စိတ်ဝင်တစား ကြိုးစားတတ်သူမို့ လုပ်ငန်းကို လွှဲအပ်ထားခဲ့တာကို နှင်းကေသရီထက် အရင်အလုပ်ဝင်ခဲ့သော စောစောဦးက မကျေမနပ်ဖြစ်နေလေသည်။

စောစောဦးသည် ရုပ်ချောသလောက် သဘောပုပ်သည်လို့ ကုမ္ပဏီက ဝန်ထမ်းတွေက ပြောကြတာကို နှင်းကေသရီက အချင်းချင်း မတည့်လို့ ပြောကြတာဟု ထင်ခဲ့၏။

တကယ်တမ်း ဆက်ဆံကြလို့တော့ ကြာလေလေ စောစောဦးအကျင့်တန်တာ သိရလေဖြစ်သည်။

စောစောဦးက ရုံးရောက်တာနှင့် တယ်လီဖုန်းပြောသည်။ ဖုန်း တစ်ခါပြောလျှင် တစ်နာရီလောက်ကြာ၏။

ရုံးကကားနှင့် အပြင်သို့ကိစ္စရှိ၍ ခိုင်းလျှင် ပြန်မလာတော့၊ သူ့ကိုယ်ရေးကိုယ်တာကိစ္စတွေ လျှောက်သုံးသည်။

သူများလုပ်ပြီးသောအလုပ် အောင်မြင်ပြီဆိုလျှင် သူ့လုပ်ထား သလိုလိုနှင့် နာမည်ဝင်ယူသည်။

လုပ်ဖော်ကိုင်ဖက်အချင်းချင်း ကြီးပွားတာကို မနာလို မရှုစိတ် အလုပ်ရှင်အား သူများမကောင်းသည့်အကြောင်း ကြံဖန်၍ ကုန်းချော တတ်၏။





လူပျိုယောကျ်ားလေးတွေ အလုပ်ဝင်လာပြီဆိုလျှင် စောစော ဦးက အင်မတန် သဘောကောင်းသည့်ပုံနှင့် ပြောတတ်၏။

လူပျိုတွေဆီက ချူဆီလုပ်ပြီး ပိုက်ဆံတွေယူသုံးတတ်တာ လည်း သူ၏မကောင်းသည့်အကျင့်တစ်ခု ဖြစ်သည်။

အဲဒီလူပျိုတွေက တခြားမိန်းကလေးတွေနှင့် ခင်မင်တာ မလို လား၊ ကုမ္ပဏီတစ်ခုလုံးမှာရှိသည့် မိန်းကလေးဝန်ထမ်းတွေထဲမှာ မည်သူမျှ အပျိုမစစ်၊ ရည်းစားတွေဘယ်နှစ်ယောက်ထားပြီး ဘယ်လို ချိန်းတွေ့တာကအစ သူ သိသလိုလိုနှင့် စောစောဦး လျှောက်ပြော တတ်၏။

စောစောဦး၏ ရောဂါက သူဌေးကတော်ဖြစ်လိုခြင်းပင် ဖြစ် သည်။

ငယ်စဉ်ကတည်းက အိမ်ခန်းကျဉ်းကလေးမှာ နေခဲ့ရပြီး လိုင်း ကားတိုးစီးရသောဘဝကို စိတ်ကုန် စိတ်နာပြီး ချက်ချင်းကြီး ခြံဝင်း ကျယ်ထဲမှာ သစ်လွင်ခိုင်ခံ့ခမ်းနားသော တိုက်ကြီးနှင့် ပါဂျဲရိုးလ်စီးကာ လက်ကိုင်ဖုန်းကလေးနှင့် စတိုင်ထုတ်ချင်သောရောဂါက စောစော ဦးမှာ တစ်နေ့တခြား ကြီးထွားလာကာ ပိုက်ဆံရှိသော ယောကျ်ား တွေကို မျက်စပစ်တတ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားတွေထားသည်။

နိုင်ငံခြားကုမ္ပဏီကြီးမှာလုပ်သောသူ၊ နိုင်ငံခြားသင်္ဘောလိုက်

သူ၊ သူဌေးသား စသဖြင့် ခင်မင်ရင်းနှီးကာ ရည်းစားဖြစ်အောင် ပြ

သော်လည်း တစ်ယောက်မှ မချိတ်မိသေး။

နောက်ဆုံးတော့ နှင်းကေသရီ၏ဦးလေး ဦးကျော်မောင်လွ

ကိုပဲ အတင်းပူးကပ်ရောနှောကာ ဆွဲဆောင်နေတာ တစ်ရုံးလုံးက

တွေ သိနေလေသည်။

ဦးကျော်မောင်လွင်မှာ အလွန်လှပ၍ ခေတ်ပညာတတ်သေ

ဇနီးချောရှိသည်။ အလွန်ချစ်စရာကောင်းသော ကလေးနှစ်ယော

လည်း ရှိ၏။

ဇနီးဖြစ်သူက နိုင်ငံခြားတွင် သွားရောက်အမှုထမ်းရသည့်အ

ကလေးနှစ်ယောက် အဘိုးအဘွားဖြစ်သူနှင့် မြန်မာပြည်မှာ ကျန်ခဲ့

ထိုအခါ စောစောဦးသည် အခွင့်ကောင်းယူပြီး ဦးကျော်မော

လွင်အား အတင်းစည်းရုံး၍ အိမ်မှာ ညသွားအိပ်သည်အထိ ရှော

မကြောက် ကြံစည်လေတော့သည်။

ဒါကိုလည်း ကုမ္ပဏီမှ ဝန်ထမ်းတွေ တစ်ယောက်စကား အ

ယောက်နားရောက်ကာ သိကြ၏။





ယခု ဦးကျော်မောင်လွင်က သူ့ဇနီးရှိသော နိုင်ငံခြားသို့ လိုက်သွားပြီး ကုမ္ပဏီကိစ္စတွေ သွားလုပ်သောအခါ သူ့အား အုပ်ချုပ်ရန် မလွှဲဘဲ နှင်းကေသရီအား လွှဲသွားသဖြင့် စောစောဦး စိတ်တွေကိုကား ကုမ္ပဏီမှ အလုပ်တွေ ပျက်စီးရာပျက်စီးကြောင်း လုပ်နေလေသည်။

နောက်ဆုံးကျတော့လည်း စောစောဦးသည် နှင်းကေသရီနှင့် စကားများပြီး အလုပ်မှထွက်သွားလေသည်။

သူ အလုပ်မှထွက်သွားသော်လည်း သူအလွဲသုံးစားလုပ်ထားသော ငွေများအတွက် စောစောဦးအား ရှေ့နေမှတစ်ဆင့် အမြန်ဆုံး ဖြေရှင်းရန် သတိပေးထားရသည်။

ဒီလိုအလုပ်မျိုးကို နှင်းကေသရီ မလုပ်ချင်။

ဒါပေမဲ့ ... သည်လိုမတောင်းလျှင် စောစောဦးက ပေးမည် မဟုတ်။

ငွေကလည်းများသည်။

သိန်းတစ်ရာကျော် အလွဲသုံးစားလုပ်သည့်ကိစ္စ တရားမစွဲလျှင် အမှုမဖွင့်လျှင် ဘယ်လိုလုပ်တောင်းရမည်လဲ။

"ဘယ်သူ့ကိုမှ ဒုက္ခမရောက်စေချင်ဘူး ... နေ့တိုင်း ခုနှစ်ရက်သားသမီးကို မေတ္တာပို့နေခဲ့တာ ... ဒီလိုကိစ္စမျိုးကို သမီး မလုပ်ချင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး မေမေရယ် ... ဦးလေးကို မြန်မြန်ပြန်လာစေချင်ပြီ ...”

နှဝ်းကေသရီသည် မိခင်ဖြစ်သူအား ရုံးကကိစ္စတွေ အကုန်ပြန်ပြောပြတတ်သည်။

“ဒါတော့ သမီးက သူ့ကို မတရားလုပ်တာမှ မဟုတ်တာ ... စိတ်ထဲဘာမှ အနှောင့်အယှက်မဖြစ်နဲ့ ... အမှုဆိုတာ ချက်ချင်းဖြစ်တာ မဟုတ်ဘူး ... သူ့ကို ပိုက်ဆံပြန်ပေးဖို့ အချိန်ပေးထားတယ် မဟုတ်လား ...”

“ဟုတ်ကဲ့ ...”

“အဲဒီသိန်းတစ်ရာကျော်ကို ယူပြီး ဒီမိန်းကလေး ဘာတွေများ သုံးပစ်လိုက်လဲ မသိဘူး ...”

“သမီးကြားတာကတော့ သူ့အမေက နှစ်လုံးထိုးနေတာတဲ့ အဲဒီမှာ ရှုံးသွားတာ ...”

“အမယ်လေး ... ကြောက်စရာကောင်းလိုက်တာ၊ ဒီလောက် ငွေတွေကုန်အောင်များ မိုက်မိုက်ကန်းကန်း လုပ်ကြပါဘိ ...”

သုံးလအတွင်း ထိုငွေတွေ ပြန်ပေးပါမည်ဟု ရှေ့နေထံတွင် လက်မှတ်ထိုးသွားသော စောစောဦးသည် မကြာခင်တွင်ပင် သားကြီး မယားကြီးရှိသော သူဌေးကြီးတစ်ယောက်အား ယူလိုက်သည်ဟု





ကြားရ၏။

သူဌေးကြီး၏ မယားကြီးမှာ သားနှစ်ယောက်ကို လက်ဆွဲပြီး အိမ်ပေါ်မှ ဆင်းသွားရသည်တဲ့။

စောစောဦးက သူ့အတွက်ပေးထားသော ဆူပါဆလွန်းကို ရောင်းပြီး ကုမ္ပဏီမှ ယူသုံးထားသော ငွေများကို ခွဲ၍ဆပ်လေသည်။

သူဌေးကြီးမသိအောင် ကားကို လချုပ်နှင့် ငှား၍ စီးကာ ဣန္ဒြေမပျက်နေထိုင်သည်တဲ့လေ။

သို့သော်လည်း မယားကြီးနှင့် သားနှစ်ယောက်ကို အိမ်မှ နှင်ထုတ်ပြီး သူဌေးကတော်အဖြစ် စံစားနေသော စောစောဦးသည် သူဌေးကတော်စည်းစိမ်ကို ကြာကြာမခံစားရ။ သူ့စေတနာသူ အကျိုးပေးကာ မကြာမီပင် သားအိမ်ကင်ဆာဖြစ်ပြီး ခြောက်လအတွင်း သေဆုံးသွားလေသည်။

စောစောဦးသေတာကို အသေစော၍ နှမြောလှသည်ဟု ငိုသည့်သူမရှိ။

လူအများကို ဒုက္ခပေးခဲ့သူမို့ သေတာတောင် သနားမည့်သူ ရှိသည့်အဖြစ်ကား ရင်နာဖွယ် သံဝေဂရဖွယ်ကောင်းလှပါပေသည်။

လူတွေအပေါ် အမြတ်မ်း အနိုင်ယူလိုသော်လည်း သေမင်းကို



www.burmeseclassic.com

www.burmeseclassic.com



တော့ နိုင်၍မရပါလား။

ဘယ်အချိန်မှာ ဘယ်လိုသေမည်ကို မသိနိုင်သောအဖြစ်ကို သတိမူ၍ ကြိုတင်ကောင်းမှုပြုရပေမည်ဟု နှင်းကေသရီ သံဝေဂရလိုက်လေသည်။

✦





## ၁၄။ ငရဲသို့အလည်ရောက်သူ

"တို့ကားပေါ်မှာ လူကိုးယောက်ဖြစ်နေတယ် … အဲဒီတော့ ကျောက်ခဲလေးတစ်လုံးခေါ်ပြီး တင်ခဲ့မယ် … သူက မောင်ကျောက်ခဲပေါ့ … "

မကေသီက ကျောက်ခဲတစ်လုံး ကောက်၍ ကားရှေ့ခန်းမှာ ထားလိုက်၏။

"ဟင် … ဘာဆိုင်လို့လဲ … မကေကလည်း … ဟေမာနက်တော့ အဲဒါတွေ မယုံဘူး … "



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဟေမာန် ဘွဲ့ရပြီး သည်ကုမ္ပဏီမှာပင် စာရင်းကိုင်ဝင်လုပ်၏။

သည်နေ့က ကုမ္ပဏီ၏ အလုပ်ကိစ္စဆောင်ရွက်ရင်း ကုမ္ပဏီမှ ပေးသောကားဖြင့် ပုပ္ပားသို့ခရီးထွက်လာခဲ့ကြခြင်းဖြစ်၏။

"ထဘီအနက်တွေလည်း မဝတ်နဲ့ ..."

"ဟာ ... မကေသီတို့ကတော့ လုပ်ပြန်ပြီ ... ထဘီအနက်ကို အကြိုက်ဆုံးပဲဟာ ..."

ထဘီစကတ်အနက်ကို ဝတ်ထားသော ဆောင်းဟေမာန်သည် ကေသီကျော့အား နှာခေါင်းရှုံ့ပြလိုက်၏။

လိုက်အေ့စ်ကားပေါ်တွင် ကားမောင်းသူကိုမျိုးနှင့်ပါဆိုလျှင် မိမိတို့အဖွဲ့က ကိုးယောက်ဖြစ်နေ၍ မကေသီက ကျောက်ခဲတစ်လုံး ကောက်တင်လာသလို နှင်းကေသရီကလည်း ဘိုမရုပ်ကလေးတစ်ရုပ် ယူလာခဲ့၏။

ထဘီအနက်ဝတ်ထားသော သန္တာတွေးနှင့် မအိက တခြားထဘီနှင့် လဲသည်။

ဆောင်းဟေမာန်ကတော့ ခပ်တည်တည်ပင်။

ဘုရားလည်းဖူး၊ လိပ်ဥလည်းတူးဆိုတာလို အလုပ်ကိစ္စတွေ





လုပ်ရင်း ဘုရားဖူး ခရီးလည်းထွက်ခဲ့ကြ၏။

ဆောင်းဟေမာန်နှင့် မအိက တစ်လမ်းလုံး သီချင်းတွေဆိုလာကြ၏။

ရယ်စရာတွေပြောပြီး တသောသောရယ်လာကြတာလည်း သူတို့နှစ်ယောက်ပင်။

မကေသီနှင့် နှင်းကေသရီတို့က ဘုရားစာတွေ ရွတ်ဖတ်လာခဲ့၏။

"ရယ်ကြ ... ရယ်ကြ ... နင်တို့ပဲ အမျိုးမျိုးပြောပြီး ရယ်နိုင်ကြတယ် ... တစ်ခုခုစားနေ ဝါးနေရမှ ... ဒါမှမဟုတ် သီချင်းဆိုနေရမှ၊ တော်တော်ပျော်နိုင်ကြတဲ့ မိန်းကလေးတွေ ..."

ဒေါ်စိုးယဉ်က ပြောသည်။

"မသေခင်ပျော်ရတာပဲ အန်တီစိုးရဲ့ ... ပျော်နေတာ မကျေနပ်ဘူးလား ..."

"မပြောကောင်းပြောကောင်း ဒီကောင်မလေးနော် ... သေစကားတွေလာပြောမနေနဲ့ ..."

"ဟဲ ... ဟဲ ... ဟဲ ... အန်တီစိုးက သေရမှာကြောက်နေပြန်ပြီ ... သေတာ ဘာဆန်းလို့လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"နင်သေရဲလို့လား ..."

မအိက မေးသည်။

"ဘာမှမသေရဲစရာ မရှိဘူး ... သေနေ့စေ့ရင် သေမှာပဲ ..."

"ကဲ ... ဒါဆိုသေဟယ် ... သေသေ ..."

မအိက ဆောင်းဟောမာန်၏ခေါင်းကို ယပ်တောင်နှင့် ယပ်ခပ်ပေးရင်း ပြောသည်။

"ဟဲ့ ... ငယ်ထိပ်ကို ယပ်မခပ်ကောင်းဘူး ..."

"အန်တီစိုးက လုပ်ပြန်ပြီ ..."

ပုပ္ပားမှအပြန်လမ်းတွင် ကားက ခဏခဏပျက်သည်။ ကားမောင်းသူကိုမျိုးလည်း ကားပြင်ရတာ အတော်ပင်ပန်းနေလေပြီ။

"ကားကလည်း စုတ်ပြတ်နေတာပဲ ... မီးရှို့ပစ်လိုက်ဖို့ကောင်းပြီ ..."

"ဟဲ့ ... မအိ ... နင့်ပါးစပ်နော် ..."

မကေသီက စိတ်ဆိုးစွာဖြင့် မအိအားအော်လိုက်သည်။

နှင်းကေသရီစိတ်ထဲမှာ လေးနေ၏။

မြန်မြန်အိမ်ပြန်ရောက်ချင်ပြီ။

ရွှေပဒေသာစာပေ



အပြန်လမ်းတွင် အားလုံးခရီးပန်းကာ အိပ်ငိုက်သူငိုက်၊ အိပ်ပျော်သူကပျော်နှင့် လိုက်လာကြရာ မမျှော်လင့်ဘဲ ပေါက်ကွဲသံလိုလို အသံကျယ်ကြီးကြားပြီး ကားသည် လမ်းဘေးသို့ ဆွဲသွားကာ သစ်ပင်တစ်ပင်ကို ဝင်တိုက်မိသွားလေသည်။

အသံကြားသည်နှင့် ရုတ်တရက် လန့်နိုးလာကြသော်လည်း ဘာဖြစ်မှန်းကိုမသိဘဲ ကြောက်စိတ်နှင့် ငယ်သံပါအောင် အော်လိုက်ကြလေသည်။

"ဟော့ ... မိန်းကလေး ... လာခဲ့ ... ဒီပေါ်တက် ..."

လမ်းဘေးမှ ခွေလျက်ကလေး လဲကျသွားသော နှင်းကေသရီသည် အသံကြား၍ မျက်လုံးများဖွင့်ကြည့်လိုက်၏။

မျက်နှာပေါက်ဆိုးဆိုးနှင့် ခေါင်းတွင် အချွန်အတက်ပါသော ဦးထုပ်ဆောင်းထားသော အသားနီစပ်စပ်နှင့် လူကြီးနှစ်ယောက်က လက်တစ်ဘက်စီတွင် သံခက်ရင်းခွကြီးများ ကိုင်ထား၏။

"ဟော့ ... တက်လေ ... ဒီပေါ်ကို ..."

ကြောက်လန့်တုန်လှုပ်စွာဖြင့် သူတို့ဆွဲခေါ်ရာသို့ တက်လိုက်ရ၏။

ယာဉ်တော့ယာဉ်ပါပဲ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ စက်ကိရိယာမပါ။

မြင်းရထားလိုပုံသဏ္ဌာန်တူပေမဲ့ မြင်းလည်းမပါ၊ နွားနှင့်လည်း မဆွဲ။ ယာဉ်သည် သူ့အလိုလို လျင်မြန်စွာ ပြေးလေသည်။

နှင်းကေသရီသည် ကြောက်လွန်း၍ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ ချွေးသီးချွေးပေါက်တွေ ကျနေလေသည်။

အတော်ကလေးသွားမိသောအခါ မြို့တံတိုင်းကဲ့သို့ ကာရံထားသော နေရာတစ်ခုသို့ ရောက်သွားလေ၏။

မန္တလေးနန်းတော်နှင့် ခပ်ဆင်ဆင်တူသော်လည်း မြို့ရိုးသည် အုတ်လားဘာလားမသိ။ မည်းတူးနေ၏။

ထိုအုတ်ရိုးတံတိုင်းရှေ့မှာ ကျုံးရှိသည်။

ကျုံးထဲတွင် အငွေ့တထောင်းထောင်းထနေသော ရေပူများရှိသည်။

သည်ကျုံးကိုဖြတ်ရန်အတွက် တံတားတစ်ခုရှိသည်။

တံတားပေါ်မှလျှောက်ရန် ထိုလူကြီးနှစ်ယောက်က ဆွဲခေါ်သွား၏။

ကျုံးထဲတွင်တော့ လူအတော်များများသည် သံရည်ပူထဲတွင် ‘ကယ်ပါ ... ကယ်ပါ’ ဟု တစာစာအော်ဟစ်နေသော်လည်း ကယ်မည့်





ူဝေးစွာ၊ သံခက်ရင်းခွကိုင်ထားသော လူမည်းမည်းများက ကျွဲနွားကို ုံစွပ်နှင့် ထိုးသလိုထိုးပြီး ရည်ပူထဲသို့ တွန်းပို့နေ၏။

သံရည်ပူထဲမှ လူများ၏ မရှိမဆုံအော်ဦးမှာ နားမခံသာအောင် ူညံနေသည်။

ဖြစ်မှဖြစ်ရလေ ... ဒါဘာလုပ်တာပါလိမ့်ဟုတွေးရင်း တံတား ပေါ်မှ ဆက်၍လျှောက်လာ၏။

ပြန်လှည့်သွားချင်စိတ်ရှိသော်လည်း ဘေးမှလူနီနီကြီးနှစ် ယောက်က အတင်းဆွဲခေါ်နေသောကြောင့် နောက်ကြောင်းပြန်လှည့် ၍ မဖြစ်ပေ။

အုတ်မြို့ရိုးလို အထဲသို့ တံခါးပေါက်ကြီးမှ ဝင်သွားသောအခါ

“အား ... အမယ်လေး ... ”

“ကယ်ကြပါ ... ကျွန်မကို လွှတ်ပေးကြပါ ... ”

“အား ... ”

“အီး ... ဟီး ... ဟီး ... ”

အော်သံတွေ၊ ညည်းညူသံတွေ ဆူညံ၍ ကြက်သီးတဖြန်းဖြန်း ထအောင် ကြောက်မက်ဖွယ်၊ ရင်တုန်ဖွယ်မြင်ကွင်းတွေ မြင်ရလေ ည်။



www.burmeseclassic.com

www.burmeseclassic.com



ကွင်းပြင်ကျယ်ကြီးတစ်ခုတွင် အဝတ်မပါ ခန္ဓာကိုယ်အောက်ပိုင်းကိုသာ လုံအောင်ဖုံးထားသည့် လူတွေမှ အများကြီး။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် လက်ထဲမှပါသော တင်းပုတ်ဖြင့် လိုက်ထုနေကြ၏။

သည်လူတွေ ဘာဖြစ်နေကြပါလိမ့်ဟု တွေးသည်။

မိမိဘေးမှ ပါလာသော လူနှစ်ယောက်ကို မေးလည်းမဖြေပါ။

တစ်နေရာတွင် ကန်ရေပြင်ကျယ်ကြီးရှိသည်။ ရေတွေက ပွက်ပွက်ဆူပြီး အငွေ့တထောင်းထောင်းထနေသည်။

ကန်ထဲမှာ ကူးချီသန်းချီလုပ်နေသော လူတွေမှ အများကြီး။

ဒီလောက်ပူတဲ့ရေထဲကို ဘာဖြစ်လို့ ကူးခတ်နေကြတာပါလိမ့်။

"အမယ်လေး ... လေး ... လေး ... ကယ်ကြပါ ... ကျွန်မကို ချမ်းသာပေးကြပါ ... "

အသံကုန်ဟစ်အော်၍ ပြေးနေသော ဆံပင်ဖားလျားချထားသည့် မိန်းမငယ်တစ်ယောက်။

သူ့နောက်မှ တင်းပုတ်ကြီးနှင့် လိုက်ထုနေသော လူနီကြီးတစ်ယောက်။





"ဟင် ... စောစောဦးပါလား ... "

သူ့မျက်လုံးကို သူ မယုံနိုင်သလို ဖြစ်သွားသည်။

စောစောဦးက ဆံပင်အရှည်နှင့် ဖြစ်သည်။

နှင်းကေသရီက ရပ်ပြီး သူမအား နှုတ်ဆက်စကားပြောမလို့ ပါးစပ်ဟလိုက်၏။

နှင်းကေသရီ ပါးစပ်ဟလို့သာရ၏။ အသံက ထွက်မလာ။

ဖနောင့်နှင့်တင်ပါး တသားတည်းကျအောင် ပြေးနေသော စောစောဦးကတော့ နှင်းကေသရီကို ဘယ်မြင်လိမ့်မတုန်း။

စောစောဦး၏ ကိုယ်လုံးက အရိုးပေါ်အရေတင်ပြီး မျက်တွင်းကချိုင့်၊ မျက်လုံးကပြူးထွက်နေသည်။

"အဲဒါ သူများယောက်ျားကို ယူချင်တဲ့ မိန်းမတွေကို အပြစ်ပေးမလို့ ငရဲသားက သူ့နောက်က လိုက်နေတာ ... "

လူနီကြီးက ရပ်တန့်ရင်း ပြောလိုက်သည်။

"ရှင် ... ဒါ ငရဲသား ဟုတ်လား ... "

"ဟုတ်တယ် ... အခု မင်းရောက်နေတာ ငရဲပြည်ပဲ ... "

"ဘုရား ... ဘုရား ... ငရဲပြည် ဟုတ်လား ... "

စိုးရိမ်ထိတ်လန့်တုန်လှုပ်စွာဖြင့် တစ်ကိုယ်လုံး ဇောချွေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာ၏။

“ဟောဟို ရေပူကန်ထဲက လူတွေ ကြည့်လိုက် ... သူများသားမယား ပြစ်မှားတဲ့လူ ... ကိုယ့်သားမယားရှိလျက်နဲ့ ဖောက်ပြန်တဲ့လူတွေကို အပြစ်ပေးနေတာ ... ”

အငွေ့တထောင်းထောင်းထနေသော ရေပူကန်ထဲမှာ ကျူးခတ်နေသူများကား မောမောပန်းပန်း ပူပူလောင်လောင် ကျူးခတ်ရင်းမှ လက်အန်သေပင်ပန်း၍ နားခွင့်မရ။

ကုန်းပေါ်မှနေ၍ ခက်ရင်းခွလိုအရာကြီးများကိုင်ထားသူတို့က ရပ်နေကာ ကုန်းပေါ်ပြန်တက်လာသူများအား ကန်ထဲသို့ ပြန်ဆင်းရန် ခက်ရင်းခွနှင့် ထိုးချနေလေသည်။

သူတို့အဖြစ်ကို ကြည့်လည်းမကြည့်ရက်၊ သနားလည်းသနားကိုယ်လည်း ဘာမှမတတ်နိုင်နှင့် နှင်းကေသရီမှာ ဆောက်တည်ရာမအောင်ကို ဖြစ်နေလေသည်။

ငယ်ငယ်တုန်းက မေမေက လိမ်မပြောရ၊ ညာမပြောရ၊ သူများပစ္စည်းမခိုးရ၊ ငရဲကြီးတတ်သည်။ ငရဲပြည်တွင် လိမ်ညာပြောသူ ခိုးသူများအား ဆီပူဒယ်အိုးထဲမှာ အကြော်ခံရသည်လို့ ပြောခဲ့တာ ခုမှ လက်တွေ့ ငရဲခံနေရတာ မြင်ဖူးသည်။





ကြောက်စရာကောင်းလိုက်တာပါလား။

လူနီကြီးနှစ်ယောက်က ရှေ့သို့ ဆက်သွားသောအခါ နှင်းကေသရီလည်း မရဲတရဲလိုက်လာခဲ့ရသည်။

“အလို ... လေး ... လေး ... ဘယ်လိုကြီးတွေပါလိမ့်”

နေ့မှာ ...

ကွင်းပြင်ထဲမှာရှိသော လူတွေကို လက်နှစ်ဖက်ဆန့်တန်း၍ ကားစင်မှာ ချည်သလိုမျိုး ကြိုးနှင့်ချည်ထားသည်။

ပါးစပ်ကိုလည်း သံချိတ်လိုအကောက်မျိုးနှင့် တစ်ဘက်စီမှ ဆွဲချိတ်ထား၏။

ပါးစပ်ကြီးများပြဲ၍ ... ဖုတ်လှိုက်ဖုတ်လှိုက် အသက်ရှူနေကြသည်။

“အဲဒါ လူ့ဘဝတုန်းက ပါးစပ်ကြမ်းတဲ့လူတွေ၊ မကြားဝံ့မနာသာ ဆဲဆိုနေကြတဲ့သူတွေ၊ သူများအကြောင်း မကောင်းပြောတဲ့သူတွေ၊ မိဘကို လူကြီးသူမကို ပြန်လှန်ပြောတဲ့လူတွေကို အပြစ်ပေးနေတာ”

“ဘုရား ... ရေ ... တော်တော်ခံရမှာပါလား ... ငါ လူကြီးတွေကို ပြန်မပြောတတ်ဘူး ... ဆဲလည်းမဆဲတတ်ဘူး ... ညာတော့ ညာပြောမိမှာပဲ ... ”



www.burmeseclassic.com

www.burmeseclassic.com



ဒူးတွေ ဆတ်ဆတ်တုန်လာ၏။

ဟော ... ဟိုမှာ တစ်မျိုး ... ။

ကွင်းပြင်ကျယ်ကြီးထဲမှာ လူတွေ စုရုံးထိုင်နေကြပြီး အသား ရောင်နီစပ်စပ်နှင့် ကြောက်စရာကောင်းသော မျက်နှာထားရှိသော လူကြီးများက နားထဲသို့ ကံတော့နှင့် အလွန်ပူလွန်းသော အငွေ့တွေ ထနေသော ရေပူများလောင်းထည့်နေ၏။

အော်ပဲအော်နိုင်သည်။

ရုန်း၍မရ၊ ထ၍မရ။

"အဲဒါ လူပြည်မှာတုန်းက သူများနားမခံသာအောင် သီချင်း တွေ အကျယ်ကြီးလွှင့်တဲ့သူ၊ သူများကို နားညည်းအောင် လုပ်တဲ့သူ တွေကို အပြစ်ပေးတာပဲဖြစ်မှာ ... "

လူကြီးမပြောဘဲ သူမဘာသာ တွေးကြည့်တာဖြစ်သည်။

ရှေ့မှာတော့ သံဇလုံကြီးတစ်ခု။

ကြီးတာမှ တော်တော်ကြီးသည်။

ရေကန်လိုဇလုံကြီးထဲမှာ ရေအပြည့်ရှိသည်။

ထိုရေကလည်း ပွတ်ပွတ်ဆူနေသည်။ ရေထဲမှာ လူတွေရှိသည်၊ ရေပူထဲမှလွတ်မြောက်ရန် သံဇလုံပေါ်တွယ်တတ်ကြ၏။

သံဇလုံကလည်း ကျွတ်ကျွတ်ပူကာ နီရဲနေ၏။

ငရဲဆိုတာ ဒီလိုမျိုးလား။

အတော်ကြောက်ဖို့ကောင်းတာပဲ။

တစ်နေရာမှာ ကြည့်ပါဦး။

လူတွေ လေးဘက်ထောက်ပြီး ကြိုးတွေနှင့် ချည်ထား၏။

ကျွဲနွားများလို ရိုက်နှက်ပြီး လှည်းလိုဆွဲခိုင်းနေ၏။

မဆွဲ၍မရ၊ မပြေး၍မရ၊ ငရဲထိန်းတို့က ကြိမ်ဖြင့် ရိုက်နှက်ခိုင်း သောကြောင့် ပြေးရ၏။

ပြေးရသောလမ်းကလည်း မချောမွေ့။

ဆူးတွေ၊ သံချွန်တွေဖြင့် ပြည့်နေ၏။

ဆူးခလုတ် သံချွန်တွေက လက်ကိုလည်းကောင်း၊ ဒူးနှင့် ခြေ ထောက် ရင်ဘတ်များကို သွေးတွေဖြာထွက်အောင် ပြုလုပ်လေသည်။

တစ်နေရာတွင်မူ ရေကန်ကြီးတစ်ကန်သည် မစင်ဖြင့် ပြည့်နေ ကဲ့သို့ ပုတ်စော်နံဟောင်လှ၏။

ရေပုပ်ထဲတွင်လည်း လူတွေ ဘောလောမျောနေသည်။

သူတို့၏ပါးစပ်ထဲသို့ မစင်တုံးတွေ မစင်ပုပ်ရေတွေ ဝင်ကုန် သော်လည်း မစား၍ မသောက်၍မရ။





www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ ... လူကို အပုပ်တွေ အသိုးတွေ ချက်ကြွေးချက်ရောင်တဲ့ ထမင်းဆိုင်ကလူတွေများလား ..."

နှာခေါင်းပိတ်ထားရသည်။

အလွန်ပုပ်ဟောင်စော်နံလှသဖြင့် ပျို့အန်ချင်လာသည် မဟုတ်လား။

နေရာတစ်ခုမှာတော့ မီးလျှံတွေ တငြီးငြီး တောက်လောင်နေသည်။

ငရဲခံရသော ငရဲသားတို့က မြေကြီးထဲမှာ ခန္ဓာကိုယ်တစ်ဝက်နစ်မြုပ်နေပြီး ခန္ဓာကိုယ် တစ်ပိုင်းက မြေပြင်မှာ ပေါ်နေ၏။

မီးလျှံတွေ တောက်လောင်နေသည့် သံဒလိန်းတုံးကြီးက ငရဲသားတို့ခေါင်းပေါ်မှ ဖြတ်သွားသောအခါ ငရဲသားတို့၏ ခန္ဓာကိုယ်သည် အပိုင်းပိုင်း အစိတ်စိတ်ပြတ်ကုန်သည်။ ခန္ဓာကိုယ်သည် မီးနှင့်ကျွတ်ကာ ငါးခြောက်ဖုတ်ကဲ့သို့ မည်းတူးကာ ပြာကျသွား၏။

ကြည့်ပင်မကြည့်ရဲ။

မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး လက်ဝါးကြားထဲက မရဲတရဲကြည့်မိခြင်းဖြစ်သည်။

အချွန်အတက်တွေနှင့် အဆောက်အဦကြီးတစ်ခုအတွင်း





ခေါ်သွား၏။

အဆောက်အဦ၏ တံခါးချပ်သည် ဖွင့်မည့်သူမရှိဘဲ ပွင့်သွားလေ၏။

ပြောင်ပြောင်လက်လက် အရောင်တွေ ထွက်နေသော အဝတ်အစားများဝတ်ထားသည့် လူတွေကို တွေ့ရ၏။

အဆောက်အဦထဲ ဝင်သွားလျှင် စောစောကလို ပူလောင်မနေဘဲ အေးစိမ့်နေသည်။

အတွင်းရှိ အခန်းကျယ်ကြီးမှာ တံခါးချပ်တစ်ခု ရုတ်တရက်ပွင့်သွားပြီး စင်မြင့်တစ်ခုပေါ်မှာ ခုံမြင့်ကြီးတစ်ခုနှင့် ထိုင်နေသော အလွန်ခန့်ညားထယ်ဝါသော အသွင်အပြင်နှင့် လူကြီးတစ်ဦး ထိုင်နေ၏။

ဘေးမှာလည်း လူတချို့ရှိနေ၏။

"မင်းတို့ လူမှားခေါ်လာပြီကွ ... သူက ငရဲပြည်ရောက်မဲ့သူ မဟုတ်ဘူး ... စိတ်ကောင်းရှိတယ် ... အလောင်းအစားလည်း မလုပ်ဘူး ... ကံငါးပါးလည်းလုံတယ် ... တရားအားထုတ်တော့ မိန်းကလေးပဲ ..."

ငရဲမင်းကြီးဆိုတာ ဒီလူကြီးလား။



www.burmeseclassic.com

www.burmeseclassic.com



နှင်းကေသရီမေတ္တာပို့တိုင်းငရဲမင်းကြီးကိုမေတ္တာပို့လေ့ရှိပါသည်။

"ကုသိုလ်များများလုပ် … ဒါဆို ဒီကိုမရောက်တော့ဘူး … ဒါပေမဲ့ မင်းရဲ့အစ်မကတော့ မိဘပစ္စည်းတွေခိုး၊ လောင်းကစားလည်းလုပ်၊ အပျော်အပါးတွေ အရမ်းများနေတယ် … သူ့ကို နှစ်မကုန်ခင် ငါတို့ခေါ်ရမယ် … အဲဒါ ကောင်းမှုကုသိုလ်များများလုပ်ဖို့ သူ့ကို သတိပေးလိုက် … "

လူနီကြီးတွေနောက် ပြန်လိုက်လာရသည်။

ဝမ်းသာလိုက်သည်ဖြစ်ခြင်း။

ငရဲပြည်သို့ မိမိမရောက်ဘူးပေါ့။ ငရဲမင်းကြီးအား ကျေးဇူးတင်လိုက်တာ။

အမြန်ဆုံးအိမ်ပြန်လောက်ချင်သည့်စိတ်နှင့် ပေါ့ပါးစွာ လမ်းလျှောက်အလာမှာ …

"ကျွန်မကို ဘယ်ခေါ်လာတာလဲ … မလိုက်ချင်ဘူး … မလိုက်ချင်ဘူး … "

ကြောက်စရာကောင်းသော မျက်နှာနှင့် လူကြီးနှစ်ယောက်ကြားမှာ ရုန်းကန်၍ပါလာသူကတော့ မအိ။

ဘယ်လိုဖြစ်တာပါလိမ့်။





မအိက နှင်းကေသရီအားတွေ့တော့ …

"ငါ့အိမ်ကလူတွေကို ပြောလိုက် … ငါ့အကြွေးတွေ ပြန်ဆပ်ပေးလိုက် … ကုမ္ပဏီက ငါယူထားတဲ့ငွေတွေ ငါ့ဗီရိုထဲမှာရှိတယ် … အကုန်လှူပစ်လိုက် … ငါ့အတွက် ကောင်းမှုကုသိုလ်တွေလုပ်ပေးပါ"

မအိ အော်ပြောရင်းက လူနီကြီးနှစ်ယောက်ကြားမှာ ပါသွား၏။

ဖြစ်မှဖြစ်ရလေ။ သနားလိုက်တာ မအိရယ်။

နှင်းကေသရီအား စက်မပါသော၊ မောင်းသည့်လူမရှိသော၊ ဘီးမရှိသော လှည်းပေါ်တင်ပေးကြပြီး သွားတော့ဟု ပြောလိုက်၏။

နှင်းကေသရီစီးသော ယာဉ်သည် ပေါ့ပါးစွာ ပြေးထွက်လာပြီး ဘစ်နေ့ရာအရောက်တွင် နှင်းကေသရီ၏ခန္ဓာကိုယ်သည် လေထဲမြောက်တက်သွား၏။

✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၅။ သေရွာမှပြန်လာသူ

"ဟင် ... ဘယ်ရောက်နေတာပါလိမ့် ... "

နှင်းကေသရီ၏ မျက်လုံးများ ပွင့်လာသည်။

ရေပြည်လား မဟုတ်။

ဝီ ... ဝီ ... ဝီ ... နှင့် တစ်ခုခုလည်နေသောအသံ ကြားရ၏။

ဟင် ... ပန်ကာပါလား။

နံရံမှာကပ်ထားသော ပန်ကာလည်နေတာကို အရင်တွေ့သည်။

ပန်ကာမှတစ်ဆင့် သူမ၏အကြည့်သည် ရွေ့လာ၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟော ... သူ မျက်လုံးပွင့်လာပြီ ... "

"ရေ ... ရေပေးပါ ... ရေသောက်ချင်လိုက်တာ ... "

တိုးတိုးလေးပြောမိသည်။

"ရေ ... သောက်ချင်တယ်တဲ့ ... "

"ဟော ... သတိရလာပြီ ... ဆရာဝန်ကိုပြေးပြောမှ"

အသံတွေကြားနေရသည်။

ဆရာဝန်ရောက်လာသည်ထင်ပါရဲ့။

မိမိမျက်နှာကို အပေါ်မှ ငုံ့၍ကြည့်နေ၏။

"သတိရလာပြီ ... ခေါ်ကြည့်ပါဦး ... "

"မိနှင်း ... "

"နှင်းကေသရီ ... "

"နှင်းကေသရီ ... ရေ ... "

"ရှင် ... "

"ဒီမှာကြည့်စမ်း ... မေမေ့ကို ကြည့်စမ်း ... "

"မေမေ ... "

"နှင်းကေသရီ ... ဒေါ်လေးကိုရောသိလား ... "

"အင်း ... ရေပေးပါ ... ရေသောက်ချင်တယ် ... "





နှင်းကေသရီ၏ပါးစပ်ထဲသို့ ဇွန်းသေးသေးလေးနှင့် ရေအနည်းငယ်စီ လောင်းထည့်ပေး၏။

ငါ ဘာဖြစ်တာပါလိမ့်လို့ နှင်းကေသရီ စဉ်းစား၏။

ချက်ချင်းပင် သတိရသည်။

"မမ ... မမရော ... "

"ဆောင်းဟေမာန်လား ... ရှိတယ် ... "

"မအိရော ... မအိ ... "

ဒေါ်ကြည်ပြာ မျက်စိမျက်နှာပျက်သွားသည်။

"ညီမလေး ... ဘာတွေလျှောက်မေးနေတာလဲ ... အားလုံးရှိတယ် ... ဘုရားကျေးဇူးပဲ ... ငါ့ညီမလေး ဘာမှမဖြစ်ဘူး ... အားရှိအောင် နားလိုက်ဦး ... ဗိုက်ဆာလား ... ဘာကျွေးရမလဲလို့ ဆရာဝန်ကြီးကို မေးလိုက်ဦးမယ် သိလား ... "

မိုးဝသန်က ပြောလိုက်ရင်းမှ နှင်းကေသရီနဖူးပေါ် ကျနေသော ဆံစများသပ်တင်ပေးလိုက်၏။

"သမီးတို့ကား တစ်ခုခုဖြစ်တာ မဟုတ်လား ... "

နှင်းကေသရီ ကောင်းစွာသတိရလာပြီ။

အလုပ်ကိစ္စနှင့် ခရီးထွက်လာခဲ့တာ မှတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမကြီး ... မမငယ်ရော ... "

"ရှိပါတယ် ... ဟိုဘက်ခုတင်မှာပါ ... အိပ်ပျော်နေတယ် ... သူက ညီမလို သတိမမေ့ဘူး ... ဒါပေမဲ့ ဒဏ်ရာတွေများတယ် ... ဒဏ်ရာများပေမဲ့လည်း မစိုးရိမ်ရဘူး ... "

"မအိတော့ မရှိဘူး မဟုတ်လား ... "

"ဟင် ... "

မိုးဝသန် အံ့ဩထိတ်လန့်သွား၏။

မှန်တယ်လေ။

မအိတစ်ယောက် ကားအကဲစီးဒင့်ဖြစ်သောနေရာတွင်ပင် ဆုံးရှာပြီ မဟုတ်လား။

"သမီးသိပါတယ် ... သူ မရှိတော့ဘူး ... မမငယ် ... စကားပြောလို့ရပြီလား ... "

"ရတယ် ... အခု ဆေးအရှိန်နဲ့ အိပ်ပျော်နေတယ် ... သူက လက်ကျိုးသွားတယ် ... ခုတော့ ပြန်ဆက်ပြီးပါပြီ ... မျက်နှာလည်း ဒဏ်ရာနဲ့ ဖူးယောင်နေတာပဲ ... သူလည်း နှင်းကေသရီကို မေးတယ် နှင်းကေသရီ သတိမရသေးတာကို စိုးရိမ်နေတာ ... "

"သမီး ... သမီးရော ... ဘယ်မှာဒဏ်ရာရလဲ ... "





"ခေါင်းမှာ ... သတိမေ့နေတာပဲဆိုးတာ ... တခြားဘာမှ မထိခိုက်ဘူး ... တော်တော်ကံကောင်းတာ ... သတိရလာရင် စိတ်ချရပြီ၊ သမီးလေး သတိမရမချင်း မေမေက အနားမှာထိုင်ပြီး ဘုရားစာတွေ ရွတ်ပေးနေတာ ... မမကြီးနဲ့ ဒေါ်လေးကြည်ပြာရောပါ ... "

"တခြားလူတွေရော ဘာဖြစ်လဲ ... "

ဒေါ်စိုးယဉ်က နံရိုးကျိုးတယ် ... အဲဒါလည်းကောင်းသွားမှာ၊ မကေသီလည်း နည်းနည်းပဲထိတာ၊ သန္တာဆွေးလည်း သတိမေ့တယ်၊ ခု ကောင်းနေပြီ ... ကားမောင်းတဲ့လူ ဒဏ်ရာများတယ် ... ခေါင်းရှုပ်စရာတွေ လျှောက်တွေးမနေနဲ့ ... ကိုယ့်ကျန်းမာရေး ဂရုစိုက်ဦး"

"သမီးထလို့ရလား ... "

"ရတာပေါ့ ... ဘာမှမဖြစ်ဘူး ... ခေါင်းကိုက်လား ... "

"အင်း ... ခေါင်းက ပတ်တီးစည်းထားတာကိုး ... "

ဆေးရုံပေါ်မှာ နှစ်ပတ်နေပြီး နှင်းကေသရီတို့ ညီမနှစ်ယောက်စလုံး ဆေးရုံမှ ဆင်းလာကြ၏။

ကျန်တာ ပြင်ပလူနာအဖြစ်နှင့် ဆက်ကုမည်ဖြစ်သည်။

"မသေကောင်းမပျောက်ကောင်းပဲ ... ဒီခရီးမှာ ကံဆိုးတာက မအိပဲ ... သမီးက ကားပေါ်မှာ ဘုရားစာတွေရွတ်နေတာဆို ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မေမေ ... ဘုရားရဲ့ဂုဏ်မဟုတ်ရင် ငရဲမင်းကြီးက ခေါ်တော့မလို့ ... ခုတော့ ပြန်လွှတ်လိုက်တာ ... ငရဲမင်းကြီးကို သမီး နေ့တိုင်း မေတ္တာပို့နေတာ ..."

နှင်းကေသရီ နေကောင်းလာသည့်အခါ ငရဲပြည်ရောက်သွားပုံကို မေမေတို့အား ပြောပြနေမိသည်။

မေမေနှင့် ဒေါ်လေးကြည်ပြာတို့က မျက်လုံးအဝိုင်းသားနှင့် တအံ့တသြ နားထောင်နေကြသည်။

မိုးဝသန်က လုံးဝမယုံ။

နှင်းကေသရီ၏ ကျောဘက်မှာရပ်ပြီး သူ့ခေါင်းကို လက်ညှိုးနှင့် ထိုး၏။ လက်ခါပြ၏။

နှင်းကေသရီခေါင်းမကောင်းတော့ဘူး၊ ဂေါက်နေပြီလို့ ပြော ခြင်းပင်။

ငရဲပြည်သို့ ရောက်ဖူးခဲ့တာ ဘယ်သူပြောပြော မယုံကြပေ။ ဒီကတော့ တကယ်ရောက်ခဲ့၊ ကြုံခဲ့၊ မြင်ခဲ့ရတာပင်ဖြစ်သည်။

✦





## ၁၆။ အပေကိုခေါင်းခေါက်သူ

မအိဆုံးပြီး တစ်လပြည့် ဆွမ်းသွပ်သည့်နေ့မှာ မအိအိမ်သို့ ကုမ္ပဏီမှလူများနှင့်အတူ နှင်းကေသရီ ရောက်ခဲ့သည်။

ကုမ္ပဏီမှ မအိအတွက် ထောက်ပံ့ငွေနှစ်သိန်းကို မအိ၏မိဘများအား သွားပေးခြင်းဖြစ်သည်။

အိမ်ညှော်ခန်း၏ ထောင့်တစ်နေရာတွင် ပိုက်ဘုတ်တစ်ခုထောင်ထားသည်။

အမှတ်မထင်မြင်တွေ့ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပို့က်ဘုတ်တွင် 'မအိအမေကို ခေါင်းခေါက်သည်' ဟု ရေးထားလေသည်။

မအိအမေက နှင်းကေသရီတို့ကိုတွေ့လျှင် ရှိုက်ကြီးတငင်ငိုနေလေ၏။

"သြော် ... သမီး ... သမီး ... ကံဆိုးတဲ့သမီး ... အရမ်းပျော်ပျော်နေတတ်တဲ့သမီး ... အပျိုးကြီးလုပ်မယ်တဲ့ ... အမေကိုရှာကျွေးမယ်တဲ့ ... အမေချက်တာပြုတ်တာလုပ်ကိုင်တာတွေ့ရင် အရမ်းစိတ်တိုတယ် ... "

နှင်းကေသရီနှင့် သန္တာထွေးတို့ ပို့က်ဘုတ်ဆီကို ကြည့်နေတာတွေ့သဖြင့် မအိ၏အမေက လှည့်ကြည့်သည်။

"အဲဒါလေ ... သူ ခရီးမထွက်ခင်လခထုတ်ရက်ကပေါ့ ... လခတော့ အကုန်အပ်ပါတယ် ... ဒါပေမဲ့ အိမ်ဖော်မိန်းကလေး မရှိတော့အမေကိုယ်တိုင် ဝင်လုပ်နေတာ မအိက မကြိုက်ဘူး ... အိမ်မှာကအလုပ်သွားနေတဲ့လူချည်းပဲဆိုတော့ အမေပဲ လုပ်ရတာပေါ့ ... အဲဒီစကားများရင်းနဲ့ သူက အမေကို ခေါင်းခေါက်တယ်လေ ... သူ့ကိုစိတ်နာနာနဲ့ အဲဒီမှာ ရေးထားတာ ... ခုတော့ မအိမရှိတော့ပါဘူး ... အမေ့ကိုလည်း ခေါင်းမခေါက်နိုင်တော့ပါဘူး ... သမီးရေ ... အမေ့ကို





လာပြီး ခေါင်းခေါက်ပါဦးတော့ ... ဟီး ... ဟီး ... ဟီး ... "

အမေ မျက်ရည်မဆည်နိုင်ဖြစ်နေတာကြည့်ပြီး နှင်းကေသရီတို့ပါ ရောချုံငိုမိကြသည်။

မအိက တနင်္ဂနွေသမီးပီပီ စိတ်တိုတတ်သည်။ စိတ်လည်းကြီးသည်။

ရုံးမှာလည်း ဒီလိုပါပဲ။ သူ စိတ်တိုင်းမကျလျှင် သူ့ထက်ကြီးတဲ့လူကိုပဲဖြစ်ဖြစ် ပြန်အော်တတ်သည်။ ငေါက်တတ်သည်။

စိတ်မထင်လျှင် စားပွဲပေါ်က ပစ္စည်းတွေ သို့မဟုတ် လက်ထဲရှိတာနှင့်လည်း ကောက်ပေါက်တတ်၏။

"သူ့ဘဝမှာ အတိုက်အခံတွေလည်းများတယ် ... သူ့အလုပ်လုပ်တာ ရုံးတွေ ကုမ္ပဏီတွေ ပြောင်းလာတာ ဘယ်လောက်များပြီလဲ၊ သမီးတို့ကုမ္ပဏီမှာ အကြာဆုံးပဲ ... မကောင်းတဲ့စကား အမေတန်ပြောတာ ... သေစကားပြောလွန်းလို့ နိမိတ်မကောင်းဘူးလို့ပြောတာမရဘူး ... သူသေရင် အမေမငိုနဲ့တဲ့ ... ခုတော့ တကယ်သေသွားရှာပြီကွယ် ... သူ့စိတ်က သိပ်ပြတ်တယ် ... သေပြီးတော့ ဘာသံမှမကြားရဘူး ... ဘာအရိပ်အငွေ့မှ မပြဘူး ... "

ကြေကွဲစွာပြောနေသော မအိအမေအားကြည့်ရင်း နှင်းကေသရီ



www.burmeseclassic.com

www.burmeseclassic.com



သနားလိုက်တာမှ ငရဲပြည်မှာတွေ့ခဲ့တယ်လို့ ပြောလိုက်ရင် အမေကြီး ဘယ်လိုနေရှာမလဲ။

“သူ့အတွက် ဘုန်းကြီးသင်္ကန်း၊ ထီး၊ ဖိနပ်အစုံ လှူပေးတယ်၊ သူမသေခင်ကပဲ သူ့မွေးနေ့အတွက် သံဃာ့ဆေးရုံမှာ ဆေးတွေလှူခဲ့သေးတယ် ...”

ဒီကောင်းမှုကုသိုလ်တွေ၏အကျိုးကို ခံစားရပါစေလို့ နှင်းကေသရီ ဆန္ဒပြုမိပါသည်။

✦





## ၁၇။ ရှုးချင်ပြီ နှင်းကေသရီ

“လူတွေဟာ သေပြီးရင် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ စတဲ့ အဲဒီအပါယ်လေးဘုံ၊ ဒါမှမဟုတ် နတ်ပြည်ဗြဟ္မာပြည် ရောက်ကြတယ် ...”

“သေပြီးတဲ့လူတွေအတွက် ကောင်းမှုကုသိုလ်ပြု အမျှဝေတဲ့အခါ ငရဲ၊ တိရစ္ဆာန်ဘုံရောက်နေရင် သာဓုခေါ်လို့မရဘူး ... အဲဒီကုသိုလ် သူတို့ မခံစားထိုက်ဘူးပေါ့ ... သေခါနီးမှာ တစ်ခုခုကို စွဲလမ်းနေခဲ့ရင် ပြိတ္တာဘုံရောက်တယ် ... ပြိတ္တာဘဝမှာတော့ သူ့အတွက် ကောင်းမှု



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ပြုပေးတာကို ခံစားရရှိပြီး သာဓုခေါ်ပြီး သူ့ကောင်းမှု ကုသိုလ်တွေအလိုက် ဘဝကူးကြတယ် ... ”

ဒေါ်ကြည်ပြာသည် သူမလေ့လာသိရှိသလောက် နှင်းကေသရီကို ပြန်ပြောပြနေခြင်းဖြစ်၏။

“ဒါဆို ဒေါ်လေးရယ် ... လူဆိုတာ အမြဲတမ်း ကောင်းနေချင်မှ ကောင်းနေမယ် ... မကောင်းတာ တစ်ခုခုတော့ လုပ်မိမှာပဲ ... တစ်ခါတလေ ခိုးမိမယ် ... တစ်ခါတလေလည်း ဆဲမိမယ် ... တစ်ခါတလေလည်း ခြင်တွေဘာတွေ သတ်မိမယ် ... ဒါဆို ငရဲကြီးမှာပဲလား”

“အင်း ... မသိလို့လုပ်မိမယ် ... မတော်တဆမှားမိမယ်ဆိုတာရှိမှာပေါ့ ... ဒါပေမဲ့ ကောင်းမှုကုသိုလ်ကံတွေ များများလုပ် ... များများလှူ ... အများကောင်းကျိုးအတွက် လုပ်ဆောင်ပေးမယ်ဆိုရင် အဲဒီကုသိုလ်ကံ အထောက်အပံ့ကြောင့် ငရဲကလွတ်မယ်ပေါ့ ... တို့များရဲ့ ဗုဒ္ဓဝင်ဇာတ်မှာဆိုရင် ... အဇာတသတ်ဟာ အဖေကိုသတ်တဲ့ အကုသိုလ်ကံကြောင့် အဝီစိငရဲကျရမည်ဖြစ်သော်လည်း ဘုရားသခင်၌ သက်ဝင်ယုံကြည်တဲ့ သဒ္ဓါတရားကြီးမားသောကြောင့် အဝီစိကုသိုလ် ပြတ်သွားရတယ်လို့ ဆိုတယ် ... အင်္ဂုလိမာလဟာ လူပေါင်းစုံကို သတ်ခဲ့ပေမဲ့ လူသတ်ချင်လို့ သတ်ရတာ မဟုတ်ဘူးနော် ... အဲဒီ အကုသိုလ်





ကံရှိပေမဲ့ ... ရဟန္တာဖြစ်သော ကုသိုလ်ကံက ဖြတ်တောက်လိုက်လို့ အကုသိုလ်ကံ ပယ်ပျောက်ရတယ်လေ ... ”

“တော်ပါသေးရဲ့နော် ... ကိုယ်မကောင်းတာလုပ်မိရင် အချိန်မီပြုပြင်ကောင်းတာတွေ များများလုပ်ရမှာပေါ့နော် ... သမီးတော့ ငရဲကျမှာ သိပ်ကြောက်တာ ... ”

“သမီးက နေ့တိုင်း ဘုရားရှိခိုး၊ တရားထိုင်နေတာ၊ ငရဲမကျနိုင်ပါဘူးကွယ် ... ”

“ဟုတ်တယ် ... သမီးကို ငရဲမင်းကြီးက အဲဒီလိုပဲ ပြောလိုက်တာ ... သမီးကနေ့တိုင်း ဘုရားရှိခိုးတယ် ... ငါးပါးသီလခံတယ် ... ဘုရားသောက်တော်ရေနဲ့ အလင်းတိုင်၊ အမွှေးတိုင် အမြဲလှူတယ် ... သီလရယ်၊ ဒါနရယ်၊ ပြီးတော့ ဘာဝနာကုသိုလ်ယူတယ် ... ဂုဏ်တော်ကိုးပါးပုတီးစိပ်ပြီးရင် မေတ္တာပို့တယ်၊ တရားထိုင်တယ်၊ အမျှဝေတယ်”

“ဒါကြောင့် ကားတိုက်တာတောင် မသေဘဲ ပြန်ရှင်ရတာပေါ့၊ ငရဲမင်းကြီးနဲ့တောင် တွေ့လိုက်သေးတယ် မဟုတ်လား ... ”

“အင်း ... ဘုန်းကြီးရှူးနဲ့ လှေလူးတော့ တွေ့နေပြီ ... ဒေါ်လေးကြည်ပြာကလည်း မိနှင်းကို မြှောက်ပင့်ပေးနေပြန်ပြီ ... ”

မိုးဝသန်က စာဖတ်နေရာက လှမ်းပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မြှောက်ပင့်ပေးနေတာ မဟုတ်ဘူး မိုးကြီးရဲ့ ... မိနှင်းက တကယ်ပါရမီရှိတာ ... သူက သူများထက် ပိုပြီး အာရုံရတတ်တယ်၊ တစ်ခါတလေ သူပြောတာ မှန်လွန်းလို့ အကြားအမြင်ရနေသလား မှတ်ရတယ် ..."

"ဟွန်း ... လုပ်ပြန်ပြီ ..."

မိုးဝဿန်က အတိုင်အဖောက်ညီနေသော တူဝရီးနှစ်ယောက်ကိုကြည့်၍ ခေါင်းငုံ့ခေါင်းခါပြသည်။

"မိုးကြီးက မယုံဘူးလား ... နှင်းကေသရီက မဟုတ်မမှန်တာ မပြောဘူး ... သူပြောတာအမှန်တွေချည်းပဲ ... သူ တစ်ခုခုကြိုပြောရင် ဖြစ်ကိုဖြစ်တယ် ..."

"တော်ပါ ..."

မိုးဝဿန် စိတ်မဝင်စားသလို အမူအရာနှင့်နေရာမှထသွား၏။

မဟာသိပ္ပံဘွဲ့ယူဖို့အတွက် စာအုပ်စာတမ်းတွေနှင့် အလုပ်ရှုပ်နေတတ်သူမို့ မိုးဝဿန်မှာ ညီမတွေနှင့် စကားပင်ကြာကြာမပြောအား။

"ဆောင်းဟေမာန်လည်း ခုတလော တော်တော်အလုပ်ရှုပ်တယ် ... သူ ဘာတွေလုပ်နေလဲ ..."





ဒေါ်ကြည်ပြာက မေးသည်။

"ကုမ္ပဏီကအလုပ်က နည်းနည်းပါ ... သူ့ဘာသာ အလုပ်ရှုပ်နေတာ ကြည့်လိုက်ရင်လည်း အမြဲတမ်း ဂဏန်းတွက်နေတာ"

"ဘာလဲ နှစ်လုံးလား"

"ဟုတ်မှာပေါ့ ..."

"ဒီကောင်မလေး ... ခုထိ နောင်တမရသေးဘူး ... ငါတော့ ရွှေတွေလည်းကုန်ပြီ ... နောက်ထပ်ကစားဖို့လည်းမရှိဘူး ... အဲဒါကို စိတ်လည်းမဝင်စားတော့ဘူး ... ခုတော့ အားတဲ့အချိန် ရိပ်သာသွား တရားအားထုတ်နေရတာ ... သိပ်ကိုကျေနပ်တယ် ... နင့်အစ်မ နင်ကြည့်ပြောဦး"

"ပြောနေတာပဲ ... မမငယ်အကြောင်းလည်း သိသားနဲ့ တဇွတ်ထိုးကြီး ... ပြီးတော့ သူ့လောက်ကြီးသွားချင်တာလည်း မရှိဘူး၊ ရိုးရိုးသားသားနဲ့ကြီးပွားအောင်လုပ်ဖို့ စိတ်မကူးဘူး၊ ဖြတ်လမ်းကလိုက်ချင်တယ်၊ မမငယ်တစ်နေ့တော့ ဒုက္ခရောက်မယ်"

နှင်းကေသရီ ညည်းညူသလိုပြောနေစဉ်ပင် ဆောင်းဟေမာန် အပြင်ကပြန်လာ၏။

"ထမင်းစားကြတော့မလား ထမင်းပြင်လိုက်မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြည်ပြာက ပြောရင်း အိမ်ဖော်မလေးလှလှဝင်းနှင့်အတူ ထမင်းပြင်သည်။

အိမ်မှာ မနက်ပိုင်းတွင် အလုပ်ကိုယ်စီသွားနေကြသဖြင့် ထမင်းအတူတူမစားဖြစ်ကြ။

ညနေပိုင်းကျမှ အလုပ်မှပြန်လာသူ ကျောင်းမှပြန်လာသူတွေ အားလုံးစုံကာ ညနေခြောက်နာရီလောက်ဆို ညစာ စားသောက်ကြ၏။

"ဒီနေ့ ဘာဟင်းချက်လဲ"

"ဝက်သား"

နှင်းကေသရီက သက်သတ်လွတ်စားနေသဖြင့် မှျစ်နဲ့ပဲပြုတ်ကြော်ထားပေး၏။

ဝက်သားကို ဝဲပြာရည်နှင့် အချိုချက်ထား၏။

ချဉ်ပေါင်ဟင်းက ရုံးပလီသီး၊ မျှစ်တို့နှင့်အတူ ပုစွန်ကြော့လေးများ ရောမွှေထားသဖြင့် အရသာရှိလှ၏။

ငံပြာရည်ကြော်နှင့်တို့စရာအဖြစ် သခွားသီး၊ ရေနွေးဖျောထားသော ပွေးတောက်ရွက်နှင့် ဆူးပုတ်ရွက်တို့ရှိ၏။

အလုပ်မှပြန်လာသော ဦးမျိုးအောင်နှင့်ဒေါ်မြစိမ်းတို့လည်း





ရေချိုးအဝတ်အစားလဲကာ ထမင်းစားပွဲသို့ရောက်လာကြ၏။

"ဈေးက ဗယာကြော်ပူပူနွေးနွေးလေးဝယ်လာတယ်နော်၊ ငါ့သမီးလေး သက်သတ်လွတ် ပဲပြုတ်နဲ့ထမင်းစားပြီး ငါတို့ကဝက်သားတုံးကြီးကိုက်မစားရက်လို့ ... ဗယာကြော်လေးနဲ့ထမင်းစား ... စားလို့ကောင်းတယ် ... "

ဒေါ်မြစိမ်းက ဗယာကြော်များပန်းကန်နှင့်ထည့်ပေး၏။

"သက်သတ်လွတ် ခဏခဏစားလို့ အားတွေပြတ်နေမယ်နော်သမီး ... "

ဦးမျိုးအောင်က ပြောလိုက်၏။

"သက်သတ်လွတ်စားရင် ပိုတောင်ဝလာသေးတယ် ... ပဲနဲ့အာလူးအများဆုံးစားတာကိုး ... "

"ဟွန်း ... သက်သတ်လွတ်စားလို့ ဘာဖြစ်မှာမို့လဲ ... ခဏခဏသက်သတ်လွတ်စားနေတာ အမိဗွာယ်လည်းမရှိဘူး ... "

ဆောင်းပေဟမာန်က သူ့တုံးစံအတိုင်း နှာခေါင်းလေးရှုံ့ပြီး ဝေဖန်လိုက်၏။

"ဟဲ့ ... သူများကုသိုလ်လုပ်နေတာကို ညည်းမစားနိုင်ရင် မစားနဲ့ပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"သက်သတ်လွတ်စားပြီး မေတ္တာဘာဝနာအလုပ်ကိုလုပ်တာပေါ့၊ သတ္တဝါတွေကို မေတ္တာထားပြီး သူတို့အသားလည်းမစားဘူး၊ သတ္တဝါတွေအားလုံး ကျန်းမာချမ်းသာပါစေဆိုပြီး ... မေတ္တာပို့နေတာ"

"အဲဒီထဲမှာ ငရဲမင်းကြီးက ထိပ်ဆုံးကမဟုတ်လား ... သူ့ကိုယ်သူ ငရဲပြည်ရောက်ခဲ့တယ်ဆိုပြီး ငရဲမင်းကြီးက နောက်ထပ်ခေါ်မှာဆိုးလို့ အသားကုန်မေတ္တာပို့နေတာလေ ... "

"ဟုတ်ပ ... သဘာဝမကျတာ ... ယုတ္တိမတန်တာတွေ နှင်းကေသရီတော်တော်ပြောတတ်ပ ... "

မိုးဝသန်နှင့် ဆောင်းဟေမာန်တို့နှစ်ယောက်အား ဒေါ်မြစိမ်းက ဆက်မပြောနဲ့ဟု ဟန့်တားသောအကြည့်ဖြင့် ကြည့်လိုက်၏။

နှင်းကေသရီက ဣန္ဒြေမပျက်ပင် ထမင်းကိုငုံ့စားနေ၏။

"မမကြီးနဲ့မမငယ်က သမီးပြောတာကို မယုံချင်ကြဘူးမဟုတ်လား ... သမီးသိပါတယ် ... သမီးကိုယ်တိုင်တောင် မယုံချင်ဘူး ... အိပ်မက်လိုလို ဘာလိုလိုနဲ့ တကယ့်ကို သမီးငရဲပြည်ကိုရောက်သွားခဲ့ရတာပါ ... အဲဒီမှာ စောစောဦးတို့ မမအိတို့ကိုတောင် တွေ့ခဲ့သေးတာပဲ ... "





"အဲဒါ နှင် ရှုံးမှာလျှောက်မပြောနဲ့ ... ဆန်းထူးတုန်းကလည်း ခွေးဖြစ်ပြီးကားတိုက်ခံသေရမယ်လို့ပြောခဲ့တာ ... မအိအိမ်ကခွေးကားတိုက်သေတာပဲ ... ဆန်းထူးဝင်စားတဲ့ခွေးမို့ ကားတိုက်ခံရတာလို့ပြောတာပဲမဟုတ်လား ... တိုက်ဆိုင်တာကိုများ ခုလည်း မအိငရဲပြည်ရောက်နေတယ်လို့ သွားမပြောနဲ့ ... နင်ရူးနေလို့ပြောတာပဲလို့ ပြောကြလိမ့်မယ် ... "

"ဟုတ်တယ်လေ သမီးရဲ့ ... သမီးပြောတာ ဘယ်သူမှယုံမှာမဟုတ်တာ ... မအိအိမ်ကအမေက စိတ်ဆိုးမှာပေါ့ ... ဘယ်သူဖြစ်ဖြစ် သေသွားတဲ့ ကိုယ့်သားသမီးကို ပြိတ္တာဖြစ်နေပါတယ်၊ ငရဲကျနေပါတယ်ဆိုရင် စိတ်ဆိုးမှာပေါ့ ... ကောင်းမှုကုသိုလ်ကတော့ လုပ်ပေးကြမှာပါပဲ ... သိတိုင်းပြောလို့မကောင်းဘူး ... သတ္တဝါတစ်ခုကံတစ်ခုတဲ့ သူ့ကံအတိုင်းရှိပါစေ ... "

ဒေါ်မြစိမ်းကလည်း သမီးဖြစ်သူအား ချော့မော့နှစ်သိမ့်စကားဆိုလိုက်၏။

နှင်းကေသရီ အတန်ကြာငြိမ်နေ၏။

မိုးဝသန်နှင့် ဆောင်းဟေမာန်က ထမင်းကိုမြိန်မြိန်ရှက်ရှက်စားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမငယ်ကို လိမ်လိမ်မာမာနေနိုင်းဖို့ ငရဲမင်းကြီးမှာတာကို တော့ သမီးမပြောဘဲနေလို့မရဘူးမေမေ ..."

"ငါသိတယ် ... နင်မပြောနဲ့ ... ငါ့ကိုစိုးရိမ်မနေနဲ့ နင်ပြော တိုင်း ငါလိုက်လုပ်မှာမဟုတ်ဘူး ... ဒီလောက်အကြားအမြင်တွေရနေ ရင်လည်း နတ်လေချွန်တို့ လိပ်ပြာဗေဒင်တို့လို ရှေ့ဖြစ်နောက်ဖြစ်တွေ ဟောစားပါလား"

ဆောင်းဟေမာန်က အပြတ်ပြောလိုက်၏။

နှင်းကေသရီ၏မျက်လုံးများ မှိုင်းညို့သွားသည်။

ငိုချင်သောစိတ်ကို အတော်ချုပ်တည်းထားရ၏။ နှုတ်ခမ်းများ ပင် တဆတ်တုန်ရင်လာသည်။

"ကဲ ... စားရင်းသောက်ရင်း ဒီအကြောင်းတွေပြောမနေကြပါ နဲ့ ... ဆောင်းဟေမာန်ကလည်း လိမ်လိမ်မာမာနေလေ ... ခုထိ နှစ်လုံးတွေဘာတွေ ထိုးတုန်းလား ... အကျိုးမရှိတဲ့အလုပ်တွေမလုပ်နဲ့ မိဘပစ္စည်းလည်းမခိုးနဲ့၊ ကုမ္ပဏီကငွေတွေလည်းမခိုးနဲ့ ဒီလောက်မိဘ က ပြည့်ပြည့်စုံစုံထားပေးနေတာ အပိုမသုံးချင်၊ မဖြုန်းချင်နဲ့ ရိုးရိုးသား သား ကြိုးကြိုးစားစားနဲ့ ကိုယ့်အလုပ်ကို ရှိရှိသေသေလုပ်၊ ကြီးပွား ချမ်းသာလာမှာပဲ ..."





ဆောင်းဟေမာန် နှုတ်ခမ်းစူပြီး ထမင်းစားပွဲမှထသွား၏။

✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၈။ အချစ်လှပွဲ

"မေမေ ... သမီးတို့ကိုပြောစရာရှိလို့ သမီးတို့အချိန်ရတယ် မဟုတ်လား ... "

ဒေါ်မြစိမ်း၏စကားက ထူးဆန်းနေသလားလို့ နှင်းကေသရီက ထင်မိသည်။

သမီးတွေကို စကားပြောတာပဲ၊ မေမေက ဒီလိုပြောနေရသေးလားလို့။

"ပြောပါမေမေ ... ဘာပြောမလို့လဲ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မိုးကြီး စာရေးစရာ ဖတ်စရာတွေရှိလား ..."

"မရှိဘူးမေမေ ... သီးဆစ်တင်ပြီးသွားလို့အားပြီ"

"ဆောင်းရော ..."

"သမီးလည်း အားတယ်"

"နှင်းကေသရီရော ပုတီးမစိပ်နဲ့ဦး၊ ဒီနားလာနားထောင်"

"ဟုတ်ကဲ့ မေမေ"

နှင်းကေသရီက ဒေါ်မြသိမ်းအနီးသို့လာထိုင်၏။

"မေမေ့သမီးသုံးယောက်စလုံး အရွယ်ရောက်နေကြပြီ၊ မေမေတို့လည်း အသက်တွေကြီးလာပြီ၊ မေမေတို့မျက်စိမမှိတ်ခင် သမီးတွေကို သူ့အိမ်ထောင်နဲ့သူ နေသားတကျဖြစ်ချင်တယ် ..."

"ဒါများ မေမေကလည်း ယောကျ်ားပေးစားလိုက်ပေါ့"

ဆောင်းဟေမာန်က ခပ်ပေါ့ပေါ့ပြောလိုက်သည်။

"အေး ... အဲဒါပဲပေါ့ ... ဒါဆို သမီးတို့မှာ ချစ်သူရှိကြပြီလား။ ဘယ်သူဘယ်ဝါဆိုတာ ပြောကြလေ ... မေမေက သင့်တော်တာ စီမံပေးမယ် ..."

သမီးသုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။





"ကဲ ... သမီးကြီးမှာရှိပြီလား"

မိုးဝသသန်ခေါင်းခါသည်။

"အလကား ... သူ့မှာရှိပါတယ်"

ဆောင်းဟေမာန်က ဖော်ကောင်လုပ်သည်။

"ဟုတ်တယ် ... သမီးရဲ့သူငယ်ချင်း ဉာဏ်ထက်အောင်ကို မေမေသိပါတယ် ... သူနဲ့သမီးက သူငယ်ချင်းအဆင့်ထက်ကျော်လာခဲ့ပြီ ... ဒါပေမဲ့ ရည်းစားဘဝမှာ သူ့ကို သိပ်စိတ်ကုန်ခဲ့တယ် ... ဒါကြောင့် သမီးတို့လမ်းခွဲခဲ့တာ သူလုပ်ချင်တာလုပ်လွှတ်ထားတယ် ... သူ အခု နိုင်ငံခြားထွက်သွားပြီလေ ... သမီးနဲ့အဆက်အသွယ်မရှိတော့ဘူး ... ဘယ်လိုမှလည်း မပတ်သက်တော့ဘူး ..."

ဒေါ်မြစိမ်း ခေါင်းတညိတ်ညိတ်နှင့်နားထောင်သည်။

"ဟုတ်တယ် ... သမီးကြီးက ပညာလောဘကြီးတယ် ... ဘကိုထက်ထက်သန်သန်ကြိုးစားနေတာ ... ဒါဆို သမီးမှာ အခု ညီရွယ်သူမရှိဘူးပေါ့ ..."

"မေမေက သမီးတွေအတွက် ရှာထားပြီးလို့လား"

ဆောင်းဟေမာန်ကမေးသည်။

"အင်း ... ညည်းကရော ... ပြောပါဦး ... အခု ဘယ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ကြိုက်နေသလဲ ... ”

သူ့သမီးလတ်အကြောင်းသိ၍ ဒေါ်မြစိမ်းကမေးလိုက်ခြင်းဖြစ်သည်။

“သမီးမှာ ရည်းစားတွေအများကြီး၊ အဲ ငါးယောက်တော့ထားဖူးတယ် ... အခု တစ်ယောက်မှ မကြိုက်တော့ဘူး ... မစွံဘူးမေမေရယ် ... သမီးနဲ့ဝါသနာမတူဘူး ... ပြီးတော့ သမီးအားကိုးရမဲ့လူတွေမဟုတ်ဘူး ... ပိုက်ဆံချမ်းသာတယ်ဆိုပေမဲ့ သူတို့အစွမ်းအစမရှိဘူး၊ သမီးက ပိုက်ဆံအများကြီးရှာနိုင်မှ ကြိုက်တာ မေမေရဲ့ ... ”

“အေး ... ညည်းအကြောင်းသိပါတယ်၊ အကောင်းမှကြိုက်၊ အညွှန့်အဖူးမှယူချင်တယ်၊ အသုံးအဖြုန်းကြီးတယ်၊ အပျော်အပါးလည်းမက်တယ်၊ အင်း အခု မေမေတွေ့ထားတာက မေမေ့သူငယ်ချင်းဒေါ်ခင်ထားရဲ့သားလေ၊ သားတစ်ယောက် သမီးတစ်ယောက်ရှိတာနှစ်ယောက်စလုံး အမေရိကားမှာ၊ သမီးက အိမ်ထောင်ကျလို့ ကလေးတစ်ယောက်တောင်ရနေပြီ၊ သားက ဟိုမှာသွားဆရာဝန်၊ ပိုက်ဆံအရမ်းရတာ ... ”

“ဩော် ... ဟိုတလောက ဘုရားတည်တယ်ဆိုတဲ့ မေမေ့သူငယ်ချင်းလား ... ဒီကိုလာဖူးပါတယ် ... သူ့သားကချောမှာပဲ ...





ဒေါ်ခင်ထားကတော့ အရမ်းချောတာ ... ”

“အေး ... သူ့သားဓာတ်ပုံယူလာတယ် ... ဒီမှာကြည့်”

အဆင်သင့်ရှိနေသော ဓာတ်ပုံသုံးပုံအားပြလိုက်၏။

“ဟာ ... ချောလိုက်တာ ... ဓာတ်ပုံတွေ့တာနဲ့ခိုက်သွားပြီ၊ မေမေ သမီးနဲ့မိတ်ဆက်ပေးနော် ... ”

ဆောင်းဟေမာန် ဓာတ်ပုံကြည့်ပြီး ဝမ်းသာရွှင်မြူးစွာပြောလိုက်၏။

“မငယ်မခိုက်တဲ့ယောက်ျားကလည်း ခပ်ရှားရှားပဲ”

“ကြည့်စမ်း ... ဓာတ်ပုံထဲမှာတောင် မင်းသားရန်အောင်နဲ့တူနေတာ အပြင်မှာ ပိုချောမှာပေါ့နော် ... ”

မိုးဝသန်လည်း ဓာတ်ပုံကြည့်ရင်း သဘောကျသွား၏။

“သူ့နာမည်က ဘုန်းမြတ်နိုင်တဲ့၊ ဟိုမှာ အိမ်လည်းရှိတယ်၊ ကားလည်းရှိတယ်၊ ငယ်ငယ်ကတည်းက စာမှစာပဲလုပ်နေတော့ ရည်းစားလည်းမရှိဘူးပေါ့ ... အခု အသက်သုံးဆယ့်ငါးနှစ်ရှိနေပြီ၊ မိန်းမပေးစားရတော့မယ်ပေါ့ ... သူက သုံးဆယ့်ငါးနှစ်ဆိုတော့ သမီးကြီးက နှစ်ဆယ့်ငါး၊ ဆယ်နှစ်တောင်ကွာတာ၊ ကြာသပတေးချင်းလည်းဖြစ်တော့ သမီးကြီးနဲ့ပိုသင့်တော်မယ်ထင်တာပဲ ... ”



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... အဲဒီလိုတော့ မတရားမလုပ်ပါနဲ့ ... အဲဒီလူကို သမီးတို့နဲ့မိတ်ဆက်ပေးလေ ... သူကြိုက်တာရွေးပါစေပေါ့ ... မဟုတ်ဘူးလားနော် မမကြီး ..."

ဒေါ်မြသိမ်း အသံထွက်အောင်ပင်ရယ်သည်။

သူ့သမီးလတ်ဆောင်းဟေမာန်သည် နေ့ရာတကာ လောဘကြီး၍ သူများထက်ပိုရမှ၊ သာရမှ ကျေနပ်သူဖြစ်ကြောင်းသိ၏။

"ကောင်းပြီလေ ... မေမေ့သမီးငယ်လေးကရော"

"သူကတော့ သီလရှင်ဝတ်မှာ ... သူ့အတွက် ထည့်မစဉ်းစားနဲ့"

နှင်းကေသရီ ဇတ်ပုံယူကြည့်ပြီး စိတ်တော့ဝင်စားသွား၏။

ဒါပေမဲ့ ...

မမငယ် ဆောင်းဟေမာန်ပြောသလိုပင် သူ့အတွက်ထည့်မစဉ်းစားနဲ့ မမငယ်နဲ့ပြိုင်ပြီးလုပ်ရမည့်အလုပ်ဆိုလျှင် ဝေးဝေးကရှောင်သွားချင်သည်။

"သမီးအတွက် မစဉ်းစားပါနဲ့ဦးမေမေရယ် ... သမီးအသက်က နှစ်ဆယ်တောင်မပြည့်သေးဘူး"

"အေး ... ဟုတ်တယ် ... ဒီတစ်ခါ နင်မပါက်တော့ဘူး ...





အတွေးအခေါ်တွေတည့်နေပြီ ... လမ်းကြောင်းမှန်လာပြီ"

ဆောင်းဟေမာန်အား ဒေါ်မြစိမ်းက ဆက်မပြောရန် လက်တို့လိုက်၏။

နှင်းကေသရီကို အထင်သေးလှချေလား မမငယ်ရယ်။

✦



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်တွင် မေမေ့သူငယ်ချင်း ဒေါ်ထားထားနှင့် သားဖြစ်သူ ကိုဘုန်းမြတ်နိုင်တို့ ဒေါ်မြစိမ်း၏မွေးနေ့ဆွမ်းကျွေးသို့ ရောက်လာခဲ့၏။

ဘုန်းကြီးငါးပါးပင့်၍ နေ့ဆွမ်းကပ်ခဲ့ခြင်းဖြစ်သည်။

ညှိသည်အနည်းငယ်ပဲဖိတ်သည်။

ထို့ကြောင့် ဆိုင်ကမှာခြင်းမဟုတ်ဘဲ ထမင်းဟင်းကို ဒေါ်ကြည်ပြာနှင့်အတူ နှင်းဧကသရီတို့ ဝိုင်းကူချက်ပေးကြရသည်။

ကြက်သားဟင်း၊ ဝက်သားနီချက်၊ ပုစွန်ထုပ်ဆီပြန်၊ ပဲကြီးနှပ်၊ မုန်လာဥပိုးတီသုပ်၊ ဆယ့်နှစ်မျိုးဟင်းချို၊ ဘာလချောင်ကြော်တို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားမြိန်ဖွယ် ချက်ပြုတ်ထားကြ၏။

မြန်မာထမင်းဟင်းနှင့်ဝေးနေသော ကိုဘုန်းမြတ်နိုင်တို့သား အမိ ခေါင်းမဖော်နိုင်အောင်ပဲ စားကြလေသည်။

"ပဲကြီးနှပ်ကလေးက ခံတွင်းတွေ့လိုက်တာ စိမ်းရယ်၊ အသား ဟင်းတွေထက် မှန်လာဥပိုးတီသုပ်ကလေးကြိုက်တာ၊ လုပ်တတ်လိုက် တာ၊ စိမ်းက အချက်အပြုတ်အရမ်းကောင်းတာ"

"အဲဒါ မကြည်ပြာနဲ့ ကိုယ့်သမီးတွေပိုင်းချက်ကြတာ ... အထူး သဖြင့် အချက်အပြုတ်မှာ စိတ်ဝင်စားပြီးချက်တတ်တာက သမီးအငယ် ဆုံးလေးပေါ့ ..."

ဒေါ်ထားထားတို့သားအမိမျက်လုံးက ထမင်းဟင်းတွေ ဧည့် သည်စားဖို့ ပြင်ပေး၊ စားပြီးပန်းကန်တွေ သိမ်းဆည်း၊ အချိုပွဲတွေယူ လာနှင့် လှုပ်ရှားနေသော နှင်းကေသရီဆီသို့ ကြည့်နေကြသည်။

ကိုဘုန်းမြတ်နိုင်တို့သားအမိလာမယ်ဆိုတာနှင့် မိုးဝသာန်က ခါတိုင်းထက်ပိုပြီး မိတ်ကပ်တွေလိမ်းကာ ခေတ်ဆန်စွာဝတ်ဆင်ထား ၏။

မိုးဝသာန်က သိပ်ပြင်လျှင် မလိုက်ဖက်၊ ပြီးတော့ မိုးဝသာန်၏ မျက်နှာကြောက သဘာဝအတိုင်းလည်း တင်းနေသည်။





အကြောင်းမသိသူတွေက မာနကြီးသည်လို့ ပြောတတ်ကြ သည်မဟုတ်လား။

ဆောင်းပေါ်မာန်ကတော့ နဂိုကတည်းက ခေတ်ဆန်သလို ဂျင်းဘောင်းဘီ မချွတ်တမ်းဝတ်တတ်သည်။

ခုလည်း ဆွမ်းကျွေးပွဲမှာ ဂျင်းဘောင်းဘီနှင့်လေ။

နှင်းကေသရီကတော့ စကတည်းက ဘာမှမပြင်ဆင်တတ်။

ခုလည်း ခုလိုနေအတိုင်းပဲ လှုပ်ရှားရလွယ်အောင် ပေါ့ပါးအောင် ရှပ်အင်္ကျီပုံဘလောက်ပွပွလေးနှင့် အိပ္ပင့်နုတ်နုတ်ကလေးတွေပါသော ထဘီကိုဝတ်ထား၏။

ကလေးဆန်သောမျက်နှာလေးကို တည်ငြိမ်စွာထားပြီး အလုပ် နှင့်လက် အဆက်မပြတ်လုပ်နေသော နှင်းကေသရီအား ကိုဘုန်းမြတ် နိုင်၏မျက်စိကို စွဲမက်စွာကြည့်နေလေသည်။

ထမင်းစားပြီးသောအခါလည်း ခြံထဲက သစ်ပင်အောက်မှာ စားပွဲဝိုင်းတစ်လုံးနှင့် လက်ဖက်၊ ကော်ဖီ၊ လိမ္မော်သီး၊ ငှက်ပျောသီး၊ နှင်းမကင်း၊ ကျောက်ကျောစသဖြင့် အချိုတည်းစရာတွေထားကာ မိုးဝသာန်နှင့်ဆောင်းပေါ်မာန်တို့က ကိုဘုန်းမြတ်နိုင်အား ရောက်တတ် ရာရာစကားတွေပြောပြီး ဧည့်ခံနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကိုဘုန်းမြတ်နိုင်က သူတို့နှစ်ယောက်ထက် နှင်းကေသရီအား စိတ်ဝင်စားနေလေသည်။

နောက်တစ်နေ့တွင်တော့ ကိုဘုန်းမြတ်နိုင်က နှင်းကေသရီဆီ ဖုန်းဆက်လေသည်။

✦





## ၁၉။ အကြံအပန်ဆောင်းဟေမာန်

"မဲလို ... "

နှင်းကေသရီ ဆွမ်းတော်ကပ်နေသဖြင့် ဆောင်းဟေမာန်က တယ်လီဖုန်းကိုကိုင်လိုက်၏။

"နှင်းကေသရီနဲ့စကားပြောချင်လို့ပါ ... "

တယ်လီဖုန်းထဲကအသံကို ဆောင်းဟေမာန် ချက်ချင်းမှတ်မိလိုက်၏။

"ကိုဘုန်းမြတ်နိုင်လား၊ ကျွန်မ ဆောင်းဟေမာန်ပါ ... ဘာ



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်လို့လဲ ...”

“သြော် ... နှင်းကေသရီနဲ့စကားပြောချင်လို့”

“မိနှင်းက ခုချိန် အိပ်ရာကမထသေးဘူး”

ဟုပြောလိုက်ခြင်းပင်။

“မနေ့က ပင်ပန်းသွားလို့နဲ့တူတယ်”

“သူကဒီလိုပဲ ... ဒီနေ့ရုံးပိတ်ရက်ဆို ပိုပြီးအိပ်တယ် ... ဒီနေ့ ကိုဘုန်းမြတ်နိုင်အားလား”

“ဟုတ် ... ဟုတ်ကဲ့ ... အားပါတယ်”

“ဘယ်သွားဖို့ အစီအစဉ်ရှိသေးလဲ”

“မရှိပါဘူး ...”

“ဒါဆို ကျွန်မ ပဲခူးကိုသွားဖို့ကိစ္စရှိတယ် ... အဲဒါ ကိုဘုန်းမြတ်နိုင်ကို လာခေါ်မယ် ... ပဲခူးဘုရားတွေပါဖူးရင်းပေါ့”

“ကျွန် ... ကျွန်တော်”

“အားတယ်ဆို ကြုံတုန်းပို့ပေးရတာလေ ... ပဲခူးမှာ သာသနာပြုနေတဲ့ မြွေကြီးလည်းကြည့်ရအောင်”

“ခင်ဗျာ ...”

“ကိုဘုန်းမြတ်နိုင် မြန်မာပြည်ရောက်တုန်း ဘုရားတွေ အစုံဖူးရ





တာပေါ့၊ နောက်တစ်နာရီလောက်ဆို ကျွန်မလာခဲ့မယ်၊ အဆင်သင့် လုပ်ထား ...”

ထို့နောက် ဆောင်းဟေမာန်သည် ရေအမြန်ချိုး အလှပြင် အဝတ်အစားလဲပြီး ကုမ္ပဏီမှပေးထားသောကားကိုယူ၍ ကိုဘုန်းမြတ်နိုင်ဆီ ထွက်ခဲ့၏။

တကယ်တော့ ဆောင်းဟေမာန်မှာ ပဲခူးသွားစရာအကြောင်း မရှိပါ။

ကိုဘုန်းမြတ်နိုင်နှင့် အမြန်နီးစပ်ရန်အတွက် အကြံအဖန်လုပ် လိုက်ခြင်းဖြစ်၏။

ညီမတွေထဲမှာ ဆောင်းဟေမာန်က သည်လိုပင် ခြေသွက် လက်သွက် ခြေမြန်လက်မြန်ရှိတတ်၏။

ကုမ္ပဏီမှကားမှာလည်း သူသုံးရန်ပေးထားခြင်းမဟုတ်။

အလုပ်အကြောင်းပြပြီး ဆောင်းဟေမာန်က တောင်းလိုက် ခြင်းဖြစ်သည်။

ဆောင်းဟေမာန်ကိုယ်တိုင်ကားမောင်း၍ ကိုဘုန်းမြတ်နိုင် အား သွားခေါ်ခြင်းပင်။

ဘုရားတွေဖူးပြီး ရွှေအုန်းပင်မှာ နံနက်စာစားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ ... ကျွန်မနဲ့သွားရတာပျော်လား"

"အင်း ... ကျွန်တော်က မေမေ့ပါခေါ်လာမလို့၊ မေမေက နေသိပ်မကောင်းတာနဲ့ ကျွန်တော် အေးအေးဆေးဆေးလာခဲ့ဦးမယ် ... ဒါနဲ့ ဆောင်းဟေမာန်နဲ့နှင်းကေသရီက ကုမ္ပဏီတစ်ခုတည်းမှာလုပ်တာနော် ... နှင်းကေသရီက အလုပ်မဆင်းရဘူးလား"

"အလကား ... သူက အပျင်းကြီးပါ ... ပြီးတော့ နည်းနည်းလည်း ဂေါက်နေတယ် ... သူ့ကြည့်ပါလား ... နေ့လည်းဘုရားရှိခိုး၊ ညလည်းဘုရားရှိခိုး၊ အကြားအမြင်ရသလိုလို၊ သိုက်ကလာသလိုလိုနဲ့"

"ဗျာ ... "

ကိုဘုန်းမြင့်နိုင် အံ့သြတွေဝေသွား၏။

"ဟုတ်လို့လား ... ကျွန်တော်တော့ မထင်ဘူးဗျာ"

"မမကြီးလည်း ဒီလိုပဲ ... သူကတော့ တစ်မျိုးရူးသွပ်တာလေ၊ သူ့ရည်းစားနိုင်ငံခြားထွက်သွားပြီးကတည်းကပဲ"

"ဩော် ... "

"နိုင်ငံခြားရူးရူးနေတာ ... စာတွေအရမ်းကျက်လို့ ဘရောင်ချိန်းသွားတာလည်းဖြစ်မှာပေါ့"

"ဘရိမ်းချောင်တယ်လို့ပြောတာလား"





"အင်းလေ"

ညီမနှစ်ယောက်စလုံးကို ထိခိုက်အောင်မကောင်းပြောလိုက်သော ဆောင်းဟေမာန်သည် သူ့ကို သူများအထင်သေးမှာကိုတော့ မစဉ်းစား။

ပဲခူးမှပြန်လာသောအခါလည်း အိမ်မှာ သူနှင့်ကိုဘုန်းနိုင်တို့ တွေ့ခဲ့သည့်အကြောင်း၊ ကိုဘုန်းမြတ်နိုင်က သူမအားချစ်ခွင့်တောင်းကြောင်းပြောဆိုကာ ပိပိရိရိလိမ်လေသည်။

မိုးဝသန်ဒေါသဖြင့်ပေါက်ကွဲလေသည်။

"အဲဒါ လုံးဝမဖြစ်နိုင်ဘူး၊ နင့်ကို မနေ့ကပဲတွေ့တယ် ဒီနေ့ ချစ်ရေးဆိုတယ်တဲ့၊ အင်း ဟိုက လူကဲခတ်ဒီလောက်မညံ့ပါဘူး၊ နင် သိပ်လည်မှန်းလည်းသိမှာ"

"အမယ် ... မမကြီးနော် ... သူနဲ့ဒီနေ့တွေ့ကပြီး ပဲခူးတောင် ရောက်ခဲ့တယ် ... မယုံရင် ဖုန်းဆက်မေးကြည့်"

ညီမနှစ်ယောက် စကားများနေကြသည်။

ထိုစဉ်ပင် ဒေါ်မြစိမ်း အပြင်မှပြန်ရောက်လာ၏။

"မထားဖုန်းဆက်လို့ အမေသွားတွေ့လိုက်တာ ... သူက နှင်းကေသရီကို ချွေးမတော်ဖို့ရွေးလိုက်တယ် ... သူ့သားကလည်း



www.burmeseclassic.com

www.burmeseclassic.com



ငါ့သမီးအငယ်ဆုံးလေးကိုမှ သဘောကျတာတဲ့လေ”

“မဖြစ်နိုင်ဘူး ... လုံးဝမဖြစ်နိုင်ဘူး ... မေမေညာတာ”

“ဟဲ့ ... ငါက ဘာလို့ညာရမှာလဲ”

“ကိုဘုန်းမြတ်နိုင်က သမီးကိုရည်းစားစကားပြောလိုက်တယ်၊ ဒီနေ့ သူနဲ့တွေ့တော့ အတင်းပဲခူးကိုခေါ်သွားတာ၊ သမီးကိုပဲ စိတ်ဝင်စားတာ ...”

“ဘုရား ... ဘုရား ... ပဲခူးတောင်ရောက်သွားတယ် ... ဟုတ်လား ... တယ်လည်းခြေသွက်လိုက်ကြတာပါလား ... ခုခေတ်ကာလသားသမီးများ ကြောက်စရာကောင်းလိုက်တာ”

ဒေါ်မြစိမ်းရင်ဘတ်ကို လက်နှင့်ဖိရင်း ပြောလိုက်သည်။

“ဒါ ဘယ်လိုဖြစ်တာပါလိမ့် ... မထားကတော့ ငါ့ကိုသေချာပြောလိုက်တာ ... ငါကလည်း သမီးလေးငယ်သေးလို့ ယောက်ျားမပေးစားချင်သေးဘူး ... သမီးကြီးသာစုံစေချင်တယ် ... မဟုတ်သေးပါဘူးနော် ... တစ်ခုခုတော့လွဲနေပြီ ...”

ဒေါ်မြစိမ်း နားမလည်နိုင်တော့။

ဒါပေမဲ့ မိုးဝသန်နှင့်ဆောင်းဟေမာန်ကတော့ စကားအကြိုးအကျယ်များတာ၊ တစ်ယောက်နှင့်တစ်ယောက် တွေ့ကရာပစ္စည်းတွေ





နှင့်ဆွဲပေါက်သည်အထိဖြစ်လာသည်။

“ကဲ ... တော်ကြပါတော့ ... ညည်းတို့အစား ငါရှက်လိုက်တာ၊ ယောက်ျားတစ်ယောက်အတွက်နဲ့များ ဒီလိုဖြစ်ရသလား”

“မေမေ့သမီးလတ်ကို မေမေနိုင်အောင်ထိန်း ... စိတ်ဓာတ်အောက်တန်းကျတယ် ... သူကြိုက်ပြီဆိုရင် အတင်းလိုက်တာ”

“အို ... ဘာနိုင်အောင်ထိန်းရမှာလဲ၊ မမကြီးသာ မာနကြီးယောင် ဣန္ဒြေကြီးယောင်ဆောင်နေတာ ... ဟိုက မမကြီးကိုလည်း မကြိုက်ပါဘူး ...”

“ကဲ ... တော်ကြတော့ ညည်းတို့ လူချင်းခွဲနေမှဖြစ်မယ်”

“ရတယ် ... သမီး ကုမ္ပဏီကရုံးခန်းမှာသွားနေမယ်”

“ဟဲ့ ... အဲလို တခြားမှာနေဖို့ပြောတာမဟုတ်ဘူး”

“သွားနေမယ်မေမေ ... ဟိုမှာ လေးနှယ်တစ်ယောက်တည်းရှိတာ သွားမယ်”

အတန်တန်တားနေသည့်ကြားက ဆောင်းဟေမာန်ခင် ဖွတ်ပင် အိမ်ကဆင်းပြီး ကုမ္ပဏီကရုံးခန်းအပေါ်ထပ်မှာ အခန်းလွတ်တွေရှိ၍သွားနေသည်။

ဟိုကျတော့ ကိုဘုန်းမြင့်နိုင်ဆီဖုန်းဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘုန်း ... ကျွန်မ ပဲရူးသွားတာ ကိုဘုန်းကိုခေါ်သွားမှန်းသိလို့ မေမေက အိမ်ပေါ်ကနှင်ချတယ် ... မမကြီးကလည်း ဆူတယ်... အဲဒါကြောင့် ကုမ္ပဏီရုံးခန်းအပေါ်မှာ သူငယ်ချင်းလည်းရှိတယ်၊ အဲဒီမှာနေတယ် ... ကျွန်မနဲ့ ကိုဘုန်းကို မေမေတို့ တစ်မျိုးထင်သွားပြီ ရှက်လိုက်တာ၊ ဘယ်လိုလုပ်ရမလဲဟင် ... ကျွန်မကို လာတွေ့ပါဦးလား ကိုဘုန်းရယ် ... "

ကြံဖန်ညာဏ်ဆင်ပြီး ကိုဘုန်းမြတ်နိုင်အား ခေါ်လိုက်ခြင်းပင်။

ကိုဘုန်းမြတ်နိုင် ခေါင်းရှုပ်သွား၏။

စိတ်မကောင်းလည်းဖြစ်သွားသည်။

ဒါပေမဲ့ ထိုညက မိုးတွေရွာလာသဖြင့် ဆောင်းဟောမာန်ခင့်ဆီကို မသွားဖြစ်လိုက်ပါ။

✦





## ၂၀။ ဆိုးတဲ့ကံကြမ္မာ

"ဒေါက် ... ဒေါက် ... ဒေါက်"

တံခါးခေါက်သံကို နှင်းကေသရီ ပီပီသသကြားလိုက်၏။

မှန်းတိုင်းရှိသဖြင့် ညနေကတည်းက မိုးစရွာတာ တစ်ညလုံးရွာသည်။

လေကလည်း ခပ်ပြင်းပြင်းတိုက်သည်။

မိုးဝသယန်ကတော့ စောင်ကိုခေါင်းမြီးခြုံပြီးအိပ်နေသည်။

"ဒေါက် ... ဒေါက် ... ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



တံခါးခေါက်တာ ဒေါ်လေးကြည်ပြာများလားဟူသောအတွေး ဖြင့် တံခါးဖွင့်ရန် နှင်းကေသရီ အိပ်ရာကထလိုက်၏။

"ကျွီ ... အိ ... အိ"

ရုတ်တရက် အခန်းတံခါးပွင့်သွားသည်။

အရိပ်တစ်ခုအခန်းဝမှာရပ်နေသည်။

အခန်းထဲမှာ ညအိပ်မီးလုံးသေးလေးသာဖွင့်ထား၏။ အရိပ်၏ မျက်နှာကို သေချာမမြင်ရ။

ဒါပေမဲ့ မိန်းမတစ်ယောက်၏ သွင်ပြင်ဟန်ပန်များ ပေါ်နေ သည်။

"ဟင် ... မမငယ်"

လွှတ်ခနဲအော်ရင်း ခြင်ထောင်ထဲက ထွက်လိုက်သည်။

မတွေ့ရတော့ပါလား။

မီးဖွင့်လိုက်သည်။

တစ်ဘက်ခန်းမှအသံတွေ ကြားနေရသည်။

"မမကြီး ... မမကြီး ... ထစမ်းပါဦး"

မိုးဝသန်အား နှိုးလိုက်သည်။

"ဘာလဲ ... ဟ ... ဘာဖြစ်ပြန်တာလဲ"





"မမငယ်ကို အခန်းထဲဝင်လာသလိုတွေ့တယ်"

"သူ ဟိုမှာသွားအိပ်နေတယ်၊ သူမလာနိုင်ပါဘူး"

"သမီးသေချာတွေ့တာ ... ရင်တွေလေးလိုက်တာ ... မမငယ် များ တစ်ခုခုဖြစ်နေသလားပဲ ... မေမေတို့အခန်းကလည်း စကားပြော သံကြားရတယ် ... "

"ဟာ ... ဒီကောင်မလေး တောင်တွေးမြောက်တွေးနဲ့ ရှုပ် လိုက်တာဟယ်"

မိုးဝသန် အိပ်ရာထဲမှာပဲကျန်ခဲ့သည်။

"မေမေ ... မေမေ"

ဒေါ်မြစိမ်း အခန်းတံခါးဖွင့်ပေးလိုက်သည်။

"မေမေ ... မအိပ်သေးဘူးလား"

"ခုမှနိုးလာတာ ... အိပ်မက်မကောင်းဘူး ... ပြီးတော့ ငါ့အခန်း ကို တံခါးလာခေါက်သံကြားလို့ ထလာတာ"

ဒေါ်မြစိမ်း မျက်စိမျက်နှာမကောင်း၊ ငိုမလိုမျက်နှာထားဖြင့် သမီးဖြစ်သူအတွက် စိတ်မကောင်းဖြစ်နေခြင်းပင်။

"တံခါးခေါက်သံကြားတယ် ဟုတ်လား မေမေ ... "

"ဟုတ်တယ် ... တံခါးလာခေါက်နေတာ ... အိပ်မက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဟေမာန်ကိုမက်နေတာ ... သူ့ကို အရုပ်ဆိုးဆိုးဘီလူးသရဲတွေလိုလူကြီးတစ်ယောက်က အတင်းဆွဲခေါ်သွားတယ်တဲ့၊ ငါနှယ် ငါ့သမီးကို လိုက်ဆွဲပြီးငိုလိုက်ရတာ ... ငါအခုပဲ သူ့နောက်လိုက်သွားချင်တယ်... ”

“သမီးလည်း ဒီလိုပဲ ... မမငယ်ကိုသေချာတွေ့လိုက်တယ်၊ ကုမ္ပဏီကို ဖုန်းဆက်ကြည့်ဦးမှပဲ ... ဒီအချိန်ဆို ဖုန်းဆက်လို့ရပါ့မလား၊ အားလုံး အိပ်ပျော်နေကြမှာ”

“အို ... ဆက်မှာသာဆက်စမ်းပါ ... ဖုန်းလာကိုင်ရင် ခုပဲလာခေါ်မယ်ပြောလိုက် ... သူ့လက်ကိုင်ဖုန်းကိုလည်း ဆက်ကြည့်”

လက်ကိုင်ဖုန်းက ဘာသံမှမကြားရ၊ ဖုန်းပိတ်ထားသည်ထင်၏။

ကုမ္ပဏီရုံးခန်းမှာရှိသောဖုန်းအားဆက်မည်အလုပ်။

“ကလင် ... ကလင် ... ကလင်”

တယ်လီဖုန်းသံမြည်လာ၏။

စိုးထိတ်ပူပန်စွာဖြင့် တယ်လီဖုန်းကိုကိုင်လိုက်သည်။

“ဟဲလို ... ”

“မဆောင်းဟေမာန်တို့အိမ်ကလား”





“ဟုတ်ပါတယ် ... ”

“ခဏကိုင်ထားပါနော်”

ဖုန်းကို တစ်ယောက်အားလွှဲပေးလိုက်သည်။

“ဟဲလို ... ဘယ်သူလဲ”

“နှင်းကေသရီပါ ... ”

“မနှင်း ... ကျွန်တော် တင်မောင်ပါ”

“ဟုတ်ကဲ့ ဘာဖြစ်လို့လဲ ... ”

တစ်ဘက်က ဦးတင်မောင်၏အသံက တုန်ယင်နေသည်။

“မဆောင်းလေ ညက မြင့်မြင့်သွယ်နဲ့လာပြီးအိပ်တယ်မဟုတ်လား”

“ဟုတ်တယ်လေ ... အခု ဘာဖြစ်လို့လဲ မြန်မြန်ပြောပါ”

“ဟို ... သူတို့အခန်းက ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်လို့”

“ဟင် ... အဲဒါဘာဖြစ်လဲ”

“သူတို့က အခန်းတံခါးအလုံပိတ်ပြီးအိပ်နေကြတာ၊ မီးလောင်တာ သူတို့မသိဘူး၊ အခု သူတို့ကို ဆေးရုံခေါ်သွားကြပြီ”

“ဟင် ... ဘာဖြစ်သွားကြလဲ”

“မသိဘူး ... အဲဒါအကြောင်းကြားတာ ... မြန်မြန်လိုက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါ ... ဆေးရုံကြီးအရေးပေါ်ဌာနကိုခေါ်သွားတာပါ ... ”

“ဟုတ်ပြီ ... လာခဲ့မယ် ... လာခဲ့မယ်”

တယ်လီဖုန်းကိုချပြီး မေမေတို့ကိုအကျိုးအကြောင်းပြောကာ ဆေးရုံကြီးသို့လိုက်သွားကြသည်။

“ညက မိုးတွေအရမ်းရွာနေတယ် ... အဲဒီအချိန်မှာ ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်တာ သူတို့မသိကြဘူး၊ အိပ်ပျော်ပြီး အခိုးအငွေ့တွေ လှောင်ပိတ်နေတဲ့အခန်းမှာ မွန်းကြပ်ပြီး အသက်ရှူမရဘဲဖြစ်သွားကြတာ ... ”

“အစုရော ... ”

“သူတို့ဆုံးသွားကြပါပြီ”

အလောင်းကိုကြည့်ခွင့်ရသဖြင့် သွား၍ကြည့်ကြ၏။

ဆောင်းဟေမာန်၏မျက်နှာတစ်ခုလုံး ညိုမဲနေသည်။

မနေ့ညနေကပဲ ဟန်တွေမာန်တွေအပြည့်နှင့် ရန်ဖြစ်ပြီး အိမ်ပေါ်ကဆင်းသွားတဲ့ ဆောင်းဟေမာန်။

ခုတော့ သူ လူတွေအပေါ်မှာ အမြဲတမ်းအနိုင်ယူချင်၍ ပျော်နေမော်နေချင်သော ဆောင်းဟေမာန် ...

မမျှော်လင့်သောကံကြမ္မာဆိုးကို အံတုဘက်ပြိုင်ခွင့်မရတော့





ရင်နာကြေကွဲစရာကြီးပါလား။

“ငါသေဖို့ကောင်းတာ ... ငါ့သမီးကို ငါ့အိမ်ပေါ်ကဆင်းခွင့်မပေးသင့်ဘူး ... ခုတော့ အမယ်လေး ဆောင်းဟေမာန် သမီးလေးရဲ့၊ မေမေရင်ကျိုးပါပြီသမီးရဲ့ ... ”

ဒေါ်မြစိမ်း အော်ငိုရင်းမှ သတိမေ့သွားပါလေသည်။

✦



www.burmeseclassic.com

www.burmeseclassic.com



## ၂၁။ ငရဲနှင့်လွဲပါစေ

ဆောင်းဟေမာန်အတွက် နေ့တိုင်းဘုန်းကြီးဆွမ်းကျွေးကာ ကောင်းမှုကုသိုလ်တွေ အမျှဝေသည်။

ခုနစ်ရက်ပြည့်၊ တစ်လပြည့်တွေမှာလည်း ဘုန်းကြီးများအား ဆွမ်း၊ ဆေး၊ သင်္ကန်း၊ ထီး၊ ဖိနပ်များလှူဒါန်း၍ အမျှဝေသည်။

အကုသိုလ်များရှိလည်းကုန်ပါစေ၊ ဝဋ်ကြွေးရှိလည်းကြေပါစေ

ငရဲမင်းကြီး မမဆောင်းဟေမာန်အား အပြစ်မှခွင့်လွှတ်ပေးပါ။

မမဆောင်းဟေမာန်အတွက် ကောင်းရာသုဂတိသို့လားပါစေ

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လို့သာ ညတိုင်းဆုတောင်းမေတ္တာပို့ရင်း နှင်းကေသရီရင်ထဲမှာ နာကျင်ကြေကွဲနေသည်။

ငရဲလည်းကြောက်သည်။ အပါယ်လေးဘုံမှလည်း ကင်းလွတ်ပြီး နိဗ္ဗာန်သို့သာရောက်ချင်သည်။

တရားထူးတရားမြတ်ကို သိရှိနားလည်ကျင့်ကြံရန်အတွက် နှင်းကေသရီ သီလရှင်ဝတ်၍ တောထွက်ခဲ့ပါလေသည်။

ဥတ္တရာဒေဝီ

BURMESE CLASSIC

ရွှေပဒေသာစာပေ

www.burmeseclassic.com